www.burmeseclassic.com

# မြတ်သောတာပန်

## ပုံပြတရားတော်



မဟာစည်ဓမ္မကထိက

ပြွန်တန်ဆာ **အရှင်သုန္ဒရ** (ဘီ-အေ)

အမျိုးသားပထမကျော်

အစိုးရဓမ္မာစရိယ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မဟာစည် နိုင်ငံခြားသာသနာပြု ဓမ္မကထိက

ပြွန်တန်ဆာအရှင်သုန္ဒရ (ဘီ-အေ)

အမျိုးသားပထမကျော် အစိုးရဓမ္မာစရိယ

# မြတ်သောတာပန်

## ပုံပြတရားတော်

သီရိရတနာစာပေတိုက်

အမှတ် ၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## " ရှိခိုးဝန်ခံ ရွေးထုံးစံ "

ဗုဒ္ဓ, ဓမ္မ, သံဃ, ဆရာ၊
ရှိသေမြတ်နိုး ရှိခိုးပြီးခါ၊
သောတာပန်စစ် ဖြစ်ကြောင်းဆိုင်ရာ၊
မြတ်တရား - ဟောကြားပေတော့မှာ။

BURMESE CLASSIC .com

### ဗုဒ္ဓ ▪ ဘုရား

ဗုဒ္ဓဆိုတာ သစ္စာလေးပါး အမှန်တရားကို ကိုယ်တိုင်သိသူ၊ သူတစ်ပါးတို့ကိုလည်း သိစေသူလို့ အဓိပ္ပါယ်ရတယ်။

ဗုဒ္ဓကို ဘုရားလို့ မြန်မာများက ခေါ်ကြတယ်။ ဗုဒ္ဓ - ဘုရား၊ ဗုဒ္ဓ - ဘုရားလို့ ဒီလို လွယ်လွယ်ပြော၊ လွယ်လွယ်ခေါ်နေကြပေမယ့် ဘုရားတစ်ဆူတစ်ဆူဖြစ်ဖို့ကတော့ လွယ်တာမဟုတ်ပါဘူး။

ဘုရားဖြစ်ကြောင်း ပါရမီတရားကောင်းတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်ရပါတယ်။ ဒီလို အားထုတ်သူကို 'ဘုရားလောင်း' လို့ ခေါ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းကလည်း (၁) ပညာဓိက ဘုရားလောင်း၊ (၂) သဒ္ဓါဓိက ဘုရားလောင်း၊ (၃) ဝီရိယာဓိက ဘုရားလောင်းရယ်လို့ ၃-မျိုး ရှိပါတယ်။

ပညာဓိက ဘုရားလောင်းဆိုတာ ဘုရားဖြစ်ဖို့ ကျင့်ရာမှာ ပညာကို အဓိကထား ဦးစားပေးကျင့်တဲ့သူ ဖြစ်တယ်။ ဒီဘုရားလောင်းမျိုးက ကမ္ဘာပေါင်း လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ရတယ်။

သဒ္ဓါဓိက ဘုရားလောင်းဆိုတာက ဘုရားဖြစ်ဖို့ ကျင့်ရာမှာ ယုံကြည်မှုသဒ္ဓါတရားကို အဓိကထား ဦးစားပေးကျင့်သူ ဖြစ်တယ်။ ဒီဘုရားလောင်းမျိုးက ကမ္ဘာပေါင်း ရှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရပါတယ်။

ဝီရိယာဓိက ဘုရားလောင်းဆိုတာက ဘုရားဖြစ်ဖို့ကျင့်ရာမှာ ဝီရိယကို ဦးစားပေး ကျင့်သူတဲ့။ ဒီဘုရားလောင်းမျိုးက ကမ္ဘာပေါင်း ဆယ့်ခြောက်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရပါတယ်။


အခု ဦးပဥ္စင်းတို့ ကိုးကွယ်နေတဲ့ ဂေါတမရှင်တော်မြတ်ဘုရားဟာ အလောင်းတော်ဘဝနဲ့ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတိုင်တိုင် ဘဝအဆက်ဆက် ပါရမီတွေ ဖြည့်ကျင့်ခဲ့ပြီးမှ ဘုရားအဖြစ် ရရှိတော်မူတာ ဖြစ်ပါတယ်။

---

၁။ ကျွန်ုပ်တို့၏ ပညာဓိကဘုရားလောင်းသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော် ဖြည့်ကျင့်ခဲ့ပြီးသည့်နောက် 'ဂေါတမရှင်တော်မြတ်ဘုရား' ဖြစ်ပွင့်တော်မူပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



## ဓမ္မ = တရား

ဓမ္မဆိုတာ ကျင့်ဆောင်သူတို့အား အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲထဲ မကျအောင် ကယ်ဆောင်တတ်တဲ့ သဘောတရားပဲ။ သူတို့က မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ္တိအားဖြင့် ဆယ်ပါး ရှိပါတယ်။

မဂ်ဆိုတာ ကိလေသာကို ပယ်သတ်တဲ့ သဘောပဲ။ ဖိုလ်ဆိုတာက ပယ်သတ်ပြီး ကိလေသာကို ငြိမ်းစဲစေတဲ့သဘော ဖြစ်ပါတယ်။ နိဗ္ဗာန်ဆိုတာကတော့ အဲဒီ မဂ်ဖိုလ်တို့ရဲ့ အာရုံဖြစ်တဲ့ အထူး ပရမတ်တရားပါပဲ။ ပရိယတ္တိကတော့ မဂ်ဖိုလ်နိဗ္ဗာန်ရရန် လမ်းညွှန်တရား ဖြစ်ပါတယ်။

## သံဃ = သံဃာ

သံဃာဆိုတာ ဆိုင်ရာကိလေသာကို ပယ်သတ်သူ၊ အရိယာ ရှစ်ယောက်အပေါင်းပါပဲ။ ဒါကြောင့် လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ အရိယာဖြစ်လိုက်တာနဲ့ တစ်ပြိုင်နက် အရိယာသံဃာ ဖြစ်သွားပါတယ်။ ဒါ့အပြင် ကိလေသာပယ်နိုင်ရန် ကျင့်ဆဲဖြစ်တဲ့ ရဟန်းတော်မြတ်အပေါင်းဟာလည်း သံဃာပင်ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


## အာစရိယ - ဆရာ

မိမိအား တစ်လုံးတစ်ပါဒမှစ၍ သင်ပြပေးသူ၊ သရဏဂုံတည်အောင် ပြုပေးသူ၊ မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်ရန် ညွှန်ကြားပေးသူများဟာ ဆရာသမားများပင် ဖြစ်ကြပါတယ်။ ဒါကတော့ အားလုံး သိကြပါတယ်။

ရှေးရှေးက ကျမ်းပြု အကျော်အမော် ဆရာတော် သမားတော်များဟာ မိမိတို့ရဲ့ ကျမ်းဦးအစမှာ ဘုရား, တရား, သံဃာ, ဆရာသမားများကို ရှိခိုးတဲ့စကား၊ ကျမ်းစာရေးသားမည့်အကြောင်း ဝန်ခံတဲ့စကားတို့ကို ထည့်သွင်းရေးသားကြမြဲ ဖြစ်ပါတယ်။ အခုလည်း ရှေးဆရာများရဲ့ ထုံးတမ်းစဉ်လာကို လိုက်နာကျင့်သုံးတဲ့အနေနဲ့၊ ဘုရား, တရား, သံဃာ, ဆရာသမားများအား ရှိခိုးတဲ့စကား၊ ဝန်ခံတဲ့စကားများနဲ့ တရားပွဲစလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# မြတ်သောတာပန်တရားတော်

ဒီနေ့ဟောမည့် တရားခေါင်းစဉ်က 'မြတ်သောတာပန် တရားတော်' တဲ့။ မဟာဝဂ္ဂသံယုတ်ပါဠိတော် သောတာပတ္တိသံယုတ် ဒုတိယသာရိပုတ္တသုတ်ကို အဓိကမှီငြမ်းပြု ဟောကြားမည့် တရားတော်ပါပဲ။

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သာဝတ္ထိပြည်မွန် ဇေတဝန်ရောင်မောင်း သူဌေးကျောင်းမှာ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူနေပါတယ်။

တစ်နေ့မှာ လက်ယာတော်ရံ ပညာဆီမီး ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးဟာ မြတ်စွာဘုရား သခင်ရှိရာအရပ်သို့ ချဉ်းကပ်တော်မူပါတယ်။ အဲဒီနောက် မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပြီး အပြစ်ခြောက်ပါးလွတ်ရာ သင့်တင့်လျောက်ပတ်တဲ့နေရာမှာ ထိုင်နေတော်မူပါတယ်။

အဲဒီအခါ မြတ်စွာဘုရားက . . အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးအား ၁။ သောတာပန်ဖြစ်ကြောင်းတရား ၂။ သောတရဲ့ အဓိပ္ပါယ် ၃။ သောတာပန္နရဲ့ အဓိပ္ပါယ်တွေကို မေးမြန်းတော်မူပါတယ်။

ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကလည်း မြတ်စွာဘုရား မေးမြန်းတော်မူသမျှ အကုန် ဖြေကြားတော်မူပါတယ်။ အဲဒီ သုတ်တရားတော်ကို ဒုတိယသာရိပုတ္တသုတ်လို့ ခေါ်ပါတယ်။

အခု အဲဒီသုတ်မှာပါတဲ့ အစီအစဉ်ကို အနည်းငယ် ရှေ့နောက်ပြန်ပြီး ခေတ်လူငယ်လူရွယ်များ ဖတ်ရှုနားလည်လွယ်စေရန် စကားပြေ ဝတ္ထု ဆောင်ပုဒ်များဖြင့် အနည်းငယ် ချဲ့ထွင်ဟောကြားမှာ ဖြစ်ပါတယ်။ ရိုသေစွာ နာယူမှတ်သားကြစေလိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်းကဗျာ မှတ်ဖွယ်ရာ

သောတာပန်ဆိုင်ရာ သိဖွယ်များကို၊ မြတ်ဘုရားက မေးတဲ့ခါ။
လက်ယာတော်ရံ ရှင်သာရိပုတ်က၊ သေချာနှုတ်က ဖြေကြားတာ။
ထိုတရားကို ထပ်ဆင့်ပွားလို့၊ လူငယ်များတို့ သိဖို့ရာ။
ဟောပြမှာ၊ မှတ်ကြပါ။

## မဂ္ဂင်ရှစ်ဖြာ သောတပါ

အခု 'သောတ' ရဲ့ အဓိပ္ပါယ်က ဟောမယ်။

"ချစ်သား သာရိပုတ္တရာ၊ 'သောတ-သောတ' ဆိုတဲ့ စကားကို သူသူငါငါ ပြောဆိုနေကြတယ်။ အဲဒီ သောတဆိုတာ ဘာပါလဲ။"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား - မှန်စွာမြင်ခြင်း၊ မှန်စွာကြံခြင်း၊ မှန်စွာပြောခြင်း၊ မှန်စွာပြုလုပ်ခြင်း၊ မှန်စွာအသက်မွေးခြင်း၊ မှန်စွာအားထုတ်ခြင်း၊ မှန်စွာသတိရခြင်း၊ မှန်စွာတည်ကြည်ခြင်းဆိုတဲ့ အင်္ဂါရှစ်ပါးရှိတဲ့ အရိယာမဂ်ဟာ 'သောတ' ဖြစ်ပါတယ် ဘုရား။"

www.burmeseclassic.com

www.burmeseclassic.com


အထက်ပါ အမေးအဖြေစကားဟာ သောတရဲ့အဓိပ္ပါယ်ကို မြတ်စွာဘုရား မေးတော်မူလို့ ရှင်သာရိပုတ္တရာ ဖြေကြားပုံပဲ ဖြစ်ပါတယ်။ အခု မဂ္ဂင်ရှစ်ပါးကို သောတလို့ ခေါ်ရခြင်းနဲ့စပ်ပြီး အနည်းငယ် ရှင်းပြပါဦးမယ်။ သောတဆိုတဲ့ ပါဠိဟာ (၁) နားဟော သောတနဲ့ (၂) ရေအလျဉ်ရေစီးဟော သောတရယ်လို့ ၂-မျိုး ရှိတယ်။ ဒီနေရာမှာတော့ ရေအလျဉ် ရေစီးဟော သောတကိုသာ လိုအပ်ပါတယ်။ ဒါပေမယ့် ဒီနေရာမှာ ရိုးရိုးရေစီး ရေအလျဉ်ကို ဆိုလိုတာတော့ မဟုတ်ပါဘူး။ မဂ္ဂင်ရှစ်ပါး တရားတည်းဟူသော ရေအလျဉ်ရေစီးလို့ ဆိုလိုတယ်။ ဂင်္ဂါမြစ်တွင်းရှိ ရိုးရိုးရေစီး ရေအလျဉ်က သမုဒ္ဒရာထဲအထိ စီးဝင်မြဲဖြစ်တယ်။ မဂ္ဂင်ရှစ်ပါးတရားအလျဉ်ကလည်း နိဗ္ဗာန်ထိအောင် စီးဝင်မြဲဖြစ်တယ်။ ဒီလို စီးဝင်တတ်တဲ့ သတ္တိချင်းတူလို့ မဂ္ဂင်ရှစ်ပါးတရားကို 'ရေအလျဉ် ရေစီး = သောတ' လို့ တင်စား ခေါ်ဝေါ်ထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် မဂ္ဂင်ရှစ်ပါးကို သောတလို့ မှတ်ထားကြပါ။

## သောတာပန္န အဓိပ္ပါယ်ပြ

အခု 'သောတ' အဓိပ္ပါယ်ဖွင့်ပြီးတော့ 'သောတာပန္န' ရဲ့ အဓိပ္ပါယ်ကို ဆက်ကြဦးစို့။


"ချစ်သား သာရိပုတ္တရာ၊ 'သောတာပန္န သောတာပန္န' ဆိုတဲ့ စကားကို သူသူငါငါ ပြောဆိုနေကြတယ်။ အဲဒီ သောတာပန်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ။"

---

၂။ ဘုရားရှင်က **'သောတ**ာပန်၏အဓိပ္ပါယ်' ကို မေးမြန်းတော်မူ၍ ရှင်သာရိပုတ္တရာက ဖြေကြားလျှောက်ထားနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အင်္ဂါရှစ်ပါးရှိတဲ့ အရိယာမဂ်နဲ့ ပြည့်စုံသူဟာ သောတာပန် ဖြစ်ပါတယ်။ သောတာပန်ကို အမည်အနေနဲ့ ဤအမည်ရှိသူ၊ အမျိုးအနွယ်အနေနဲ့က ဤအမျိုးအနွယ်ရှိသူ လို့တော့ ပြောလို့ရပါတယ်ဘုရား။"

အထက်ပါ အမေးအဖြေစကားပြေဟာ သောတာပန်ရဲ့အဓိပ္ပါယ်ကို မြတ်စွာဘုရားက မေးတော်မူလို့ ရှင်သာရိပုတ္တရာက ဖြေကြားပုံပဲ ဖြစ်ပါတယ်။

အင်္ဂါရှစ်ပါးရှိတဲ့ အရိယာမဂ်နဲ့ ပြည့်စုံသူဆိုတာဟာ အရိယာမဂ္ဂင်ရေအလျဉ်သို့ အစဦးစွာ ဆိုက်ရောက်သူလို့ အဓိပ္ပါယ်ရပါတယ်။ ဟုတ်တယ်၊ သောတာပန်ပုဂ္ဂိုလ်ဟာ အင်္ဂါရှစ်ပါးရှိတဲ့ အရိယာမဂ္ဂင်တည်းဟူသော ရေအလျဉ်သို့၊ အခြားသကဒါဂါမ် အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့ထက် အလျှင်ဦးစွာ ဆိုက်ရောက်သူပါပဲ။ ဒါကြောင့် အရိယာမဂ်သို့ အစဦးစွာ ရောက်သူကို သောတာပန္နလို့ မှတ်ထားကြပါ။

ကဲ. . သောတ နဲ့ သောတာပန္နတို့ရဲ့ အဓိပ္ပါယ်ကလေး မှတ်မိသွားအောင် တရားဆောင်ပုဒ် ကဗျာလေး ဆိုကြည့်ကြဦးစို့။

**သောတနဲ့သောတာပန် သိမှတ်ရန်**

နိဗ္ဗာန်ဆိုက်အောင် စီးဝင်တတ်လို့၊ မဂ္ဂင်ရှစ်ရပ် သောတကွယ်။
မဂ္ဂင်ရေလျှဉ် စရောက်ရလို့၊ သောတာပန္န ခေါ်ပါတယ်။
မှတ်ကွယ်၊ မှတ်ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



## သောတာပန်ဖြစ်ရာ ကြောင်းလေးဖြာ

အခု သောတာပန်ဖြစ်ကြောင်းတရား ဟောလှည့် ရောက်လာပြီ။

ပါဠိတော်မှာတော့ ဒီ သောတာပန်ဖြစ်ကြောင်းတရားက စဟောပါတယ်။ ဒါပေမယ့် ဒီမှာတော့ အမိပ္ပါယ်ရှင်းပြရာမှာ နည်းရာကစရှင်းပြချင်တာနဲ့ တမင်ချန်ထားပြီး အခုမှ ဖော်ပြခြင်း ဖြစ်ပါတယ်။

"ချစ်သား သာရိပုတ္တရာ၊ 'သောတာပန်ဖြစ်ကြောင်းတရား၊ သောတာပန်ဖြစ်ကြောင်းတရား' ဆိုတဲ့ စကားကို သူသူငါငါ ပြောဆိုနေကြတယ်။ အဲဒီ 'သောတာပန်ဖြစ်ကြောင်းတရား' ဟာ ဘာပါလဲ။"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ (၁) သူတော်ကောင်းနဲ့ ပေါင်းသင်းခြင်း၊ (၂) သူတော်ကောင်း တရား နာကြားခြင်း၊ (၃) နှလုံးသွင်း မှန်ကန်ခြင်း၊ (၄) မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းတရား ကျင့်ခြင်းတို့ဟာ သောတာပန်ဖြစ်ကြောင်းတရားများ ဖြစ်ကြပါတယ်ဘုရား။"

အထက်ပါ အမေးအဖြေ စကားပြေဟာ သောတာပန်ဖြစ်ကြောင်းတရားကို မြတ်စွာဘုရားက မေးတော်မူလို့ ရှင်သာရိပုတ္တရာက ဖြေကြားပုံဖြစ်ပါတယ်။ အခု ရှင်သာရိပုတ္တရာရဲ့ အဖြေစကားထဲမှ သူတော်ကောင်းနဲ့ ပေါင်းသင်းခြင်းအကြောင်းကို စဟောမယ်။

www.burmeseclassic.com

www.burmeseclassic.com

## ၁။ သူတော်ကောင်းပေါင်းတာ အကြောင်းတစ်ဖြာ

သူတော်ကောင်းဆိုတာ မကောင်းတာ မလုပ်ခြင်း၊ မကောင်းတာ မပြောခြင်း၊ မကောင်းတာ မကြံခြင်း၊ ဒီအင်္ဂါသုံးပါးနဲ့ ပြည့်စုံသူ ဖြစ်တယ်။

ဒီနေရာမှာ သူတော်ကောင်းနှင့် ပေါင်းသင်းခြင်းဆိုတာ သာမန်သူတော်ကောင်းနှင့် ပေါင်းသင်းရုံနှင့် မလုံလောက်သေးဘူး။ မိမိကို မဂ်ဖိုလ်နိဗ္ဗာန်ရစေနိုင်ရန် အကြံပေးနိုင်သူ၊ ညွှန်ပြနိုင်သူ၊ သွန်သင်ဆုံးမနိုင်သူ မိတ်ဆွေသူတော်ကောင်းများ၊ ဆရာသမားသူတော်ကောင်းများနှင့် ပေါင်းသင်းဆက်ဆံခြင်းမျိုးကို ပိုပြီးလိုအပ်ပါတယ်။

ဒီလိုသူတော်ကောင်းနှင့် ပေါင်းသင်းတာဟာ တရားရရေး၊ သောတာပန်ဖြစ်ရေးအတွက် အလွန်အရေးကြီးပါတယ်။ ဒါနဲ့ပတ်သက်တဲ့ သာဓကဝတ္ထုများ ဖော်ပြပါဦးမယ်။

### ချွေးမလိမ္မာ ဝိသာခါ

မြတ်စွာဘုရားရဲ့ ပုဗ္ဗာရုံကျောင်းအမ ဝိသာခါဆိုရင် ဗုဒ္ဓဘာသာဝင်တိုင်းလိုလို ကြားဖူးကြပါတယ်။ သူဟာ ဘဒ္ဒိယမြို့နေ မေဏ္ဍကသူဌေးကြီးရဲ့သားဖြစ်သူ ဓနဉ္စယသူဌေးရဲ့သမီး ဖြစ်တယ်။ ငယ်စဉ်ကပင် အလွန်လိမ္မာရေးခြား ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘဒ္ဒိယမြို့သို့ ပထမဆုံး မြတ်စွာဘုရား ကြွတော်မူစဉ်အခါ ဝိသာခါဟာ အဖိုးဖြစ်သူရဲ့ တိုက်တွန်းချက်အရ အခြွေအရံ အမျိုးသမီးငါးရာနှင့်အတူ သွားရောက်ပြီး မြတ်စွာဘုရားကို ခရီးဦးကြိုဆိုခဲ့ပါတယ်။ ဒီတုန်းက သူဟာ ခုနစ်နှစ်အရွယ်မျှသာ ရှိပါသေးတယ်။ အဲဒီ ကြိုဆိုပွဲမှာပင် တရားနာခွင့်ရပြီး အခြွေအရံ အမျိုးသမီးငါးရာနှင့်အတူ သောတာပန် ဖြစ်သွားပါတယ်။

နောင်အခါ သာဝတ္ထိပြည့်ရှင် ကောသလဘုရင်က သွားရောက်တောင်းခံမှုအရ ရာဇဂြိုဟ်ပြည့်ရှင်ဘုရင် ဗိမ္ဗိသာရက ဓနဥ္စယသူဌေးကို ကောသလဘုရင်နောက်သို့ ထည့်လိုက်ပါတယ်။ ဓနဥ္စယသူဌေးဟာ ကောသလဘုရင်ရဲ့ ခွင့်ပြုချက်အရ သာဝတ္ထိမြို့မှ ခုနစ်ယူဇနာ ကွာတဲ့အရပ်မှာ သာကေတမြို့ကို တည်ထောင်ပြီးနေပါတယ်။ ဒါ့ကြောင့် ဝိသာခါလည်း ဖခင်နှင့်အတူ သာကေတမြို့မှာ လိုက်နေရပါတယ်။

ဝိသာခါ ၁၅-နှစ်၊ ၁၆-နှစ် အရွယ်လောက်ရောက်လာတဲ့အခါ သာဝတ္ထိပြည်မှ မိဂါရသူဌေးက သူ့သား ပုဏ္ဏဝဍ္ဍနနှင့် ပေးစားဖို့ ဝိသာခါကို တောင်းရမ်းလာပါတယ်။ ဝိသာခါကို လာတောင်းယူတဲ့အခါ ကောသလဘုရင်ကိုယ်တိုင် အခြွေအရံများနှင့်အတူ လိုက်ပါခဲ့ပါတယ်။

ဓနဥ္စယသူဌေးဟာ သက်ရှိသက်မဲ့ လက်ဖွဲ့ပစ္စည်း အမြောက်အမြားနှင့်အတူ သမီးဖြစ်သူ ဝိသာခါကို မိဂါရသူဌေးအိမ်သို့ ထည့်လိုက်ပါတယ်။ သမီးဖြစ်သူအား ယောက္ခမအိမ်ရောက်တဲ့အခါ လိုက်နာစရာ ဆုံးအမစကားများကိုလည်း တိုးတိုးတိတ်တိတ် ကြိတ်ပြီးမှာကြားလိုက်ပါတယ်။ ယောက္ခမအိမ်မှာ သမီးဖြစ်သူ

www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေရင် ကြည့်ရှုဆုံးဖြတ်ပေးနိုင်မည့် ပညာရှိသူကြွယ်ရှစ်ယောက်ကိုလည်း ဝိသာခါနောက် ထည့်ပေးလိုက်သေးတယ်။

ဝိသာခါရဲ့ ယောက္ခမ မိဂါရသူဌေးဟာ အစက ဗုဒ္ဓဘာသာဝင် မဟုတ်ပါဘူး။ အဝတ်မဝတ်သူ တိတ္ထိ တက္ကတွန်းတွေကိုကိုးကွယ်ဆည်းကပ်သူ ဖြစ်ပါတယ်။ ဒါကြောင့် ဝိသာခါရောက်ပြီး နောက်နေ့မှာ သူ့ဆရာတက္ကတွန်း ၅၀၀-ကို အိမ်ဖိတ်ပြီး မင်္ဂလာဆွမ်းအဖြစ် ထမင်းကျွေးပါတယ်။ ဝိသာခါကိုလည်း သူ့ဆရာ ရဟန္တာများအား လာရောက်ဖူးမြော်ကြည်ညိုရန် ခေါ်ခိုင်းပါတယ်။

ဝိသာခါဟာ သောတာပန် အရိယာဖြစ်တဲ့အတိုင်း ရဟန္တာဆိုတဲ့အသံကို ကြားလိုက်တာနဲ့ ဖူးမြော်ချင်စိတ် ပေါက်သွားပြီး ချက်ချင်းထလိုက်လာပါတယ်။ အဝတ်မဝတ်သူ တက္ကတွန်းတွေကို မြင်လိုက်ရတော့ 'အရှက်မရှိတဲ့ဟာတွေ ဘယ်လိုလုပ်ရဟန္တာဖြစ်မှာလဲ၊ ယောက္ခမကြီးကလည်း ကျမကို ဘာဖြစ်လို့များ ခေါ်ခိုင်းမှန်းမသိဘူး' လို့ ပြောတယ်။ တက္ကတွန်းတွေကို မြင်ရတာ စက်ဆုပ်ရွံ့ရှာလွန်းလို့ 'ထွီ-ထွီ' ဆိုပြီး အသံမြည်အောင် တံတွေးထွေးကာ အခန်းထဲပြန်ဝင်သွားပါတယ်။

ဝိသာခါရဲ့ အပြုအမူကို တက္ကတွန်းတွေက အကြီးအကျယ် မကျေနပ်ကြဘူး။ ဒါနဲ့ 'ရဟန်းဂေါတမရဲ့ တပည့်မ မိန်းမယုတ်ကိုမှ ချွေးမအဖြစ် ရွေးရသလား' ဆိုပြီး သူတို့ဒကာ မိဂါရသူဌေးကြီးကို ဝိုင်းအပြစ်တင်ကြတယ်။ ဝိသာခါကို အိမ်မှ နှင်ထုတ်ပစ်ဖို့ အကြံပေးကြပါတယ်။

---

၃။ မိဂါရသူဌေးက ချွေးမဖြစ်သူ ဝိသာခါအား သူ့ဆရာ တိတ္ထိတက္ကတွန်းများကို ဖူးမြော်ရန် လှမ်း၍ခေါ်နေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ဒါပေမယ့် မိဂါရသူဌေးဟာ ကုဋေလေးဆယ်သာ ကြွယ်ဝတာ၊ ဝိသာခါအဖေက သူ့ထက်အဆများစွာ ချမ်းသာသူဖြစ်တယ်။ ဒါကြောင့် ဝိသာခါကို အပြစ်မတင်ရဲဘူး။ သူ့ဆရာများကိုသာ ‘ငယ်ရွယ်သူဆိုတာ ဒီလိုပါပဲ၊ သည်းခံကြပါ’ လို့ ကျေနပ်လောက်အောင် တောင်းပန်လွှတ်လိုက်ရပါတယ်။

တိတ္ထိတက္ကတွန်းတွေ ပြန်သွားတဲ့အခါ မိဂါရသူဌေးဟာ မင်္ဂလာယူတဲ့အနေနဲ့ နို့ထမင်းကို ရွှေခွက်ထဲ ထည့်ပြီး ကျကျနန စားသုံးနေတယ်။ ဝိသာခါက အနားမှာထိုင်ပြီး ယောက္ခမဖြစ်သူကို ယပ်ခတ်ပေးနေပါတယ်။ အဲဒီအခိုက် ရဟန်းတော်တစ်ပါးဟာ မိဂါရသူဌေးအိမ်ဝမှာ ဆွမ်းလာရပ်ပါတယ်။ ရဟန်းတော် ဆွမ်းလာရပ်တာကို မိဂါရသူဌေး မြင်ပါတယ်။ ဒါပေမယ့် တမင် မမြင်ချင်ယောင်ဆောင်ပြီး ခေါင်းငုံ့ကာ နို့ထမင်းကို ဆက်လက် စားမြဲစားနေပါတယ်။

အဲဒီအခါ ဝိသာခါဟာ မနေသာတော့ဘူး။ ရဟန်းတော် မြင်လောက်ရာသို့သွားပြီး ‘အရှင်ဘုရား တပည့်တော်ရဲ့ ယောက္ခမကြီးဟာ အဟောင်းအမြင်းကိုသာ စားနေတာပါ၊ ကြွပါတော့ဆွမ်းပါဘုရား’ လို့ လျှောက်ထားလိုက်ပါတယ်။

အဟောင်းအမြင်း စားနေတယ်ဆိုတာ မစင်ကို စားနေတယ်လို့ ပြောတာပဲလို့ မိဂါရသူဌေး အမိပွါယ်ကောက်လွဲသွားတယ်။ ဒါ့ကြောင့် မိဂါရသူဌေးဟာ ဝိသာခါကို အကြီးအကျယ် စိတ်ဆိုးသွားတယ်။ စောစောက သူ့ဆရာ တိတ္ထိတက္ကတွန်းတွေကို စော်ကားမော်ကားပြောတယ် ထင်စဉ်က စိတ်မဆိုးခဲ့ပေမယ့် ခုတော့ မခံမရပ်နိုင်အောင် စိတ်ဆိုးသွားတယ်။

www.burmeseclassic.com



"အခုလို မင်္ဂလာယူနေတဲ့အခါ နို့ထမင်းစားနေသူ ငါ့ကို မစင်စားနေသူဖြစ်အောင် သင်ပြောတယ်၊ ငါ့အိမ်က သင်ထွက်သွားပါ" လို့ မိဂါရသူဌေးက ဝိသာခါကို နှင်ထုတ်တယ်။ သူကသာ နှင်တယ်။ သူ့အိမ်သူအိမ်သားတွေကတော့ အကုန်လုံး ဝိသာခါဘက်သားချည်း ဖြစ်နေကြပြီ။ ဒါ့ကြောင့် ဘယ်သူကမျှ ဝိသာခါကို သွားရမယ်လို့ မပြောကြဘူး။

ဝိသာခါကလည်း ကြက်ခေါင်းဆိတ်မခံဘူး။ "အဖေတို့က ကျမကို ရေဆိပ်မှ ကျွန်မကို ခေါ်ယူလာသလို ခေါ်ယူလာတာမဟုတ်ဘူး၊ ကျမမိဘထံမှ တောင်းရမ်းပြီး ခေါ်ယူလာတာဖြစ်တယ်။ ဒီလို အရမ်းနှင်ရုံနဲ့ မသွားနိုင်ဘူး။ ဒါမျိုးတွေဖြစ်မယ်ဆိုတာ ကြိုတင်တွေးမိတဲ့ ကျမအဖေက ကျမမှာ အပြစ်ရှိရင် စစ်ဆေးဆုံးဖြတ်နိုင်မည့် သူကြွယ်ရှစ်ဦးကို ထည့်ပေးလိုက်တာပဲ။ ကျမမှာ အပြစ်ရှိ-မရှိ အဲဒီသူကြွယ်ရှစ်ဦးကို စစ်ဆေးခိုင်းပါ။ အပြစ်ရှိမှ သွားမယ်။ အပြစ်မရှိရင် နှင်တိုင်းမသွားနိုင်ဘူး" လို့ ခပ်တင်းတင်းပဲ ပြန်ပြောတယ်။

ဝိသာခါပြောတာက သဘာဝကျ မှန်ကန်နေတယ်။ ဒါ့ကြောင့် မိဂါရသူဌေးဟာ သူကြွယ်ရှစ်ဦးကို ခေါ်ပြီး ဝိသာခါက သူ့ကို အဟောင်းအမြင်းစားသူလို့ ပြောတဲ့အတွက် ဝိသာခါမှာ အပြစ်ရှိတယ်။ စစ်ဆေးပေးပါလို့ တိုင်ကြားပါတယ်။

သူကြွယ်များက ဝိသာခါကို စစ်ဆေးတဲ့အခါ အဟောင်းအမြင်းစားနေတယ်ဆိုတာ မစင်စားနေတယ်လို့ပြောတာ မဟုတ်ပါဘူး။ ရှေးကုသိုလ်ဟောင်းရဲ့ အကျိုးကိုသာ သုံးစားနေတယ်။ ဒီဘဝမှာ ကုသိုလ်အသစ် ထပ်မပြုပါလို့သာ ဆိုခြင်းဖြစ်တယ်။ ဒါ့ကြောင့် သူ့မှာ အပြစ်မရှိဘူးလို့ ချေပတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကြွယ်များက ဝိသာခါမှာ ဒီလိုပြောတဲ့အတွက် အပြစ်မရှိကြောင်း အဆုံးအဖြတ်ပေးကြတယ်။ ဒါပေမယ့် မိဂါရသူဌေးက အလျှော့မပေးဘူး။ ဒါအတွက် အပြစ်မရှိရင်နေပါစေ၊ တခြားအပြစ်ရှိသေးတယ်၊ သူဒီအိမ်ရောက်စနေ့မှာ ညဘက်သန်းခေါင်လောက်ကျတော့ ကျွန်တွေ ကျွန်မတွေနဲ့ အိမ်နောက်ဘက်ကိုသွားတယ်၊ စစ်ဆေးပေးပါလို့ ထပ်တိုင်ကြားပြန်တယ်။

အဲဒီအခါ ဝိသာခါက ညဘက်မှာ သူ အိမ်နောက်ဘက်သွားတာ မှန်တယ်၊ ဒါပေမယ့် အကြောင်းမဲ့ သွားတာမဟုတ်ပါ၊ သားမဖွားနိုင်လို့ ဒုက္ခရောက်နေတဲ့ မြည်းမကို ပြုစုဖို့သွားခြင်းသာဖြစ်တယ်၊ ဒါအတွက် ဘာအပြစ်မှ မရှိပါလို့ ချေပတယ်။

သူကြွယ်များကလည်း ဝိသာခါဟာ ဒီအိမ်မှာ ကျွန်မများတောင် မလုပ်တဲ့အလုပ်ကို လုပ်ကိုင်ပေးတာဖြစ်လို့ ဘာအပြစ်မှ မရှိကြောင်း အဆုံးအဖြတ်ပေးကြပြန်တယ်။

အဲဒါအပြစ်မရှိဘူးဆိုရင် အခြားအပြစ်တွေ ရှိသေးတယ်၊ သူဒီအိမ်ကို မလိုက်လာမီက သူ့အဖေက ကြိတ်ပြီးမှာလိုက်တဲ့ စကားတွေရှိတယ်။ "အိမ်ထဲက မီးကို အိမ်ပြင်မထုတ်နဲ့" တဲ့၊ အဲဒါက ဘာသဘောလဲ၊ ဟိုဘက်အိမ်မှာ မီးမရှိရင် ဒီအိမ်က မီးမပေးဘဲ နေရတော့မှာလားလို့ မိဂါရက ထပ်ပြောတယ်။

---

၄။ ဝိသာခါအား အရေးယူပါရန် မိဂါရသူဌေးက သူကြွယ်ရှစ်ဦးအား တိုင်ကြားနေပုံ။

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ ဝိသာခါက ရိုးရိုးမီးကိုပြောတာမဟုတ်ပါ။ ယောက္ခမ လင်သားတွေရဲ့ အပြစ်ကို အခြားအပြင်လူတွေကို သွားမပြောဖို့ မှာခြင်းသာဖြစ်တယ်လို့ ရှင်းပြပါတယ်။

တစ်ခါ မိဂါရက "အိမ်ပြင်ကမီးကို အိမ်ထဲမသွင်းရဘူး" ဆိုတာကကော ဘာသဘောလဲ၊ ဒီအိမ်မှာ မီးမရှိရင် တခြားအိမ်မှ မီးမတောင်းရတော့ဘူးလားလို့ ထပ်မေးတယ်။ သူ့စိတ်ထဲမှာ ဝိသာခါရဲ့အဖေ မှာလိုက်တဲ့ စကားတွေကို အဓိပ္ပာယ်မသိတာနဲ့ ဝိသာခါကို အပြစ်ရှာနေခြင်းပါပဲ။

တဖန် ဝိသာခါက ဒါလဲ ရိုးရိုးမီးကို ပြောတာမဟုတ်ပါ။ တခြားအိမ်မှ လူတွေက ယောက္ခမ လင်သားတွေရဲ့ အပြစ်ကို ပြောလာရင် ယောက္ခမလင်သားများအား ပြန်မတိုင်ဖို့ မှာကြားခြင်းသာဖြစ်တယ်လို့ ရှင်းပြပါတယ်။

ဒီလိုနဲ့ မိဂါရက အပြစ်တင်လိုက်၊ ဝိသာခါက ပြေလည်အောင် ရှင်းလင်းချေပလိုက်နဲ့ နောက်ဆုံးမှာ မိဂါရဟာ အပြစ်မတင်နိုင်တော့ဘဲ အလျှော့ပေးလိုက်ရပါတယ်။

ဒီတော့မှ ဝိသာခါက သူ့မှာ အပြစ်မရှိဘဲ မတရား အနှင်ခံရတယ်၊ မနေတော့ဘူး၊ သွားမယ်ဆိုပြီး သူ့အခိုင်းအစေတွေကို သွားဖို့ အပြင်ခိုင်းပါတယ်။

အဲဒီအခါ မိဂါရက ဝိသာခါကို အသွားမခံရဲဘူး။ ဝိသာခါမှာ အပြစ်လည်းမရှိဘူး၊ ဝိသာခါ အဖေကလည်း သူ့ထက် ပိုချမ်းသာတယ်၊ ဝိသာခါကို သွားတောင်းစဉ်က ကောသလဘုရင်ကိုယ်တိုင် လိုက်ပါပြီး

www.burmeseclassic.com

www.burmeseclassic.com



တောင်းရမ်းထားတာဖြစ်တယ်။ ဒါကြောင့် ဝိသာခါကို သူ ဘယ်ပြန်လွှတ်ရဲမလဲ။ သူ့ကို အပြစ်လွှတ်သည်းခံဖို့ ဝိသာခါကို တောင်းပန်ရရှာတယ်။

ဒီတော့မှ ဝိသာခါက သူ့အနေနဲ့ မိဂါရကို အပြစ်လွှတ်သည်းခံနိုင်ပါတယ်။ ဒါပေမယ့် သူဟာ ဘုရား တရား သံဃာ ရတနာသုံးပါးနဲ့ ကင်းကွာပြီး မနေနိုင်ဘူး။ ရတနာသုံးပါး ကိုးကွယ်ခွင့်ရမှ နေနိုင်မယ်။ မရရင် မနေနိုင်ဘူးလို့ အကြပ်ကိုင်ပါတယ်။ ဒါနဲ့ မိဂါရလည်း ဝိသာခါအလိုကို လိုက်လျောရပါတော့တယ်။

ဝိသာခါဟာ နောက်နေ့မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို အိမ်ပင့်ပြီး ဆွမ်းကျွေးပွဲ ကျင်းပ တယ်။ မြတ်စွာဘုရား မိဂါရသူဌေးအိမ် ကြွမယ်ဆိုတာ တက္ကတွန်းတွေကြားတော့ သူတို့ ရောက်လာကြတယ်။ သူတို့ဒကာကို ဘုရားနဲ့သွားမတွေ့ဖို့ တားကြတယ်။ တက္ကတွန်းတွေဟာ အိမ်နောက်ဘက်မှာ အသာပုန်းနေ ကြတယ်။ မိဂါရလည်း သူတို့နဲ့အတူ ရှိနေတယ်။

မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းကပ်တဲ့အခါ ကိုယ်တိုင်လာကပ်ဖို့ မိဂါရကို ဝိသာခါ က ခေါ်ပါတယ်၊ မရဘူး။

ဆွမ်းကျွေးပွဲပြီးတော့ အနုမောဒနာတရား နာယူရန် ထပ်ခေါ်တယ်။ ဒီအခါ လူကြီးဖြစ်နေလို့ မသွား ရင် မကောင်းဘူး၊ တရားတော့ သွားနာမှ ဖြစ်မယ်လို့ မိဂါရက သူ့ဆရာတွေကို ပြောတယ်။ သူ့ဆရာ တက္ကတွန်းတွေက တရားနာရင် ကန့်လန့်ကာအတွင်းကသာ နာပါ၊ ရဟန်းဂေါတမကိုတော့ သွားမတွေ့လေနဲ့ လို့ အကြံပေးကြတယ်။ ဒါနဲ့ မိဂါရဟာ ကန့်လန့်ကာအတွင်းကပဲ တရားနာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားကို ဒီလိုရှောင်လို့ ဘယ်ရမလဲ။ မြတ်စွာဘုရားကသာ ပုဂ္ဂိုလ်တစ်ဦးဦးကို ရည်ရွယ်ပြီး တရားဟောတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ဘယ်မှာမှ ပုန်းနေလို့မရဘူး။ မြတ်စွာဘုရားတရားဟောရင် တရားနာယူသူတိုင်းဟာ မြတ်စွာဘုရားက သူ့ကိုပဲကြည့်ပြီး ဟောနေတယ်လို့ထင်ရတယ်။ မြတ်စွာဘုရားရဲ့ မျက်နှာတော်ဟာ လမင်းကြီးနဲ့တူတယ်တဲ့၊ လမင်းကို မော်ကြည့်တဲ့သူတိုင်းဟာ သူ့ခေါင်းပေါ်မှာ လ,ရှိနေတယ်၊ လမင်းက သူ့ဘက်ကို မျက်နှာမူနေတယ်ချည်း ထင်ရတယ်။ ဒီလိုပဲ တရားနာယူသူတိုင်းဟာလည်း မြတ်စွာဘုရားက သူ့ကိုပဲ ကြည့်ပြီး တရားဟောနေတယ်လို့ ထင်ရတယ်။

ဒီလိုဖြစ်တာဟာ အလောင်းတော်ဘဝတွေမှာ ပါရမီဖြည့်စဉ်က ခေါင်းဖြတ်လှူခဲ့တဲ့ အလှူ၊ မျက်စိထုတ်လှူခဲ့တဲ့ အလှူ၊ နှလုံးသားထုတ်လှူခဲ့တဲ့အလှူ၊ အင်မတန်ချစ်ခင်အပ်တဲ့ ဇနီး သားသမီးတွေကို လှူခဲ့တဲ့ အလှူ၊ ဒီအလှူတွေရဲ့ အကျိုးပဲ ဖြစ်တယ်။

ကဲ. . ဝတ္ထုကြောင်း ပြန်ဆက်ကြဦးစို့။ မိဂါရဟာ ကန့်လန့်ကာနောက်ကွယ်မှာ ပုန်းပြီး မလွှဲမကင်းသာ တရားနာနေရပေမယ့် မြတ်စွာဘုရားက သူ့အတွက် ရည်ရွယ်ဟောနေတာဖြစ်လို့ တရားပွဲအပြီးမှာ မိဂါရဟာ သောတာပန် ဖြစ်သွားပါတယ်။

---

၅။ ဘုရားရှင် တရားဟောကြားတော်မူသည်ကို မိဂါရသူဌေး ကန့်လန့်ကာနောက်ကွယ်မှ တရားနာယူနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


ဒီတော့မှ ကန့်လန့်ကာနောက်ကွယ်က သူ ထွက်လာတယ်။ ဝိသာခါကို ကျေးဇူးတင်ရှာလွန်းလို့ ဝိသာခါရဲ့ သားမြတ်ကို စို့တယ်။ ဝိသာခါဟာ ဒီနေ့ကစပြီး ချွေးမ မဟုတ်တော့ဘဲ သူ့အမေဖြစ်သွားပြီလို့လဲ ပြောပါတယ်။ အဲဒီအချိန်ကစပြီး ဝိသာခါဟာ "မိဂါရမာတာ-မိဂါရအမေဘွဲ့" ရရှိသွားတယ်။

အဲဒီနောက် မိဂါရဟာ မြတ်စွာဘုရားရဲ့ ခြေတော်ရင်းမှာ ဝပ်စင်းကာ ခြေတော်စုံကိုလက်ဖြင့် ပွတ်သပ်တယ်။ နှုတ်ခမ်းဖြင့်လည်း နမ်းစုပ်တယ်။ သူဟာ မိဂါရဖြစ်ကြောင်းလည်း သုံးကြိမ်သုံးခါ ပြောဆို လျှောက်ထားပါတယ်။

ဒါ့အပြင် အလှူဒါနရဲ့ အကျိုးကြီးပုံကို အရင်က မသိခဲ့ပါ၊ အခုမှသာ ချွေးမအလိမ္မာ ဝိသာခါရဲ့ ကျေးဇူးကြောင့် သိရပါတယ်၊ အပါယ်ဘေးမှလည်း ကင်းဝေးလွတ်မြောက်ရပါပြီ၊ ဝိသာခါ သူ့အိမ်ရောက်လာတာဟာ သူ့အကျိုးစီးပွားအတွက် ရောက်လာတာဖြစ်ပါတယ်လို့ မြတ်စွာဘုရားအား လျှောက်ထားပါတယ်။

နောက်တစ်နေ့ ဆွမ်းကျွေးပွဲမှာ သူဌေးကတော်ကြီးပါ သောတာပန်ဖြစ်ပါတယ်။ တစ်သက်လုံး တိတ္ထိတက္ကတွန်းတွေကို ဆရာတင်ကာ ကိုးကွယ်မှားလာသူ မိဂါရသူဌေးဟာ ချွေးမသူတော်ကောင်း ဝိသာခါနဲ့ တွေ့ဆုံကြုံကြိုက် ဆက်ဆံခွင့်ရလို့ နောက်ဆုံးမှာ တရားနာယူနှလုံးသွင်းခွင့်ရပြီး သောတာပန်ဖြစ်သွားရခြင်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

သူတော်ကောင်းနဲ့ ပေါင်းသင်းဆက်ဆံခွင့်မရခဲ့ဘဲ၊ ဒေဝဒတ်ဆရာမိုက်နှင့် အရင်ဆက်ဆံခဲ့ရပြီး အဖသတ်ကံ ကျူးလွန်မိခဲ့တာနဲ့ နောင် မြတ်စွာဘုရားဟောတဲ့ သာမညဖလသုတ်ကို နာကြားအပြီးမှာ သောတာပန်ဖြစ်နိုင်ပါလျက်နဲ့ မဖြစ်ခဲ့တဲ့ အဇာတသတ်မင်းအကြောင်းဟာလည်း ဒီနေရာမှာ အတော် ဖော်ပြစရာကောင်းပါတယ်။ ဒါပေမယ့် အဇာတသတ်မင်းအကြောင်းကတော့ အပ်ကြောင်းထပ်နေလို့ တမင် ချန်လှပ်ထားခဲ့ပါတော့မယ်။

ဒါကြောင့် သူတော်ကောင်းနှင့် ပေါင်းသင်းဆက်ဆံရတာဟာ သောတာပန်ဖြစ်ကြောင်းအင်္ဂါတစ်ပါး ဖြစ်တယ်ဆိုတာ စွဲစွဲမြဲမြဲ မှတ်သားထားသင့်ကြပါတယ်။

✺

www.burmeseclassic.com

www.burmeseclassic.com

## ၂။ တရားနာတာ ကြောင်းတစ်ဖြာ

အခု သောတာပန်ဖြစ်စေနိုင်တဲ့ ဒုတိယအကြောင်း ဆက်ကြဦးစို့။

ကိလေသာကို ပယ်သတ်တတ်တဲ့ မဂ် ၄ ပါး၊ ပယ်သတ်ပြီး ကိလေသာကို ငြိမ်းစဲစေတဲ့ ဖိုလ် ၄ ပါး၊ အဲဒီမဂ်ဖိုလ်တရားတို့ရဲ့ အာရုံဖြစ်တဲ့ နိဗ္ဗာန်နဲ့ မဂ်ဖိုလ် နိဗ္ဗာန်ရရန် လမ်းညွှန်တရား ပရိယတ္တိတွေဟာ သူတော်ကောင်းတရားတွေပါပဲ။

ဒီသူတော်ကောင်းတရားတွေကို ကြားနာတာဟာ သောတာပန်ဖြစ်ဖို့ အကြောင်းတစ်ပါး ဖြစ်ပါတယ်။ တရားနာယူဟာဟာ သောတာပန်ဖြစ်ဖို့အကြောင်းဆိုတော့ တရားမနာရင် သောတာပန် မဖြစ်နိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်ဟာလည်း ပြောင်းပြန်သဘောအရ ပေါ်လွင်ပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်တဲ့ သာဓကဝတ္ထုလေး ဖော်ပြပါဦးမယ်။

မြတ်စွာဘုရားဟာ ဘုရားအဖြစ်ရရှိပြီးနောက် ရက်ပေါင်း ၅၀ မြောက်မှာ ဗောဓိမဏ္ဍိုင်အနီး ဆိတ်ကျောင်းညောင်ပင်အောက်ဝယ် သီတင်းသုံးနေတော်မူစဉ် တရားဦးဟောရန် ကြံစည်တော်မူပါတယ်။ မိမိ

---

၆။ ဘုရားရှင် ဆိတ်ကျောင်းညောင်ပင်အောက်ဝယ် သီတင်းသုံးနေတော်မူစဉ် 'တရားဦးဟောရမည့် ပုဂ္ဂိုလ်' ကို ကြံစည် စဉ်းစားတော်မူပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဟောမည့်တရားကို အလျင်အမြန် သိနိုင်မည့် တရားနာပုဂ္ဂိုလ်ကို မြတ်စွာဘုရား စဉ်းစားကြည့်တဲ့အခါ အာဠာရ ရသေ့ကို သွားသတိရပါတယ်။

## အာဠာရ ရသေ့

အာဠာရ ရသေ့ဆိုတာ ဟိုခေတ်က နာမည်ကျော် ဂိုဏ်းဆရာကြီးပါပဲ။ လောကီစျာန်သမာပတ်ရှစ်မျိုးရှိတဲ့အထဲက ခုနစ်မျိုးကို ရရှိထားသူဖြစ်တယ်။ တပည့်အတော်များများ (၃၀၀) ခန့်ကို ညွှန်ကြားပြသနေသူ ဖြစ်တယ်။

မြတ်စွာဘုရားအလောင်းတော်ဟာ တောထွက်စမှာ နိဗ္ဗာန်ရရန် နည်းမှန်လမ်းမှန်တွေကို သိသေးတာမဟုတ်သေးဘူး။ ဒါကြောင့် အာဠာရ ရသေ့ထံ ချဉ်းကပ်ပြီး တရားအားထုတ်ပုံ အားထုတ်နည်းကို မေးမြန်းနည်းခံတယ်။

အာဠာရ ရသေ့ကလည်း သူသိသမျှ မချန်မချွင်းဘဲ အားထုတ်ပုံ အားထုတ်နည်းတွေကို ပြောပြတယ်။ သူအားထုတ်သလို အားထုတ်ရင် သူသိသလို သိနိုင်တယ်လို့ဆိုပြီး ဘုရားအလောင်းကို အားပေးစကားပြောကြားပါတယ်။

---

၇။ နတ်သားတစ်ပါးက ဘုရားရှင်အား 'အာဠာရ ရသေ့ သေလွန်သွားသည်မှာ ၇-ရက် ရှိသွားပါပြီဘုရား' ဟု လျှောက်ထားနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဘုရားအလောင်းဟာ သူ့နည်းအတိုင်း အားထုတ်တဲ့အခါ မကြာမီ အာဠာရ ရသေ့ ဆရာကြီးရတဲ့ သမာပတ်ခုနစ်ပါးလုံး အကုန်ရရှိပါတယ်။

ဘုရားလောင်းက သူရတဲ့ တရားကို အာဠာရအား ပြောပြတယ်။ အာဠာရက သူလည်း ဘုရားလောင်း ရသလောက်တရားကိုပဲ ရပါတယ်။ ဘုရားလောင်းဟာ သူနဲ့ အဆင့်တန်းတူဖြစ်သွားပြီ။ ဒီဂိုဏ်းကြီးကို တစ်ဝက်စီ ခွဲဝေအုပ်ချုပ်ကြရအောင်ဆိုပြီး ဘုရားလောင်းကို တပည့်ပရိသတ်တစ်ဝက် ခွဲပေးပါတယ်။

ဒါပေမယ့် ဘုရားလောင်းဟာ အဲဒီတရားဌာနမှာ ရက်အနည်းငယ်သာ ဆက်နေတယ်။ ရရှိထားတဲ့ သမာပတ်တရားတွေဟာ အို, နာ, သေ, ကင်းရာနိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်သေးဘူးဆိုတာ သိလာတယ်။ ဒါကြောင့် အဲဒီတရားတွေစွန့်ပြီး အဲဒီဌာနမှ ထွက်ခွာခဲ့ပါတယ်။

မြတ်စွာဘုရားဟာ အာဠာရ ရသေ့ဆရာကြီး ဉာဏ်ထက်မြက်ပုံကို ဘုရားမဖြစ်မီကပင် သိထားနှင့်ပြီး ဖြစ်တယ်။ ဒါနဲ့ အခု ဘုရားဖြစ်လာလို့ တရားဟောရမည့်သူကို စဉ်းစားကြည့်တဲ့အခါ အာဠာရကို သွားသတိရပုံ ပေါ်ပါတယ်။

အာဠာရဟာ ဉာဏ်ရှိတယ်၊ တတ်သိတယ်၊ ပညာမျက်စိမှာ ကိလေသာမြူမှုံ နည်းတယ်၊ သူ့ကို တရားဟောရင် ခဏချင်း သူ တရားရနိုင်တယ်၊ သူ့ကို တရားဦးစဟောမှပဲလို့ မြတ်စွာဘုရားက ရိုးရိုးပဲ စဉ်းစားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ မြတ်စွာဘုရားရဲ့ စိတ်အကြံကိုသိတဲ့ နတ်တစ်ဦးက "မြတ်စွာဘုရား၊ အာဠာရ သေတာ ၇-ရက်ရှိသွားပါပြီ ဘုရား"လို့ လျှောက်ထားပါတယ်။

ဒီတော့မှ မြတ်စွာဘုရားက ဉာဏ်အထူးနှင့် ထပ်ဆင်ခြင်ကြည့်တယ်။ လွန်ခဲ့တဲ့ ၇-ရက်က အာဠာရ သေပြီး အာကိဉ္စညာယတန အရူပဗြဟ္မာ့ပြည် ရောက်နေတယ်ဆိုတာ သိရတယ်။

ဒီဗြဟ္မာမျိုးဟာ ကမ္ဘာပေါင်းခြောက်သောင်း အသက်ရှည်တယ်။ နာမ်သာရှိပြီး ရုပ်မရှိလို့ ဒီဘဝမှာ ဘုရားဖူး တရားနာနိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ပါ။ ဗြဟ္မာသက်တမ်းကုန်လို့ လူ့ပြည်မှာ ပြန်ဖြစ်တာတောင် ဘုရားဟောတဲ့တရားကို နာနိုင်ခွင့် မရှိတော့ပါ။ ပုထုဇဉ်ဘဝနှင့်ပဲ ကံအားလျော်စွာ သံသရာ လည်ရတော့မယ်။ တစ်ခါတစ်လေ အပါယ်ကျပြီးတော့ အပါယ်ဆင်းရဲတွေကို မချိမဆန့် ခံစားရပေလိမ့်ဦးမယ်။

ဒါကြောင့် မြတ်စွာဘုရားက "အာဠာရ ရသေ့တော့ ၇-ရက် အသေစောသွားလို့ အကြီးအကျယ် ဆုံးရှုံးသွားပြီ၊ ငါ့တရားသာ နာရရင် ချက်ချင်း ရဟန္တာဖြစ်နိုင်တယ်၊ အခုတော့ တရားနာခွင့် မရတော့ဘူး၊ အဆုံးရှုံးကြီး ဆုံးရှုံးသွားရှာပြီ" လို့ စိတ်ဖြင့် ညည်းညူတော်မူပါတယ်။

## ဥဒက ရသေ့

အဲဒီနောက် ရာမဆရာကြီးရဲ့သားတပည့် ဥဒကရသေ့ကို တရားဟောဖို့ မြတ်စွာဘုရား သတိရ ပြန်တယ်။ ဒီရသေ့ဟာလည်း ဟိုခေတ်က နာမည်ကျော် ဂိုဏ်းဆရာကြီးတစ်ဦးပါပဲ။ တပည့်ပေါင်း အမြောက် အမြား (၇၀၀) ခန့် ကို တရားပြနေသူဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားအလောင်းတော်ဟာ အာဠာရ ရသေ့ရဲ့ တရားဌာနမှ ထွက်ခွာခဲ့ပြီးနောက်၊ ရာမရသေ့ဆရာကြီးရဲ့ တရားဌာနသို့ ရောက်လာခဲ့ပါတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ ရာမဆရာကြီး မရှိတော့ပါ။ ကွယ်လွန်သွားနှင့်ခဲ့ပါပြီ။ ဒါကြောင့် အဲဒီတရားဌာနကို သူ့ရဲ့သားတပည့် ဥဒကရသေ့အုပ်ချုပ်နေခိုက် ဘုရားအလောင်းဆိုက်ရောက်သွားခြင်းဖြစ်ပါတယ်။ ဘုရားအလောင်းတော်ဟာ ဥဒကရသေ့ထံ ချဉ်းကပ်ပြီး၊ ရာမဆရာကြီးရရှိသွားတဲ့ တရားနဲ့ အဲဒီ တရားအားထုတ်ပုံ အားထုတ်နည်းတွေကို မေးမြန်းပါတယ်။

ရာမဆရာကြီးဟာ လောကီသမာပတ် ၈-ပါးလုံး ရရှိသွားသူဖြစ်တယ်။ ဥဒကဟာ အဲဒီအချိန်မှာ သူကိုယ်တိုင်တော့ သမာပတ် ၈-ပါးလုံး မရရှိသေးပါ။ ဒါပေမယ့် သူ့ဆရာကြီး ရရှိသွားတဲ့တရားနှင့် အားထုတ်ပုံ အားထုတ်နည်းတွေကိုတော့ ဆရာကြီးထံမှ ကြားသိထားတဲ့အတိုင်း ဘုရားအလောင်းအား အကုန်ပြောပြပါတယ်။ ဘုရားလောင်းဟာ ဥဒကပြောတဲ့အတိုင်း အားထုတ်လိုက်တဲ့အခါ မကြာမီ လောကီသမာပတ် ၈-ပါးလုံး ရရှိသွားပါတယ်။ မိမိရရှိထားတဲ့ တရားကို ဥဒကရသေ့အား ပြောပြတယ်။

ရသေ့ကလည်း သူ့ဆရာကြီး ရာမ ရရှိသွားတဲ့ တရားဟာ အခု ဘုရားလောင်းရရှိတဲ့ တရားအတိုင်းပဲဖြစ်တယ်လို့ ဝန်ခံပါတယ်။ ဒါ့အပြင် ဘုရားလောင်းဟာ သူ့ထက်ပင်သာသွားပြီး သူ့တရားဌာနကြီးကို ဆရာအဖြစ် အုပ်ချုပ်ညွှန်ပြပါလို့ ဘုရားလောင်းအား လျှောက်ပါတယ်။

---

၈။ ဥဒကရသေ့က သူ့တရားဌာနကြီးကို ဆရာအဖြစ် အုပ်ချုပ်ညွှန်ပြပါရန် ဘုရားလောင်းအား လျှောက်နေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ဘုရားလောင်းဟာ ရရှိပြီးဖြစ်တဲ့ လောကီသမာပတ် ၈-ပါးလုံးကို ဆင်ခြင်ကြည့်တယ်။ အို, နာ, သေ ကင်းရာနိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်သေးဘူး။ အရူပဗြဟ္မာပြည်ရောက်ဖို့လောက် တရားသာ ဖြစ်တယ်ဆိုတာ သိလာတယ်။ ဒါကြောင့် အဲဒီ လောကီသမာပတ်တွေကို စွန့်ပယ်ပြီး မကြာမီ အဲဒီတရား ဌာနမှလည်း ထွက်ခွာခဲ့ပါတယ်။

မြတ်စွာဘုရားဟာ ဘုရားမဖြစ်မီကပင် ဥဒကရသေ့ ဉာဏ်ပညာထက်မြက်ကြောင်း ကောင်းစွာ သိတော်မူပြီးဖြစ်ပါတယ်။ ဒါကြောင့် အခုလို ဘုရားဖြစ်လာပြီး တရားဟောရမည့် ပုဂ္ဂိုလ်ကို ထပ်မံစဉ်းစားကြည့်တဲ့အခါ ဥဒကရသေ့ကို သွားသတိရဟန်တူပါတယ်။

ဥဒကဟာ ဉာဏ်ရှိတယ်၊ တက်သိတယ်၊ ပညာမျက်စိမှာ ကိလေသာမြူမှုံ နည်းသူဖြစ်တယ်၊ သူ့ကို တရားဟောရရင် ချက်ချင်း သူတရားရနိုင်တယ်၊ သူ့ကိုတရားဟောမှပဲလို့ မြတ်စွာဘုရားက ရိုးရိုးပဲ ဆင်ခြင်ကြည့်ပါတယ်။

အဲဒီအခါ မြတ်စွာဘုရားရဲ့ စိတ်အကြံကိုသိတဲ့ နတ်တစ်ဦးက "မြတ်စွာဘုရား၊ ဥဒကရသေ့ ကွယ်လွန်တာ တစ်ညရှိသွားပါပြီဘုရား" လို့ လျှောက်ထားပါတယ်။

မြတ်စွာဘုရားက ဉာဏ်အထူးနဲ့ ထပ်ဆင်ခြင်ကြည့်တယ်။ ဥဒက ကွယ်လွန်တာ တစ်ညရှိသွားပြီ မသေမီ လောကီသမာပတ် ၈-ပါးလုံး ရရှိသွားတယ်။ အခု နေဝသညာ နာသညာယတန အရူပဗြဟ္မာဘုံမှာ သွားဖြစ်နေတယ်ဆိုတာ သိတော်မူလာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီဗြဟ္မာမျိုးက ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် အသက်ရှည်တယ်။ နာမ်သာရှိပြီး ရုပ်မရှိလို့ ဒီဘဝမှာ ဘုရားဖူးတရားနာဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ပါ။ ဗြဟ္မာ့သက်တမ်းကုန်လို့ စုတေပြီး လူ့ပြည်မှာ ပြန်ဖြစ်တာတောင် ဘုရားဟောတဲ့တရား နာခွင့်မရနိုင်တော့ပါ။ ပုထုဇဉ်ဘဝနဲ့ပဲ သံသရာမှာ ကံအားလျော်စွာ ကျင်လည်ရတော့မယ်။ တစ်ခါတစ်လေ အပါယ်ကျပြီးတော့လည်း အပါယ်ဆင်းရဲတွေကို မချိမဆန့် ခံစားရပေလိမ့်ဦးမယ်။

ဒါကြောင့် မြတ်စွာဘုရားက "ဥဒကရသေ့တော့ တစ်ညအသေစောသွားလို့ အဆုံးရှုံးကြီး ဆုံးရှုံးသွားရှာပြီ၊ ငါ့တရားကိုသာ နာရရင် ချက်ချင်း ရဟန္တာအထိ ဖြစ်သွားနိုင်တယ်၊ အခုတော့ တရားမနာရတော့ဘူး၊ ဥဒကတော့ အကြီးအကျယ်ဆုံးရှုံးသွားတာပဲ" လို့ စိတ်ဖြင့် ညည်းညူတော်မူပါတယ်။

## ပဉ္စဝဂ္ဂီ

အဲဒီနောက်မှာ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဟောဖို့ မြတ်စွာဘုရား စိတ်အကြံ ရတော်မူပါတယ်။

ပဉ္စဝဂ္ဂီငါးဦးတို့ဟာ ဘုရားအလောင်း တောမထွက်ခင်ကပင် ကြိုတင် တောထွက်နှင့်နေကြသူတွေပါပဲ။ ဒုက္ကရစရိယာအကျင့်များကို ခြောက်နှစ်ကြာအောင် ဘုရားလောင်း ကျင့်တော်မူနေစဉ် သူတို့က ဘုရားလောင်းအား ဝတ်ကြီးဝတ်ငယ် ပြုစုနေခဲ့ကြပါတယ်။ ဒါပေမယ့် ဘုရားလောင်း ဒုက္ကရစရိယာအကျင့်များကို

www.burmeseclassic.com

www.burmeseclassic.com



စွန့်ပယ်လိုက်တဲ့အခါ ရဟန်းဂေါတမတော့ ဘုရားမဖြစ်နိုင်တော့ဘူးလို့ အထင်ရောက်သွားကြတယ်။ ဒါကြောင့် ဘုရားလောင်းထံမှ ထွက်ခွာပြီး ဗာရာဏသီပြည် မိဂဒါဝုန်တောမှာ သွားနေကြပါတယ်။

အားလုံး သိကြပြီးဖြစ်တဲ့အတိုင်း အဲဒီနှစ် ဝါဆိုလပြည့်နေ့မှာ မြတ်စွာဘုရားက ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောတော်မူပါတယ်။ အဲဒီလပြည့်နေ့မှာ အရှင်ကောဏ္ဍည-သောတာပန်ဖြစ်တယ်။ လဆုတ်တစ်ရက်နေ့မှာ ဝပ္ပ၊ နှစ်ရက်နေ့မှာ ဘဒ္ဒိယ၊ သုံးရက်နေ့မှာ မဟာနာမ၊ လေးရက်နေ့မှာ အရှင်အဿဇိတို့ အစဉ်အတိုင်း သောတာပန်ဖြစ်ကြပါတယ်။

အဲဒီပဥ္စဝဂ္ဂီငါးဦးတို့ဟာ အာဠာရရသေ့၊ ဥဒကရသေ့တို့လောက် ဉာဏ်ပညာထက်မြက်ကြပုံ မပေါ်ပါဘူး။ အာဠာရနှင့် ဥဒကတို့လို လောကီစျာန်သမာပတ်တွေ ရရှိတယ်လို့လည်း စာထဲပေထဲမှာ မတွေ့မိသေးဘူး။ ဒါပေမယ့် သူတို့ဟာ ဓမ္မစကြာတရားနာခွင့်ရကြလို့ သောတာပန်ဖြစ်ကုန်ကြတယ်။ အနတ္တ လက္ခဏသုတ်နာကြားအပြီးမှာ ရဟန္တာတွေ ဖြစ်ကုန်ကြပါတယ်။

အာဠာရနှင့် ဥဒကတို့မှာတော့ တရားနာရရင် ချက်ချင်း ရဟန္တာဖြစ်နိုင်လောက်အောင် ဉာဏ်ပညာထက်မြက်ကြပေမယ့် တရားနာခွင့်မရတာနဲ့ သောတာပန်လောက်တောင် ဖြစ်မသွားရရှာဘူး။

ဒါကြောင့် သူတော်ကောင်းတရား နာကြားရခြင်းဟာလည်း သောတာပန်ဖြစ်စေနိုင်တဲ့ အကြောင်းတစ်ပါးဖြစ်တယ်ဆိုတာ စွဲစွဲမြဲမြဲ မှတ်သားထားကြပါ။ အခါအခွင့်သင့်တိုင်းလည်း သူတော်ကောင်းတရားနာကြားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ၃။ နှုလုံးသွင်းမှန်တာ ကြောင်းတစ်ဖြာ

ကဲ. . အခုသောတာပန်ဖြစ်စေနိုင်တဲ့ တတိယအကြောင်း ဟောလှည့်ရောက်လာပြီ။

နှုလုံးသွင်းမှန်ကန်တာဟာ သောတာပန်ဖြစ်စေနိုင်တဲ့အကြောင်းတစ်ပါးပဲဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး အနည်းငယ် ရှင်းလင်းဖော်ပြပါဦးမယ်။

မြတ်စွာဘုရားက သင်္ခါရသဘောတရားတွေဟာ မမြဲဘူး၊ ဆင်းရဲတယ်၊ အစိုးမရ၊ ငါကောင် သူကောင်လည်းမဟုတ်၊ တင့်လည်း မတင့်တယ်ဘူးလို့ ဟောကြားထားပါတယ်။

မမြဲတဲ့တရားကို မမြဲတဲ့အနေ၊ ဆင်းရဲတဲ့တရားကို ဆင်းရဲတဲ့အနေ၊ အစိုးမရ, ငါကောင် သူကောင်မဟုတ်တဲ့သဘောကို အစိုးမရ, ငါကောင်သူကောင် မဟုတ်တဲ့အနေ၊ မတင့်တယ်တဲ့သဘောကို မတင့်တယ်တဲ့အနေ နှုလုံးသွင်းတာဟာ နှုလုံးသွင်းမှန်ကန်ခြင်း ဖြစ်ပါတယ်။

မမြဲတာကို မြဲတဲ့အနေ၊ ဆင်းရဲတာကို ချမ်းသာအနေ၊ အစိုးမရ, ငါကောင်သူကောင် မဟုတ်တာကို အစိုးရတဲ့အနေ, ငါကောင်သူကောင်အနေ၊ မတင့်တယ်တာကို တင့်တယ်တဲ့အနေ နှုလုံးသွင်းတာဟာ နှုလုံးသွင်းမှားခြင်းပါပဲ။

နှုလုံးသွင်း မှန်ကန်တာဟာ သောတာပန်ဖြစ်ကြောင်းတရားဆိုတော့ နှုလုံးသွင်း မှားယွင်းတာဟာ သောတာပန် မဖြစ်စေနိုင်တဲ့တရားဆိုတာ ထင်ရှားပါတယ်။ ဒါနဲ့သက်ဆိုင်တဲ့ ဝတ္ထုသာဓကလေး ဖော်ပြပါဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားလက်ထက်တော်က ကုရုတိုင်း ကမ္မာသဓမ္မနိဂုံးမှာ မာဂဏ္ဍီပုဏ္ဏားမိသားစုတစ်စု ရှိခဲ့ပါတယ်။ အဲဒီမိသားစုက အဖေလည်း မာဂဏ္ဍီ၊ အမေလည်း မာဂဏ္ဍီ၊ သမီးလည်း မာဂဏ္ဍီ၊ ဘထွေးလည်းမာဂဏ္ဍီ၊ အကုန်လုံးရဲ့ နာမည်ဟာ မာဂဏ္ဍီချည်းပဲ။

အဲ. . သမီး မာဂဏ္ဍီလေးဟာ နတ်ကညာလား အထင်မှားစဖွယ် အလွန်လှပတင့်တယ်သူဖြစ်ပါသတဲ့။ ဒီတော့ အဖေမာဂဏ္ဍီကြီးက သူ့သမီးနှင့်တန်သူ သားမက်လောင်း ရှာမတွေ့နိုင်လောက်အောင် သမီးဂုဏ်မောက်နေပါတယ်။ အမျိုးဇာတ်မြတ်သူတွေက သူ့သမီးကို သူ့ထက်ငါဦး တောင်းရမ်းလာကြပါရဲ့။ ဒါပေမယ့် ပုဏ္ဏားကြီးက သူ့သမီးနဲ့ သူတို့နဲ့မတန်ဘူးလို့ ပြောဆိုမောင်းမဲလွှတ်လို့ အားလုံးပဲ တပ်လန်ပြန်သွားကြရပါတယ်။

တစ်နေ့မှာ မြတ်စွာဘုရားဟာ မာဂဏ္ဍီပုဏ္ဏားကြီးနှင့် ဇနီးတို့ အကျွတ်တရားရကြမှာကို ဉာဏ်တော်ဖြင့် မြင်တော်မူပါတယ်။ ဒါနဲ့ မာဂဏ္ဍီပုဏ္ဏားကြီးတို့ရဲ့ နိဂုံးကို ကြွတော်မူပါတယ်။ ပုဏ္ဏားကြီးဟာ ရွာအပြင်ဘက်မှာ သူတို့ဘာသာအရ မီးပူဇော် လေ့ရှိပါတယ်။ အဲဒီမီးပူဇော်ရာနေရာနားမှာ မြတ်စွာဘုရား သွားရောက်သီတင်းသုံးတော်မူပါတယ်။ ဒါကြောင့် ပုဏ္ဏားကြီးမီးပူဇော်ဖို့ထွက်အလာမှာ မြတ်စွာဘုရားကို မြင်သွားပါတယ်။

---

၉။ မာဂဏ္ဍီပုဏ္ဏားကြီးက သူ့သမီးကို တောင်းရမ်းလာကြသူများအား 'ငါ့သမီးနဲ့ မင်းတို့နဲ့ မတန်ဘူး' ဟု မောင်းမဲ ပြောဆိုလွှတ်နေပုံ။

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


ပုဏ္ဏားကြီးက မြတ်စွာဘုရားကို မြင်လိုက်တယ်ဆိုရင်ပဲ ဒီလောကမှာ ဒီရဟန်းလောက် ရုပ်အဆင်း လှသူမရှိဘူးလို့ ထင်သွားတယ်။ သူ့သမီးနှင့် ထိုက်တန်သူအဖြစ် သဘောကျသွားတယ်။ သမီးပေးချင်စိတ် ပေါက်သွားတယ်။

ဒါနဲ့ "အရှင်ရဟန်း၊ အကျွန်ုပ်မှာ သမီးတစ်ယောက် ရှိပါတယ်၊ အကျွန်ုပ်သမီးက အလွန်လှပသူဖြစ်ပါတယ်၊ သင်ရဟန်းကလည်း အလွန်ချောမောသူဖြစ်ပါတယ်၊ အကျွန်ုပ်သမီးဟာ သင်နှင့်သာ ထိုက်တန်ပါတယ်၊ သင်ဟာလည်း ကျွန်ုပ်သမီးနှင့်သာ ထိုက်တန်ပါတယ်၊ သင့်မှာ ခြေရင်းအလုပ်အကျွေးအဖြစ် ဇနီးရရှိသင့်သလို အကျွန်ုပ်သမီးမှာလည်း မှီခိုအားထားစရာ လင်ယောကျ်ား ရရှိထိုက်ပါတယ်၊ သင့်ကို သမီးပေးပါရစေ၊ ကျွန်ုပ်မလာမချင်း ဒီနေရာမှာပဲ စောင့်နေပါ၊ ဘယ်မှမသွားပါနဲ့" လို့ မြတ်စွာဘုရားကို ပြောကြားပါတယ်။

ဒီနေရာမှာ မြတ်စွာဘုရားကို ပုဏ္ဏားကြီးက သားမက်အဖြစ်လိုချင်တာနှင့်ပတ်သက်ပြီး အနည်းငယ်ကြားညှပ် ဖော်ပြပါဦးမယ်။

ရှေးအခါက အချို့ပုဏ္ဏားသူမျိုးများဟာ ငယ်ရွယ်စဉ်မှာ ရသေ့ရဟန်း ပြုကြတယ်။ အသက် (၄၈) နှစ်လောက်ရောက်တဲ့အခါ အမျိုးအနွယ်မပြတ်အောင်ဆိုပြီး လူထွက်အိမ်ထောင်ပြုကြတယ်။ ရသေ့ဝတ်စဉ်က နှစ်တွေဝါတွေကို ရောင်းစားကြတယ်။ ဝယ်သူများကလည်း ဝယ်ကြသတဲ့။ အဲဒီငွေနှင့် အရင်းအနှီးပြုပြီး သားမယားများကို ကျွေးမွေးကြတယ်။ အဲဒီလို ရသေ့ရဟန်းအဆက်အနွယ်မျိုး ဒီမာဂဏ္ဍီပုဏ္ဏားတို့ရဲ့ အဆက်

 www.burmeseclassic.com 

အနွယ်ထဲမှာ တစ်ဆက်ပါဖူးသတဲ့။ ဒါကြောင့် မြတ်စွာဘုရားကို ဘုရားမှန်းမသိဘဲ လူချောလူလှ ရသေ့ရဟန်းအဖြစ်ထင်မှတ်ကာ မျိုးရိုးစိတ်ဓာတ်အရ သမီးပေးချင်စိတ် ပေါက်သွားခြင်းဖြစ်ပါသတဲ့။

ဏဲ-ဝတ္ထုကြောင်းလေး ပြန်ဆက်ကြဦးစို့။ မြတ်စွာဘုရားက ဘာမျှပြန်မပြောဘဲ ဆိတ်ဆိတ်နေတော်မူပါတယ်။ ပုဏ္ဏားကြီးဟာ အားရဝမ်းသာနဲ့ အိမ်ပြန်ပြေးတယ်။ အိမ်နားရောက်ရောက်ချင်း ပုဏ္ဏေးမကြီးကိုလှမ်းခေါ်တယ်။ သမီးအတွက် ခင်ပွန်းလောင်း တွေ့လာခဲ့ပြီ။ သမီးကို မြန်မြန်ဆန်ဆန် အဝတ်တန်ဆာဆင်မြန်းပေးပါလို့ ပြောပါတယ်။ ပုဏ္ဏေးမကြီးလည်း ခိုင်းတဲ့အတိုင်း ပြုလုပ်ပေးတယ်။ အဲဒီနောက် သားမိသားဖသုံးယောက် ရွာအပြင်သို့ ရှေ့ရှုသွားကြပါတယ်။

-သူ့သမီးကို ဘယ်သူနဲ့မှ မတန်ဘူးလို့ အထင်ရောက်နေတဲ့ ပုဏ္ဏားကြီးကိုယ်တိုင်က စိတ်တိုင်းကျသားမက်လောင်း တွေ့လာပြီဆိုတာ သိရတော့ ချက်ချင်း တစ်ရွာလုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားပါတယ်။ အဲဒီ သတိုးသားလောင်းဟာ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲဆိုတာ သိချင်လာကြတယ်။ ဒါကြောင့် လူအုပ်ကြီးဟာ ပုဏ္ဏားမိသားစုနောက်ကို စုပြုံလိုက်ပါသွားကြတယ်။

ပုဏ္ဏားကြီးတို့ ရွာအပြင်ရောက်လာတော့ မူလနေရာမှာ မြတ်စွာဘုရား မရှိတော့ပါ။ အဲဒီနေရာမှာ မြတ်စွာဘုရားက ခြေတော်ရာချထားခဲ့ပြီး ခပ်လှမ်းလှမ်းက အခြားတစ်နေရာမှာ သွားရောက် သီတင်းသုံးနေတော်မူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


မြတ်စွာဘုရား ခြေတော်ရာဆိုတာ တစ်ဦးတစ်ယောက်အတွက် ရည်ရွယ်ပြီးချထားရင် အဲဒီသူသာ မြင်ရတယ်။ သူမမြင်ရသေးရင်လည်း ပျောက်ပျက်မသွားဘူး။ အဲဒီ ခြေတော်ရာမျိုးဟာ ဆင်၊ မြင်း စတဲ့ သတ္တဝါတွေ နင်းလို့ မပျက်နိုင်၊ မိုးကြီးရွာချလို့လည်း မပျက်နိုင်၊ လေကြမ်းတိုက်ဖျက်လို့လည်း မပျက်နိုင်ဘူး။ မြင်ရမည့်သူ မြင်ပြီးမှသာ အလိုအလျောက် ပျောက်ပျက်သွားပါတယ်။

မာဂဏ္ဍီပုဏ္ဏားကြီးဟာ သူ စောင့်ခိုင်းထားခဲ့တဲ့နေရာမှာ မြတ်စွာဘုရားကို မမြင်ရဘဲ ခြေတော်ရာကိုသာ သွားမြင်တယ်။ အဲဒီအခါ ဒီခြေရာဟာ သူ့သားမက်လောင်း ခြေရာပဲလို့ ပုဏ္ဏေးမကြီးကို ပြတယ်။

ပုဏ္ဏေးမကြီးကလည်း ခေသူမဟုတ်ဘူး။ ဗေဒင်သုံးပုံ ကုန်အောင်တတ်သူ ဖြစ်တယ်။ လက္ခဏာဆိုင်ရာ မန္တန်ရွတ်ပြီး ခြေတော်ရာကို စစ်ဆေးကြည့်တော့ အမှန်အတိုင်း သိလာတယ်။

ဒါနဲ့ "ပုဏ္ဏားကြီး၊ သင် တယ်မိုက်ပါလား၊ ဒါဟာ အာရုံငါးပါး ကာမဂုဏ်တရား မှီဝဲခံစားသူရဲ့ ခြေရာ မဟုတ်ဘူး" လို့ အသေအချာ ပြောကြားပါတယ်။


ဒါပေမယ့် ပုဏ္ဏားကြီးက လက်မခံဘူး။ ပုဏ္ဏေးမကြီးကို စကားများတယ်ဆိုပြီး အော်ငေါက်ပစ်တယ်။ ပုဏ္ဏေးမကြီးကလည်း မလျှော့ဘူး၊ အဲဒီ စကားကိုပဲ ထပ်ပြောတယ်။

---

၁၀။ မာဂဏ္ဍီပုဏ္ဏားကြီးက သမီးနှင့်ဇနီးကို ဘုရားရှင်ထံ ခေါ်သွားပြီး သူ့သမီးကို ယူပါရန် အပ်နှင်းနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ဒီလိုနဲ့ လင်မယားစကားများရင်း ပုဏ္ဏားကြီးက ဟိုကြည့်-ဒီကြည့် ရှာကြည့်တော့ ခပ်လှမ်းလှမ်းက တစ်နေရာမှာ မြတ်စွာဘုရားကို သွားမြင်ပါတယ်။ ဟောဟိုဟာ ငါ့သားမက်လောင်းပဲ ဆိုပြီး မြတ်စွာဘုရားထံ သမီးနဲ့ဇနီးကို အမြန်ခေါ်သွားတယ်။ မြတ်စွာဘုရားအား သူ့သမီးကိုယူဖို့ အပ်နှင်းပါတယ်။

မြတ်စွာဘုရားက "ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဆိတ်ကျောင်းညောင်ပင်အောက်မှာ စံနေတော်မူစဉ် မာရ်နတ်ရဲ့ သမီးပျိုသုံးဦးဖြစ်တဲ့ တဏှာ၊ အရတိ၊ ရာဂ ဆိုတဲ့ နတ်ကညာများက မာယာအမျိုးမျိုးပြပြီး ဖြားယောင်းလာတာတောင် ငါ့မှာ ပေါင်းသင်းလိုစိတ် အလျှင်းမဖြစ်ခဲ့ဘူး၊ သင့်သမီးရဲ့ ကိုယ်ဟာ ကျင်ကြီး ကျင်ငယ်တွေနှင့် ပြည့်နှက်နေတာ၊ ယူဖို့မပြောနှင့် ခြေဖျားနဲ့တောင် မထိချင်ဘူး" လို့ မိန့်ကြားတော်မူပါတယ်။

မာဂဏ္ဍီအမျိုးသမီးငယ်ရဲ့ ကိုယ်ကောင်အပါအဝင် သူသူ-ငါငါတို့ရဲ့ ဒီကိုယ်ကောင်တွေဟာ ကျင်ကြီး ကျင်ငယ် သည်းခြေ-သလိပ်-ပြည်-သွေး-ချွေး-နှပ်-တံတွေး စတဲ့ ရွံစရာတွေနှင့် ပြည့်နှက်နေတာ၊ မတင့်တယ်တာ၊ စက်ဆုပ်ဖွယ်ရှိတာ အမှန်ပါပဲ။ အမှန် မတင့်တယ်တာကို မတင့်တယ်တဲ့အနေနဲ့ မြတ်စွာဘုရားက ဖော်ပြဟောကြားလိုက်ခြင်းပါပဲ။

ဒီလို မတင့်တယ်တာကို မတင့်တယ်တဲ့အနေနဲ့ မြတ်စွာဘုရားဟောကြားတာကို အဖေ မာဂဏ္ဍီရော၊ အမေ မာဂဏ္ဍီရော၊ သမီးမာဂဏ္ဍီပါ အတူတူကြားကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့အမေက မတင့်တယ်တဲ့ခန္ဓာကိုယ်ကို မတင့်တယ်တဲ့အနေ၊ တရားကို တရားအနေ နှလုံးသွင်းမိကြတယ်။ နှလုံးသွင်းမှန်ကန်သွားလို့ တရားဆက်နာပြီး အနာဂါမ် ဖြစ်သွားကြပါတယ်။

ဒါပေမယ့် သမီးမာဂဏ္ဍီကတော့ မြတ်စွာဘုရားဟောတဲ့တရားကို တရားအနေနဲ့ နှလုံးမသွင်းမိရှာဘူး။

"ကြည့်စမ်း၊ ဒီရဟန်းဟာ ငါ့ကိုမလိုချင်ရင် မလိုချင်ဘူး ပြောရောပေါ့၊ အခုတော့ ငါ့ကိုယ်က မစင်တွေ ကျင်ငယ်တွေနဲ့ ပြည့်နှက်နေသတဲ့၊ ငါ့ကိုယူဖို့မပြောနဲ့ ခြေဖျားနဲ့တောင် မတို့ချင်ဘူးတဲ့၊ ရှိပါစေ၊ ငါ အထွတ်အထိပ်ရောက်မှ ဒီရဟန်းကို အကြောင်းပြလိုက်ဦးမယ်" လို့ တွေးပြီး မြတ်စွာဘုရားအပေါ် ရန်ငြိုးဖွဲ့သွားပါတယ်။

နောင်အခါ ဒီမာဂဏ္ဍီဟာ ကောသမ္ဗီပြည့်ရှင် ဘုရင်ဥတေနရဲ့မိဖုရားကြီး သွားဖြစ်တယ်။ ဥတေနမင်းမှာ တခြား သာမာဝတီ မိဖုရားကြီးနှင့် ဝါသုလဒတ္တာမိဖုရားကြီးတို့လည်း ရှိသေးတယ်။ မိဖုရားတစ်ဦးစီမှာ အခြံအရံအမျိုးသမီး ငါးရာစီ ရှိပါသတဲ့။

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ နောက်ပါ သံဃာတော်များနှင့်အတူ ကောသမ္ဗီပြည်သို့ ကြွရောက်တော်မူပါတယ်။ သာမာဝတီရဲ့ အစေအပါး ခုဇ္ဇုတ္တရာအမျိုးသမီးဟာ မြတ်စွာဘုရားရဲ့ တရားတော်ကိုနာရပြီး သောတာပန် ဖြစ်သွားပါတယ်။ သူက ပြန်ဟောပြလို့ သာမာဝတီနှင့် အခြားအခြံအရံ အမျိုးသမီးငါးရာတို့လည်း သောတာပန် ဖြစ်ကုန်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မာဂဏ္ဍီဟာ မြတ်စွာဘုရား ကောသမ္ဗီပြည်ရောက်လာတာကို သာမာဝတီတို့ထံမှတစ်ဆင့် သိသွားတယ်။ သာမာဝတီတို့ဟာ ဘုရားတပည့်တွေဆိုတာ သိသွားရင်ပဲ သူတို့ကိုပါ ရန်ငြိုးဖွဲ့တယ်။ အမျိုးမျိုး မကောင်းကြံတယ်။ မြတ်စွာဘုရားနှင့် သံဃာတော်များကို ဆဲရေးဖို့ သေသောက်ကြူးတွေ လူမိုက်တွေကို အသပြာပေးပြီး စေခိုင်းတယ်။ လူမိုက်တွေကလည်း ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို အမျိုးမျိုး ဆဲရေး ကိုင်းထွာကြတယ်။

လူတွေ ဆဲတာခံရလွန်းလို့ ညီတော်အာနန္ဒာကတောင် အဲဒီမြို့မှထွက်ခွာဖို့ မြတ်စွာဘုရားကို လျှောက်ထားတဲ့အထိ ဖြစ်လာပါတယ်။ ဒါပေမယ့် မြတ်စွာဘုရားက သူတို့ဆဲတာ (၇) ရက်ထက် ပိုမခံဘူး၊ (၇) ရက်ကျော်ရင် အလိုအလျောက် ပျောက်ပျက်သွားလိမ့်မယ်လို့ မိန့်ကြားပြီး အဲဒီမှာပဲ ဆက်နေတော်မူပါတယ်။

မာဂဏ္ဍီဟာ ဘုရားကိုလည်း ဆဲပြီးနှင်လို့မရ၊ သာမာဝတီတို့ အပြစ်ရအောင် ဥတေနမင်းအား အမျိုးမျိုး ကုန်းတိုက်စကား ပြောကြားလို့လည်း မအောင်မြင်ဘဲ ဖြစ်လာတယ်။ ဒါနဲ့ နောက်ဆုံးမှာ သာမာဝတီတို့ရဲ့ နန်းဆောင်ကို မီးလောင်တိုက်သွင်းပစ်ဖို့ သူ့ဘထွေးကို ခိုင်းတယ်။ ဥတေနဘုရင် ဥယျာဉ်ပျော်ပွဲစားထွက်နေခိုက် သာမာဝတီနှင့်တကွ အမျိုးသမီးငါးရာတို့ဟာ မီးရှို့ခံရလို့ သေဆုံးကုန်ကြပါတယ်။

---

၁၁။ ဘုရင်က မာဂဏ္ဍီမိဖုရားအား ကြီးလေးသောပြစ်ဒဏ်ကို ပေးတော်မူနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



နောင် အမှုမှန် ပေါ်လာတဲ့အခါ ဥစ္စာေနမင်းက မာဂဏ္ဍီနှင့် သူ့ဆွေမျိုးတွေကို လည်ပင်းအထိ နက်တဲ့ တွင်းထဲထည့်၊ ကောက်ရိုးပုံပြီး မီးရှို့တယ်။ နောက်မှ သံထွန်သွားဖြင့် အပိုင်းပိုင်းပြတ်အောင် တိုက်သတ်ပစ်တယ်။ မာဂဏ္ဍီကိုဆိုရင် အသက်မသေခင်မှာ ကိုယ်မှ အသားတို့ကို လှီးယူပြီး ဆီအိုးထဲထည့်ကြော်ကာ သူ့အသားကိုသူ ပြန်စားခိုင်းတယ်။ နောက်မှ အဆုံးစီရင်ပစ်တယ်။

ဒီလို မာဂဏ္ဍီရော မဆိုင်သူတွေပါ နောက်ဆုံးမှာ အသေဆိုးနှင့် သေကုန်ကြရတာဟာ မြတ်စွာဘုရားတရားဟောစဉ်က မာဂဏ္ဍီနှလုံးသွင်းမှားပြီး ရန်ငြိုးဖွဲ့ခဲ့တဲ့ အကျိုးဆက်တွေပါပဲ။

ဒါကြောင့် နှလုံးသွင်းမှားရင် တရားမရနိုင်တဲ့အပြင် ဒုက္ခတောင် ရောက်နိုင်တယ်ဆိုတာ သတိပြုသံဝေဂယူသင့်ကြပါတယ်။ အဲ. . နှလုံးသွင်းမှန်ရင်တော့ အဖေ မာဂဏ္ဍီ အမေ မာဂဏ္ဍီတို့လို တရားရသွားနိုင်ပါတယ်။

ဒီ ဝတ္ထုကို ထောက်ဆလိုက်ရင် တရားနဲ့ပတ်သက်ပြီး နှလုံးသွင်း မှန်ကန်တာဟာ သောတာပန်ဖြစ်စေနိုင်တဲ့ အကြောင်းတစ်ပါးဆိုတာ အလွန်ထင်ရှားပါတယ်။ ဒါကို စွဲစွဲမြဲမြဲမှတ်သားပြီး နှလုံးသွင်း မမှားအောင် ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ၄။ တရားကျင့်တာ ကြောင်းတစ်ဖြာ

ကဲ. . အခု သောတာပန်ဖြစ်စေနိုင်တဲ့ နောက်ဆုံးအကြောင်းကို ဟောလှည့် ရောက်လာပြီ။ သောတာပန်ဖြစ်စေနိုင်တဲ့ အကြောင်းတရားလေးပါးထဲမှာ ဒီအကြောင်းတရားဟာ အရေးအကြီးဆုံးဖြစ်တယ်လို့ ဆိုချင်ပါတယ်။ ဒီ နောက်ဆုံးအကြောင်းကတော့ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း တရားကျင့်ခြင်းပါပဲ။

ဗုဒ္ဓဘာသာဝင်တို့ရဲ့ နောက်ဆုံးရည်မှန်းချက်ပန်းတိုင်ဟာ ဆင်းရဲခပ်သိမ်းကင်းငြိမ်းရာ နိဗ္ဗာန်ရောက်ဖို့ဖြစ်တယ်ဆိုတာ အားလုံးသိကြပါတယ်။ အဲဒီ နိဗ္ဗာန်ဆိုတာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ရဲ့ အာရုံဖြစ်တဲ့ အထူးပရမတ်တရားပဲ။ ဒါကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်မရဘဲ နိဗ္ဗာန်ကိုမရနိုင် မျက်မှောက်မပြုနိုင်ပါဘူး။

ဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကလည်း သူတို့ဖြစ်ပေါ်လောက်အောင် ဝိပဿနာဉာဏ်အဆင့်ဆင့် ရင့်သန်ပါမှ ဖြစ်ပေါ်နိုင်ပါတယ်။ အလကားသက်သက် အလိုအလျောက် ပေါ်ပေါက်လာတာ မဟုတ်ပါဘူး။

ဝိပဿနာဉာဏ်အဆင့်ဆင့် ဖြစ်ပေါ်ရေးအတွက် စိတ်တည်ငြိမ်မှုသမာဓိ လိုအပ်ပါတယ်။ သက်ဆိုင်ရာသမာဓိမျှမရရင် ဝိပဿနာဉာဏ် မဖြစ်ပေါ်နိုင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ သမာဓိက အကျဉ်းအားဖြင့် (၁) ဥပစာရသမာဓိ ခေါ် ဈာန်ရဲ့အနီးမှာ ဖြစ်တဲ့ သမာဓိ။ (၂) အပ္ပနာသမာဓိ ခေါ် ဈာန်သမာဓိ နှင့် (၃) ခဏိကသမာဓိ ခေါ် အခိုက်အတန့် စိတ်ငြိမ်သက်မှုရယ်လို့ သုံးမျိုးရှိပါတယ်။

အဲဒီသုံးမျိုးအနက် ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိတို့က ဈာန်ရရုံအားထုတ်သူနှင့် ဈာန်ကို အခြေခံပြုပြီး ဝိပဿနာတရား ဆက်လက်အားထုတ်မည့်သူတို့အတွက်သာ အဓိက လိုအပ်ပါတယ်။

ခဏိကသမာဓိကတော့ ဝိပဿနာသက်သက် အားထုတ်ရာမှာ လိုအပ်ပါတယ်။ ဝိပဿနာရှုမှတ်ရာ၌ ရှုမှတ်စရာ သို့မဟုတ် အရှုမှတ်ခံအာရုံပေါ်မှာ ရှုမှတ်စိတ် ကပ်ခနဲ ကပ်ခနဲ ကျရောက်သွားတဲ့ သဘောဟာ ခဏိကသမာဓိပါပဲ။ အနည်းဆုံး ဒီ ခဏိကသမာဓိလောက်မှ မရရင် ဝိပဿနာဉာဏ် မဖြစ်ပေါ်နိုင်ပါဘူး။

ဒီ သက်ဆိုင်ရာ သမာဓိမျိုးဖြစ်ဖို့ရာမှာလည်း သီလစင်ကြယ်မှု ရှိရပါတယ်။ လူဆိုရင် လူ့သီလ၊ ရှင်ရဟန်းဆိုရင် ရှင်ရဟန်းသီလ စင်ကြယ်ရပါတယ်။

သက်ဆိုင်ရာ သီလစင်ကြယ်မှ စိတ်ငြိမ်သက်မှု သမာဓိ ဖြစ်နိုင်တယ်။ သမာဓိဖြစ်မှ ဝိပဿနာဉာဏ် ဖြစ်ပေါ်နိုင်တယ်။ ဝိပဿနာဉာဏ်ပညာ ဖြစ်ပေါ်ရင့်သန်ပါမှ မဂ်ရောက်ဖိုလ်ဝင် နိဗ္ဗာန်မြင်သွားနိုင်ပါတယ်။

---

၁၂။ အမျိုးသမီး ယောဂီတစ်ဦး ဝိပဿနာတရားကို ထိုင်လျက် ရှုမှတ်ပွားများနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



သောတာပတ္တိ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ရင် သောတာပန် ဖြစ်သွားတာပါပဲ။ ဒါကြောင့် သီလ သမာဓိ ပညာ အကျင့်တရားတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်တာဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ရကြောင်းတရား ကျင့်ခြင်းပါပဲ။ ဒီလိုတရားကျင့်တာဟာ သောတာပန်ဖြစ်ကြောင်း တရားတစ်ပါး ဖြစ်ပါတယ်။ လွယ်လွယ်ပြောရရင်တော့ ဝိပဿနာတရား အားထုတ်တာဟာ သောတာပန်ဖြစ်ကြောင်းပါပဲ။

ဒီနေရာမှာ "နာဖူးထပ်မံ" အနေဖြင့် ဝိပဿနာအကြောင်း အနည်းငယ် ဆက်ပြောပါဦးမယ်။ ဦးပဉ္ဇင်းရဲ့ တရားစာအုပ်တိုင်းမှာလိုလို ဝိပဿနာအကြောင်းတွေ ပါရှိပြီးဖြစ်လို့ "နာဖူးထပ်မံ" ဆိုတဲ့စကားကို သုံးလိုက်ခြင်းပါပဲ။

ဝိပဿနာဆိုတာ အနိစ္စ စသည်တို့ရဲ့ အစွမ်းဖြင့် အထူးရှုမှတ်တာ ဖြစ်ပါတယ်။ ဒါကတော့ စာသဘောအရ ပြောတာပါ။ အလုပ်သဘောအရဆိုရင်တော့ မြင်တိုင်း၊ ကြားတိုင်း၊ နမ်းရှုတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ တွေးတိုင်း၊ သွားတိုင်း၊ ရပ်တိုင်း၊ ထိုင်တိုင်း၊ အိပ်တိုင်း၊ ဖောင်းတိုင်း၊ ပိန်တိုင်း ဒီလိုအာရုံနှင့် ဒွါရ ဆုံတွေ့တိုင်း ထင်ရှားရှိတဲ့ ရုပ်တရား နာမ်တရားတွေကို မပြတ်ရှုမှတ်တာဟာ ဝိပဿနာပါပဲ။

ဒါပေမယ့် စ,အားထုတ်စပုဂ္ဂိုလ်များအဖို့ မြင်ရာကပဲ စမှတ်ရမလား၊ ကြားရာကပဲ စ,မှတ်ရမလား စသည်ဖြင့် သံသယဖြစ်စရာ ရှိလာတတ်ပါတယ်။ ဒါကြောင့် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက အားထုတ်စ ပုဂ္ဂိုလ်များအတွက် အခြေခံကစပြီး ရှုမှတ်နည်းတွေကို လူတိုင်း နားလည်နိုင်တဲ့ ရုပ်သုံးရွာသုံး

 www.burmeseclassic.com


စကားဖြင့် မြတ်စွာဘုရားအလိုတော်ကျ ညွှန်ကြားဟောပြထားခဲ့တာ ရှိပါတယ်။ အခု အဲဒီ ရှုမှတ်နည်းကို အကျဉ်းချုပ်လောက် ထပ်ဖော်ပြပါဦးမယ်။

ဝိပဿနာတရား ရှုမှတ်အားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ လူဆိုရင် အနည်းဆုံး ငါးပါးသီလလောက် ဆောက်တည်ထားရတယ်။ ရှင်ရဟန်းဆိုရင် ရှင်ရဟန်းဆိုင်ရာသီလကို စင်ကြယ်စေရတယ်။ မိမိရဲ့ စင်ကြယ်တဲ့ သီလဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်အား ကျေးဇူးပြုပါစေလို့ စိတ်ညွတ်ထားပါ။

အဲဒီနောက် တောထဲကိုဖြစ်စေ၊ သစ်ပင်ရင်းကိုဖြစ်စေ၊ ဆိတ်ငြိမ်ရာအရပ်ကို ဖြစ်စေ သွားရောက်ပြီး နေရာယူရတယ်။ တင်ပျဉ်ခွေဖြစ်စေ၊ မိန်းမထိုင်ဖြစ်စေ၊ ကြာကြာထိုင်နိုင်မည့် အထိုင်တစ်မျိုးမျိုးနှင့် ထိုင်ပါ။ အထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့် သို့မဟုတ် သက်သာသလို ထားပါ။ မျက်စိမှိတ်၊ အသက်ကို မှန်မှန်ရှူ။ စိတ်က ဝမ်းဗိုက်ကို အာရုံပြုထား၊ အသက်ရှူသွင်းတိုင်း ဝမ်းဗိုက်ဖောင်းလာရင် ဖောင်းတယ်လို့ မှတ်ပါ။ အသက်ပြန်ရှူထုတ်လို့ ဝမ်းဗိုက် ပိန်ကျသွားရင် ပိန်တယ်လို့ မှတ်ပါ။

သူ့အလိုအလျောက် ဖောင်းလာမှ ဖောင်းတယ်လို့ မှတ်ပါ။ သူ့အလိုအလျောက် ပိန်ကျသွားမှ ပိန်တယ်လို့ မှတ်ပါ။ ဖောင်းအောင် ပိန်အောင်ဆိုပြီး တမင် အသက်ကို ပြင်းပြင်းမရှူပါနှင့်။ ဖောင်းတာ ပိန်တာမြန်ရင် ဖောင်းတာပိန်တာ ဒီနှစ်မျိုးကို မှတ်ပါ။

ဖောင်းတာပိန်တာ နှေးရင် ထိုင်တဲ့အမူအရာကိုပါ အာရုံပြုပြီး ထိုင်တယ်လို့ ထည့်မှတ်ပါ။ ဒီတော့ မှတ်ရမယ့်အမှတ်ဟာ "ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်" သုံးချက် ဖြစ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ အသက်ရှူသိပ်နေးလို့ ဖောင်းတာ ပိန်တာ သိပ်နေးနေရင် အထိအများဆုံး တစ်နေရာကိုပါ အာရုံပြုပြီး ထိတယ်လို့ မှတ်ပါ။ ဒီတော့ မှတ်ရမည့်အမှတ်ဟာ "ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်" လေးချက် ဖြစ်လာတယ်။ မှတ်တိုင်းမှတ်တိုင်း စိတ်နှင့်သာမှတ်ပါ။ နှုတ်က လိုက်မဆိုပါနဲ့။

ဖောင်းတယ်၊ ပိန်တယ်၊ သို့မဟုတ် ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် ဆိုတဲ့ အမှတ်တွေဟာ ထိုင်ပြီးမှတ်တဲ့အခါ မှတ်ရတဲ့ ပင်တိုင်အမှတ် အခြေခံအမှတ်တွေပါပဲ။ ဘာမှ မှတ်စရာမရှိရင် ဒီအခြေခံအမှတ်တွေကိုပဲ မှတ်ရတယ်။

အခြေခံအမှတ်တွေကို မှတ်နေရင်း မြင်မှုကြားမှု၊ စိတ်ကူးစဉ်းစားမှု၊ နာမှုကျင်မှု စတဲ့ မှတ်စရာအသစ်အသစ်တွေ ပေါ်လာရင် မြင်တယ်၊ ကြားတယ်၊ တွေးတယ် စသည်ဖြင့် အဲဒီ မှတ်စရာအသစ်တွေကိုပဲ မှတ်သွားရတယ်။ မှတ်စရာအသစ်တွေ ပျောက်သွားလို့ ဘာမှ မှတ်စရာမရှိရင်တော့ အခြေခံအမှတ်ဖြစ်တဲ့ ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာကိုပဲ ပြန်မှတ်ပါ။


ထိုင်ရာက ထချင်ရင် ထချင်တဲ့စိတ်ကို မှတ်။ ထတဲ့အခါ ခန္ဓာကိုယ် တဖြည်းဖြည်း ကြွတက်လာတဲ့ အမူအရာကို အာရုံပြုပြီး ထတယ်၊ ထတယ်လို့ မှတ်။

---

၁၃။ အမျိုးသားယောဂီတစ်ဦးက ရပ်လျက်၊ အခြားတစ်ဦးက သွားလျက် ရှုမှတ်ပွားများနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ရပ်တဲ့အခါမှာ ရပ်နေတဲ့အမူအရာကို အာရုံပြုပြီး ရပ်တယ်၊ ရပ်တယ်လို့ မှတ်။ လှည့်ရင် ခန္ဓာကိုယ် တဖြည်းဖြည်း လည်သွားတဲ့ အမူအရာကို အာရုံပြုပြီး လှည့်တယ်၊ လှည့်တယ် မှတ်။ လမ်းလျှောက်တဲ့အခါ ဗယ်လှမ်းတယ် ညာလှမ်းတယ် သို့မဟုတ် ကြွတယ် ချတယ်၊ သို့မဟုတ် ကြွတယ် လှမ်းတယ် ချတယ်လို့ မှတ်။

အခု ဖော်ပြခဲ့တာကတော့ အကျဉ်းမှတ်ပုံ မှတ်နည်းမျှသာ ဖြစ်တယ်။ အသေးစိတ် ရှုမှတ်ပုံ ရှုမှတ်နည်းတွေကိုတော့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာအလုပ်ပေးတရား စတဲ့ စာအုပ်များမှာ အပြည့်အစုံ ဖော်ပြထားပါတယ်။

ဦးပဥ္စင်းရဲ့ ဒိဋ္ဌိ-တဏှာ၊ ကံနှင့်လူသား၊ ဒုစရိုက်အပြစ်ဘေး ကင်းလွတ်ရေး၊ ကုသိုလ်ပန်း စတဲ့ တရားစာအုပ်များမှာလည်း အထိုက်အလျောက် ဖော်ပြထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီစာအုပ်မှာတော့ ဒီမျှနှင့်ပဲ ရှုမှတ်နည်းအကြောင်း ရပ်ပါတော့မယ်။

ဝိပဿနာတရား ကျင့်ကြံကြိုးကုတ် အားထုတ်တာဟာ သောတာပန်ဖြစ်ကြောင်းတရားဆိုတော့ ဝိပဿနာတရား ကျင့်ကြံကြိုးကုတ် အားထုတ်မှုမပြုရင် သောတာပန်မဖြစ်နိုင်ဘူးဆိုတာ ပြောင်းပြန်နည်းအရ ပေါ်လွင်ပြီး ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်၊ မြတ်စွာဘုရား လက်ထက်တော်က တရားတစ်ပုဒ်လောက်၊ တစ်ဂါထာလောက် နာကြားရရုံနဲ့ သောတာပန်စတဲ့ အရိယာတွေ ဖြစ်သွားကြတဲ့ ပုဂ္ဂိုလ်များဟာလည်း များများမဟုတ်တောင် အနည်းအကျဉ်းလောက်တော့ ဖြစ်ဆဲရုပ်နာမ်ကို တရားနာရင်း ရှုမှတ်နှလုံးသွင်းသွားကြရတာချည်းပါပဲတဲ့။

## မဟာဓနဝတ္ထု သာဓကရှု

ဝိပဿနာတရား ရှုမှတ်ပွားများ ကျင့်ကြံမှုမပြုရင် အကျွတ်တရားရနိုင်လောက်တဲ့ဉာဏ် ပါပေမယ့် တရားမရနိုင်ပါဘူး။ ဒီအချက်ကလေး ပေါ်လွင်သွားအောင် သက်ဆိုင်ရာ သာဓကဝတ္ထုလေး ဆက်ကြဦးစို့။

မြတ်စွာဘုရား လက်ထက်တော်အခါက ဗာရာဏသီပြည်မှာ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးသားတစ်ဦး ရှိခဲ့ဖူးပါတယ်။ သူ့နာမည်က မဟာဓနတဲ့၊ ဥစ္စာပစ္စည်းပေါများသူလို့ အဓိပ္ပါယ်ရတယ်။

သူ့မိဘများဟာ သူ့ကို ငယ်ရွယ်စဉ်မှာ အဆိုအတီးလောက်သာ သင်ယူစေခဲ့တယ်။ အခြား ဘာပညာကိုမှ မသင်ယူစေခဲ့ဘူးတဲ့။ သူတို့မှာ ပစ္စည်းတွေ အများကြီး ရှိတယ်။ ဒီပစ္စည်းတွေအားလုံးကို သားဖြစ်သူအား ပေးမယ်၊ သားဖြစ်သူအနေနဲ့ တစ်သက်လုံး ဘာအလုပ်မှ လုပ်စရာမလိုဘူးလို့ သူတို့ တွေးထင်ကြတယ်။ ဒါကြောင့် သားဖြစ်သူကို အဆိုအတီးလောက်သာ သင်ယူခိုင်းခဲ့ခြင်းပါပဲ။

အဲဒီပြည်မှာပဲ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ အခြားသူဌေးတစ်ဦး ရှိတယ်။ သူတို့မှာလည်း သမီးလေးတစ်ဦး ရှိတယ်။ ဒီသူဌေးသမီးကိုလည်း သူ့မိဘများက အဆိုအတီးပညာလောက်သာ သင်ယူစေခဲ့တယ်၊ အခြား ဘာပညာမှ မသင်ခိုင်းခဲ့ဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ သူဌေးသားနှင့် သူဌေးသမီးတို့ အရွယ်ရောက်လာကြတဲ့အခါ နှစ်ဘက်မိဘများက ထိမ်းမြားပေးကြပါတယ်။ နောင် နှစ်ဘက်မိဘများ ကွယ်လွန်သွားကြတဲ့အခါ သူဌေးသားနှင့် ဇနီးတို့ဟာ ကုဋေတစ်ရာ့ခြောက်ဆယ် ချမ်းသာသူတွေ ဖြစ်လာကြပါတယ်။ မဟာဓနသူဌေးသားဟာ တစ်နေ့သုံးကြိမ် မင်းထံ အခစားသွားရပါတယ်။

တစ်နေ့မှာ အရက်သမားတစ်စုက ဒီသူဌေးသားသာ အရက်သောက်တတ်လာမယ်ဆိုရင် သူတို့ချမ်းချမ်းသာသာ သောက်နိုင်စားနိုင်မယ်၊ ဒီသူဌေးသား အရက်သောက်တတ်လာအောင် လုပ်မှပဲလို့ အကြံရသွားကြပါတယ်။ ဒါနဲ့ အရက်သမားတွေဟာ အရက်နှင့် မြည်းစရာတွေယူပြီး မဟာဓနသူဌေးသားလာမည့်လမ်းဘေးမှာ သွားစောင့်နေကြပါတယ်။

မဟာဓနသူဌေးသားဟာ မင်းထံ အခစားသွားရင်း သူတို့နား ရောက်လာပါတယ်။ အဲဒီအခါ အရက်သမားတွေက သူဌေးသားမြင်အောင် အရက်သောက်ပြ၊ အမြည်းစားပြပြီး ပါးစပ်ထဲမှာ သစ်မြစ်တစ်မျိုးကို ကိုက်ထားကာ အရှင်သူဌေးသား၊ အရှင်လည်း အသက်တစ်ရာ ရှည်ပါစေ၊ အကျွန်ုပ်တို့လည်း အရှင်သူဌေးသားကို မှီခိုပြီး သောက်နိုင် စားနိုင်လိုကြပါတယ်” လို့ ဝိုင်းပြီး ပြောကြပါတယ်။

---

၁၄။ အရက်သမားများ သောက်စားမူးရူးနေကြသည်ကို မဟာဓနသူဌေးသား တွေ့မြင်အားကျနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အရက်သမားတွေရဲ့စကားကို ကြားရတော့ မဟာခနေက သူ့နောက်ပါ အလုပ်အကျွေးပြုသူကို "ဒီလူတွေ ဘာသောက်နေကြတာလဲ၊ သူတို့သောက်နေတဲ့ဟာက သောက်ချင်စရာ ကောင်းသလား" လို့ မေးတယ်။

နောက်ပါ အလုပ်အကျွေးက "အရှင်သူဌေးသား၊ ဒီသက်ရှိလောကမှာ သူတို့ သောက်နေတဲ့ အရည်လောက် သောက်စရာကောင်းတဲ့အရည် မရှိပါ" လို့ ပြန်ပြောတယ်။ မိုက်လိုက်ပုံကတော့ တစ်ခါတည်း အဆင်းမှာ ဘီးတပ်ပြီး တွန်းချပေးလိုက်သလိုပါပဲ။

ဒါနဲ့ မဟာခနေလည်း အရက်ကို စမ်းသောက်ကြည့်ရင်းက မကြာမီ အရက်သမားလုံးလုံးလျားလျား ဖြစ်သွားပါတယ်။ သူသွားလေရာမှာ အရက်သမား လူရမ်းကားတွေ တရုံးရုံးနဲ့ ပျော်မဆုံးအောင် ဖြစ်နေကြတယ်။ သူ့အခြံအရံအရက်သမားတွေက များသထက် များလာကြတယ်။ မဟာခနေဟာ နေ့စဉ် အရက်ဖိုးရာနှင့်ထောင်နှင့်ချီပြီး အကုန်အကျခံတယ်။ လောင်းကစားတော်သူ၊ အဆိုတော်သူ၊ အတီးတော်သူ၊ အကတော်သူတွေကို ပိုက်ဆံထောင်လိုက်ပုံပြီး ဆုချတယ်။

ဒီလိုနဲ့ အရမ်းကာရော သုံးဖြုန်းပစ်လိုက်တာ သူ့ဘက်ကပါလာတဲ့ ကုဋေရှစ်ဆယ်ဟာ မကြာမီ ပြုတ်ပြုတ်ပြုန်းသွားပါရော။ ဒါနဲ့လည်း မရပ်သေးဘူး။ သူ့ဇနီးဘက်က ပါလာတဲ့ ရွှေငွေကုဋေရှစ်ဆယ်ကို ထုတ်ယူ သုံးဖြုန်းပစ်ပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေငွေပိုက်ဆံတွေကုန်တော့ လယ်ယာ-ဥယျာဉ်ခြံမြေတွေရောင်းပြီး သုံးဖြုန်းပြန်တယ်။ အဲဒီနောက် အိုးခွက်၊ ပန်းကန်၊ အဝတ်အထည်ကာစ ရောင်းချပြီး သုံးဖြုန်းပြန်တယ်။ နောက်ဆုံး နေအိမ်ပါ ရောင်းချ သုံးဖြုန်းပစ်ပါတယ်။

ဒီလိုနဲ့ ကုဋေတစ်ရာ့ခြောက်ဆယ် ကြွယ်ဝချမ်းသာတဲ့ မဟာဓနသူဌေး လင်မယားဟာ ကုန်းကောက် စရာမရှိအောင် မွဲပြာကျသွားရပါတယ်။ နေစရာမရှိတော့ သူများအိမ်နံရံမှာကပ်ပြီး နေရတယ်။ အိုးခြမ်းကွဲ လက်မှာစွဲပြီး လင်မယားနှစ်ယောက် မြို့ထဲလျှောက်ကာ တောင်းရမ်းစားသောက်ကြရပါတယ်။ အရင်က ချမ်းချမ်းသာသာစားခဲ့ရ၊ နေခဲ့ရ၊ ထိုင်ခဲ့ရတာတွေကို သတိရတိုင်း အကြီးအကျယ် စိတ်ဆင်းရဲဖြစ်ကြပြန် ပါတယ်။

တစ်နေ့မှာ အဘိုးအို-အဘွားအို လင်မယားနှစ်ယောက်ဟာ ဆွမ်းစားကျောင်းတံခါးဝမှာ ကိုရင်လေး တွေ ပေးစွန့်တဲ့ ဆွမ်းကျန် ဟင်းကျန်တွေကို လက်ခံယူနေကြပါတယ်။ ဒါကို မြတ်စွာဘုရား မြင်တော့ ပြုံး တော်မူပါတယ်။ အဲဒီအခါ ညီတော်အာနန္ဒာက မြတ်စွာဘုရားအား ပြုံးတော်မူရခြင်းအကြောင်း မေးလျှောက် ပါတယ်။

ဒီတော့မှ မြတ်စွာဘုရားက "ချစ်သားအာနန္ဒာ၊ ဟောဟိုက အဘိုးအိုကို သင်ကြည့်ပါ၊ သူဟာ အရင် က ဒီမြို့မှာ ကုဋေတစ်ရာ့ခြောက်ဆယ် ကြွယ်ဝတဲ့ သူဌေးသား မဟာဓနပဲ၊ ခုတော့ ဥစ္စာတွေကုန်ပြီး တောင်းရမ်း စားသောက်နေရတဲ့ ဘဝရောက်နေပြီ။"

www.burmeseclassic.com

www.burmeseclassic.com



မဟာဓနေဟာ ပထမအရွယ် (၂၅ နှစ်အတွင်း) မှာ လောကီစီးပွားရှာမယ်ဆိုရင် ဒီမြို့မှာ အကြီးဆုံး သူဌေး ဖြစ်နိုင်တယ်၊ လောကီအာရုံ ကာမဂုဏ်တွေမှ ရှောင်ခွာပြီး ရဟန်းပြုကာ တရားအားထုတ်မယ်ဆိုရင် ရဟန္တာဖြစ်နိုင်တယ်၊ သူ့ဇနီးက အနာဂါမ်အထိ ဖြစ်နိုင်တယ်။

ဒုတိယအရွယ် (၅၀ နှစ်အတွင်း) မှာ လောကီစီးပွားရှာမယ်ဆိုရင် ဒုတိယသူဌေး ဖြစ်နိုင်တယ်၊ လောကီအာရုံ ကာမဂုဏ်တွေမှ ရှောင်ခွာပြီး ရဟန်းပြုကာ တရားအားထုတ်မယ်ဆိုရင် အနာဂါမ်ဖြစ်နိုင်တယ်၊ သူ့ဇနီးက သကဒါဂါမ် ဖြစ်နိုင်တယ်။

တတိယအရွယ်မှာ ရှိပစ္စည်းတွေကို မဖြုန်းတီးဘဲ လောကီစီးပွားရှာမယ်ဆိုရင် တတိယသူဌေး ဖြစ်နိုင်သေးတယ်၊ လောကီအာရုံ ကာမဂုဏ်တွေမှ ရှောင်ခွာပြီး ရဟန်းပြုကာ တရားအားထုတ်မယ်ဆိုရင် သကဒါဂါမ် ဖြစ်နိုင်တယ်၊ သူ့ဇနီးက သောတာပန် ဖြစ်နိုင်တယ်။

အခုတော့ သူတို့ဟာ လောကီစည်းစိမ်မှလည်းဆုံးရှုံး၊ ရဟန်းချမ်းသာမှလည်း ဆုံးရှုံးကုန်ကြပြီ၊ လောကီစည်းစိမ်ကိုလည်း ဘယ်လိုနည်းနဲ့မှ ပြန်မရနိုင်တော့ဘူး၊ မဂ်ဖိုလ်ချမ်းသာကိုလည်း မရနိုင်တော့ဘူး၊ ဘာနဲ့တူသလဲဆိုရင် ရေခန်းပြီး ငါးမရှိတော့တဲ့ ရွှံ့ညွန်ထဲမှာ ငေးမှိုင်နေရတဲ့ ကြိုးကြာငှက်အိုကြီးနှင့် တူနေပြီလို့ ရှင်းလင်းဟောပြတော်မူပါတယ်။

---

၁၅။ ဘုရားရှင်က 'မဟာဓနသူဌေးဇနီးမောင်နှံသည် ရေခန်းခြောက်ပြီး ငါးမရှိတော့သည့် ရွှံ့ညွန်ထဲတွင် ငေးမှိုင်နေရသည့် ကြိုးကြာငှက်အိုမောင်နှံနှင့်တူကြောင်း' ရှင်အာနန္ဒာအား မိန့်ကြားတော်မူနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ဒီ မဟာစနေသူဌေးဟောင်း ဇနီးမောင်နှံတို့ရဲ့ အဖြစ်အပျက်ကို လေ့လာကြည့်ရင် အကျွတ်တရား ရနိုင်လောက်တဲ့ဉာဏ်ပါပေမယ့် မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းတရား ကျင့်ကြံကြိုးကုတ် အားထုတ်မှုမပြုရင် တရား မရနိုင်ဘူးဆိုတာ အလွန်သိသာပါတယ်။

ဒါကြောင့် ဝိပဿနာတရားအားထုတ်တာဟာ သောတာပန်ဖြစ်ကြောင်းတရားပဲဆိုတာ သေဒသ ချာချာ မှတ်ထားကြပါ။ မအိုမီ-မနာမီ-မသေမီ အချိန်ရခိုက် တတ်နိုင်သလောက်လည်း ဝိပဿနာတရား ကြိုးစား အားထုတ်ကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

၁။ သူတော်ကောင်းနှင့် ပေါင်းသင်းခြင်း၊

၂။ သူတော်ကောင်းတရား နာကြားခြင်း၊

၃။ နှလုံးသွင်းမှန်ခြင်း၊

၄။ တရားအားထုတ်ခြင်း. . .

ဆိုတဲ့ သောတာပန်ဖြစ်ကြောင်း တရားလေးပါးနှင့်ပတ်သက်တဲ့ သာဓကဝတ္ထုတွေကို ဖော်ပြဟော ကြားလာလိုက်တာ တော်တော်တောင်များသွားပြီ။ ဟောခဲ့ပြီးတာတွေကို နိဂုံးချုပ်တဲ့အနေနဲ့ ဆောင်ပုဒ်ကဗျာ လေး ဆိုလိုက်ကြဦးစို့။

www.burmeseclassic.com

 www.burmeseclassic.com 

"မြတ်သောတာပန် ဖြစ်နိုင်ရန်"

သောတာပန်ဖြစ်ရန် အကြောင်းတရားမှာ၊
၄-မျိုး ၄-စား ရှိပါတယ်။
သူတော်ကောင်းပေါင်းတာ အကြောင်းတစ်ပါးကွယ့်၊
အပေါင်းအသင်းမမှားအောင် ပြုကြကွယ်။
တရားနာတာ အကြောင်းတစ်ပါးကွယ့်၊
ရိုသေလေးစား နာယူကွယ်။
နှလုံးသွင်းမှန်တာ အကြောင်းတစ်ပါးကွယ့်၊
နှလုံးသွင်းမမှားအောင် ကြိုးစားကွယ်။
တရားကျင့်တာ အကြောင်းတစ်ပါးကွယ့်၊
ဝိပဿနာတရား ပွားများကွယ်။
အကြောင်း ၄-ဖြာ သူတို့ပဲကွယ့်၊
အသည်းစွဲအောင် မှတ်ကြကွယ်။
မှတ်ကွယ်. . . မှတ်ကွယ်. . .။ ။

www.burmeseclassic.com

www.burmeseclassic.com

## "သုံးပါးရတနာ မြဲယုံတာ"

ကဲ. . သောတာပန်ဖြစ်ကြောင်းတရား လေးပါးတော့ ဟောပြီးသွားပြီ။ အခု "သောတာပန်ပုဂ္ဂိုလ်မှာ ပြည့်စုံရမည့်တရား" တွေကို ဆက်လက်ဟောကြားမယ်။

သောတာပန်ပုဂ္ဂိုလ်ဟာ ၁။ မြတ်စွာဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊ ၂။ တရားတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊ ၃။ အရိယာသံဃာတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊ ၄။ အရိယာတို့ မြတ်နိုးအပ်တဲ့ သီလနှင့်ပြည့်စုံခြင်းဆိုတဲ့ ဒီတရားလေးပါးနှင့် ပြည့်စုံရပါတယ်။

အဲဒီ တရားလေးပါးထဲက ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ်မှာ ယုံကြည်မှုမြဲပုံက စ,ဟောမယ်။

ဗုဒ္ဓဘာသာဝင်တွေဟာ မိရိုးဖလာအရ ကလေးဘဝကစပြီး ဘုရားကို ယုံကြည်ကြပါတယ်။ ဂေါတမဘုရားဆိုတာ ဟုတ်တယ်၊ ဘုရားစစ် ဘုရားမှန်ပဲလို့ ယုံကြည်ကြပြီးသားပါပဲ။ ဒါပေမယ့် ဒီလို မိရိုးဖလာ ယုံကြည်မှုဟာ မခိုင်မြဲသေးဘူး။ ဝါဒအဖြန့်ကောင်းသူတွေက ဂေါတမဘုရားဆိုတာ မဟုတ်ပါဘူး။ အဟောကောင်း အပြောကောင်း ပုဂ္ဂိုလ်တစ်ယောက်မျှသာ ဖြစ်ပါတယ် စသည်ဖြင့် ယုတ္တိယုတ္တာနှင့် ပြောရင် မိရိုးဖလာယုံကြည်မှုဟာ ပျက်သွားနိုင်သေးတယ်။ ဒီဘဝမှာ မပျက်တောင် နောက်ဘဝတွေမှာ ပျက်သွားနိုင်သေးတယ်။

www.burmeseclassic.com



တရားအပေါ်မှာ မိရိုးဖလာယုံကြည်မှု သံဃာအပေါ်မှာ မိရိုးဖလာယုံကြည်မှုတွေဟာလည်း ဒီလိုပဲ၊ မခိုင်မြဲသေးဘူး။ မြတ်စွာဘုရားဟောထားတဲ့ တရားတော်ကို ကိုယ်တိုင် ဉာဏ်နှင့်တွေ့မှသာ ရတနာသုံးပါး အပေါ်မှာ ယုံကြည်မှုခိုင်မြဲသွားနိုင်ဖါတယ်။

တရားတွေ့ပုံတွေ့နည်းက ၁။ သာမန်ယောဂီအနေနဲ့ တွေ့နည်း၊ ၂။ အရိယာအဖြစ်နှင့် တွေ့နည်းရယ်လို့ နှစ်မျိုးရှိပါတယ်။

ဝိပဿနာတရား အားထုတ်နေတဲ့ ယောဂီဟာ သမာဓိအား ဉာဏ်အား အတော်အသင့် ကောင်းလာတဲ့အခါ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရုပ်နှင့်နာမ် နှစ်မျိုးသာရှိပုံ၊ ရုပ်နာမ်သဘောတရားတွေရဲ့ ပေါ်ပြီးပျောက်သွားပုံ၊ အဟောင်းအသစ် ပြောင်းလဲဖြစ်ပျက်နေပုံ၊ အစိုးမရ ငါကောင်သူကောင် မဟုတ်ပုံတွေကို ကိုယ်တိုင် ဝိပဿနာဉာဏ်ဖြင့် တွေ့လာတယ်။

အဲဒီအခါ မြတ်စွာဘုရားက ရုပ်တရား နာမ်တရားသာ ရှိတယ်၊ ဒီတရားတွေဟာ မမြဲဘူး၊ ဆင်းရဲတယ်၊ အစိုးမရဘူးလို့ ဟောထားတယ်၊ ဒါ သိပ်မှန်တာပဲ၊ အခု ငါတွေ့နေတာလည်း ဘုရားဟောတဲ့အတိုင်း တွေ့နေတာပဲ၊ တို့ဘုရားဟာ သူကိုယ်တိုင်တွေ့တဲ့တရားတွေကို ပြန်ဟောထားတာပဲ၊ တို့ဘုရားဟာ ဘုရားစစ် ဘုရားမှန်ပဲလို့ ယုံကြည်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ဝိပဿနာဉာဏ်နှင့် တရားကိုတွေ့လို့ ဘုရားအပေါ်မှာ ယုံကြည်လာခြင်းပါပဲ။ ဒီယုံကြည်မှုဟာ သာမန် မိရိုးဖလာယုံကြည်မှုထက်တော့ ပိုမိုလေးနက်ခိုင်မြဲပါတယ်။ ဒါပေမယ့် ဒီယုံကြည်မှုမျိုးဟာလည်း ပျက်စီးနိုင်ပါသေးတယ်။

ယောဂီပုဂ္ဂိုလ်ဟာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း အာရုံနှင့် မှတ်စိတ် ကိုက်ပြီးနေတဲ့အခါမျိုးမှာ အခိုက်အတန့်အားဖြင့် ကိလေသာ ငြိမ်းငြိမ်းသွားတာကို ကိုယ်တိုင် ဉာဏ်ဖြင့်တွေ့သွားတယ်။ ဒီတော့ တရားဆိုတာ ဟုတ်တာပဲ၊ နည်းနည်းအားထုတ်ရင် ကိလေသာ နည်းနည်း ငြိမ်းတယ်၊ များများ အားထုတ်ရင် ကိလေသာ များများ ငြိမ်းတယ်ဆိုတာ သိလာတယ်။ တရားအပေါ်မှာ ယုံကြည်လာတယ်။ ဒီယုံကြည်မှုမျိုးဟာ မိရိုးဖလာယုံကြည်မှုထက် အများကြီးသာပါတယ်။ ဒါပေမယ့် စိတ်တော့ မချရသေးဘူး။

ယောဂီဟာ ကိုယ်တိုင်လည်း တရားအားထုတ်နေတယ်။ အခြားတရားအားထုတ်ဖော် အားထုတ်ဘက်များကိုလည်း တွေ့နေရတယ်။ ဒီတော့ ကိလေသာငြိမ်းအောင် အားထုတ်နေတဲ့ အရိယာသံဃာလောင်းတွေ၊ ကိလေသာငြိမ်းအောင် အားထုတ်ပြီး အရိယာသံဃာအစစ်တွေ ရှိနိုင်တယ်ဆိုတာ ခန့်မှန်းမိပြီး အရိယာသံဃာအပေါ်မှာ ယုံကြည်မှု ပိုမိုလေးနက်လာပါတယ်။ ဒီယုံကြည်မှုဟာ မိရိုးဖလာယုံကြည်မှုထက် သာပေမယ့် ပျက်တော့ ပျက်နိုင်သေးတယ်၊ မခိုင်မြဲသေးဘူးတဲ့။

www.burmeseclassic.com

 www.burmeseclassic.com 

အခု သောတာပန်မှာ ပြည့်စုံရမည့် ယုံကြည်မှုကတော့ ခုဘဝရော၊ နောက်နောက်ဘဝတွေမှာပါ ဘယ်တော့မှ မပျက်နိုင်တဲ့ ယုံကြည်မှုမျိုး ဖြစ်ပါတယ်။ ဒီယုံကြည်မှုမျိုးကတော့ သောတာပတ္တိမဂ်ဉာဏ်ဖြင့် သစ္စာလေးချက်ကို တစ်ပြိုက်နက်သိပြီး သောတာပန်ဖြစ်သွားမှပဲ မပျက်နိုင်အောင် ခိုင်မြဲပါတယ်။

ဒီနေရာမှာ သစ္စာလေးချက်ကို တစ်ပြိုင်နက်သိပုံနှင့် ပတ်သက်ပြီး အနည်းငယ် ဖော်ပြပါဦးမယ်။

စိတ်ဆိုတာ တစ်ကြိမ်ဖြင့်ပင် တစ်စိတ်သာ ဖြစ်လေ့ရှိတယ်။ ဒီတစ်စိတ်ကလည်း အာရုံတစ်ခုကိုသာ သိနိုင်တယ်။ ဒါကြောင့် မဂ်စိတ်တစ်ခုက သစ္စာလေးပါးလုံးကို ဘယ်လို တစ်ပြိုင်နက် သိနိုင်မလဲလို့ မေးစရာ ဖြစ်လာပါတယ်။

ဟုတ်တယ်၊ တိုက်ရိုက်အနေနဲ့ကတော့ နိဗ္ဗာန်ခေါ် နိရောဓသစ္စာတစ်ပါးကိုသာ မဂ်စိတ်က မျက်မှောက်ပြုနိုင်ပါတယ်။ ကျန်တဲ့ ဒုက္ခသစ္စာကို ပိုင်းခြားသိမှု၊ သမုဒယသစ္စာကို ပယ်မှု၊ မဂ္ဂသစ္စာကို ပွားများမှုတို့ကတော့ သွယ်ဝိုက်သော်နည်းဖြင့် အလိုအလျောက် အကျုံးဝင်သွားတဲ့အနေနဲ့ပဲ သိခြင်းကိစ္စ ပြီးသွားတာပါ။ ဒါကိုပဲ သစ္စာလေးချက်ကို တစ်ပြိုင်နက်သိတယ်လို့ ဆိုခြင်းဖြစ်ပါတယ်။

ဘယ်လိုလဲဆိုရင် ယောဂီပုဂ္ဂိုလ်ဟာ ရှုမှတ်နေကျအတိုင်း မပြတ်ရှုမှတ်နေတဲ့အခါ မှတ်တိုင်းမှတ်တိုင်း မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်အစဉ်ကိုချည်း တွေ့နေရတယ်။ ဒါပေမယ့် နောက်ဆုံးကျတော့ ရုပ်နာမ်ချုပ်ငြိမ်း

www.burmeseclassic.com

www.burmeseclassic.com



ရာသဘောထဲကို ဖြုတ်ကနဲ ကျရောက်သွားတယ်တဲ့။ အဲဒါဟာ နိဗ္ဗာန်ခေါ် နိရောဓသစ္စာကို မျက်မှောက်ပြုသွားခြင်းပါပဲတဲ့။ ဒီလို နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်တာနဲ့တစ်ပြိုင်နက် ကျန်တဲ့သစ္စာသုံးပါးကို သိမှုဟာလည်း အလိုအလျောက် အကျုံးဝင်သွားပါတယ်။

ဒီလို သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်တရားကို တွေ့လိုက်တာနဲ့တစ်ပြိုင်နက် ရတနာသုံးပါးအပေါ်မှာ ယုံကြည်မှု မြဲသွားတယ်။ ဘုရားဟောထားတဲ့တရားကို တွေ့သိလိုက်ရတော့ တရားပိုင်ရှင် မြတ်စွာဘုရားရဲ့စွမ်းရည်ကို ဉာဏ်ဖြင့် တွေ့မြင်သွားပြီး ဘုရားအပေါ်မှာ မတုန်မလှုပ် သက်ဝင်ယုံကြည်သွားတာပေါ့။ ဒီယုံကြည်မှုဟာ ခုဘဝရော နောက်ဘဝတွေမှာပါ မပျက်စီးနိုင်တော့ပါဘူး။

သောတာပန်ပုဂ္ဂိုလ်ဟာ သူ့သန္တာန်မှာ အချို့ကိလေသာတွေ လုံးဝ ငြိမ်းသွားတာ၊ အချို့ကိလေသာတွေ လျော့နည်းသွားတာကို ကိုယ်တိုင်သိနေတယ်။ ဒါကြောင့် တရားတော်အပေါ်မှာ ယုံကြည်မှုဟာလည်း ဘယ်တော့မှ မပျက်နိုင်အောင် ခိုင်မြဲသွားပါတယ်။

သောတာပန်ပုဂ္ဂိုလ်ဟာ လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ သောတာပန်ဖြစ်လိုက်တာနဲ့တစ်ပြိုင်နက် သူကိုယ်တိုင် အရိယာသံဃာစာရင်းဝင်သွားပြီ။ ဒါကြောင့် ကိလေသာငြိမ်းအောင် ကျင့်ဆဲ ကျင့်ပြီးဖြစ်တဲ့ အရိယာသံဃာတွေ ရှိတယ်ဆိုတာ အကြွင်းမဲ့ ယုံကြည်သွားတယ်။ အရိယာသံဃာအပေါ် ယုံကြည်မှုဟာ ဘယ်တော့မှ မပျက်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သောတာပန်ဟာ ဘုရား-တရား-သံဃာ-ရတနာသုံးပါးရဲ့ စွမ်းရည်ကို ဉာဏ်ဖြင့်တွေ့သိပြီး သက်ဝင်ယုံကြည်မှု သဒ္ဓါတရားနှင့် ပြည့်စုံသွားပြီ။ ဒီလို ပြည့်စုံသွားရင်. . .

၁။ သူတစ်ပါးက ခြိမ်းခြောက်လို့ပဲဖြစ်ဖြစ်၊

၂။ သူတစ်ပါးက လိမ်ညာလှည့်ဖြား ပြောကြားလို့ပဲဖြစ်ဖြစ်၊

၃။ သူတစ်ပါးက ဖြားယောင်းလို့ပဲဖြစ်ဖြစ်၊

ရတနာသုံးပါးအပေါ်မှာ ဘယ်တော့မှ ယုံကြည်မှုမပျက်နိုင်တော့ဘူး။ ဒီအချက် ပေါ်လွင်သွားအောင် သာဓကဝတ္ထုများ ဆက်လက် ဖော်ပြပါဦးမယ်။

## ခြိမ်းခြောက်ပါစေ မပျက်ပေ

သောတာပန်ဟာ သူတစ်ပါးက ခြိမ်းခြောက်ပေမယ့် ယုံကြည်မှုမပျက်နိုင်တဲ့ဝတ္ထုက စပြောမယ်။

မြတ်စွာဘုရားလက်ထက်တော်ကာလက ရာဇဂြိုဟ်ပြည်မှာ နေဠာနီအမည်ရှိတဲ့ အိမ်ထောင်ရှင်ပုဏ္ဏားမကြီးတစ်ဦး ရှိခဲ့ဖူးပါတယ်။ သူဟာ သောတာပန်ဖြစ်တယ်။ ဒါပေမယ့် သူ့ခင်ပွန်း ဘာရဒွါဇပုဏ္ဏားကြီးကတော့ ဗုဒ္ဓဘာသာဝင် မဟုတ်ပါဘူး။

မနေဠာနီဟာ ချေဆတ်တဲ့အခါမှာပဲဖြစ်ဖြစ်၊ လက်ထဲမှ တစ်ခုခုလွတ်ကျတဲ့အခါမှာပဲဖြစ်ဖြစ်၊ ခလုတ်တိုက်မိတဲ့အခါမှာပဲဖြစ်ဖြစ် 'နမော ဗုဒ္ဓဿ' ဆိုတဲ့စကားကို ရွတ်ဆိုလေ့ရှိပါတယ်။ ဒါကို ခင်ပွန်းသည်ပုဏ္ဏားကြီးက ဘဝင်ကျဟန် မတူပါဘူး။

www.burmeseclassic.com

www.burmeseclassic.com


တစ်နေ့မှာ ဘာရဒွါဇပုဏ္ဏားကြီးဟာ သူ့မိတ်ဆွေ ပုဏ္ဏားငါးရာကိုဖိတ်ပြီး အိမ်မှာဧည့်ခံကျွေးမွေးဖို့ စီစဉ်ထားပါတယ်။ မကျွေးမွေးခင် တစ်နေ့၌ ဓနဉ္စာနီကို တခြားပုဏ္ဏားတွေရှေ့မှာ 'နမော ဗုဒ္ဓဿ' ဆိုတဲ့ စကားကို မရွတ်ဆိုမိ-မပြောမိဖို့ တောင်းပန်ပါတယ်။ မြတ်စွာဘုရားကို ဓနဉ္စာနီရှိခိုးတာ အခြားပုဏ္ဏားတွေက မြင်တွေ့ ကြားသိသွားရင် သူနဲ့ သူ့မိတ်ဆွေပုဏ္ဏားတွေ စိတ်ဝမ်းကွဲပြားသွားနိုင်ပါတယ်လို့ ကြောင်းကျိုးပြ ပြောဆိုပါတယ်။ ပုဏ္ဏားကြီးဟာ အခြားပုဏ္ဏားတွေနဲ့ပဲ စိတ်ဝမ်းကွဲတွဲ၊ နတ်တွေနဲ့ပဲ စိတ်ဝမ်းကွဲကွဲ သူမတတ်နိုင်ဘူး၊ သူကတော့ ဘုရားကိုသတိရရင် ရှိခိုးမှာပဲလို့ ဓနဉ္စာနီက ပြန်ပြောတယ်။

ဒီအခါ ပုဏ္ဏားကြီးက ရှင်မရေ. . စဉ်းစားပြောပါ၊ ရွာတံခါးကိုတောင် ပိတ်ထားရင် ရသေးတာပဲ၊ ပုဏ္ဏားတွေ စားသောက်နေစဉ်အချိန်လေးအတွင်းမှာ သင့်ပါးစပ်ပေါက်ကလေး လက်နှစ်သစ်လောက်ကို ပိတ်ထားရင် ဖြစ်နိုင်ပါတယ်၊ ဘာမျှ မခက်ပါဘူးလို့ အကြိမ်ကြိမ် ထပ်ပြောပါတယ်၊ ပြောလို့မရဘူး၊ ဒါနဲ့ ပုဏ္ဏားကြီးက ဒေါသထွက်လာတယ်။

ဟေ့. . ရှင်မ၊ ဒီဓားကိုကြည့်ထား၊ နက်ဖြန် အခြား ပုဏ္ဏားတွေရှေ့မှာ နင့်ဆရာ ဦးပြည်းကတုံး အသုံးမကျတဲ့ ရဟန်းဂေါတမကို ရှိခိုးစကား ပြောရဲရင် ပြောကြည့်၊ နင့်ကို ဟောဒီဓားနဲ့ ဆံဖျားကနေ ခြေဖျားအထိ တစ်ကိုယ်လုံး နုတ်နုတ်စဉ်းပစ်မယ်လို့ ခြိမ်းခြောက်ပြောကြားပါတယ်။

---

၁၆။ ဘာရဒွါဇပုဏ္ဏားက ဓားကိုပြ၍ ခြိမ်းခြောက်စကား ပြောကြားနေသော်လည်း ဇနီးဖြစ်သူ ဓနဉ္စာနီမှာ ထိုနည်းလုပ်ခြင်း အလျှင်းမရှိပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ ဓနဥ္စာနီက "ပုဏ္ဏားကြီး၊ သင်ဟာ ငါ့ကိုယ်ကိုကြိုက်သလို စဉ်းချင်စဉ်း၊ ဖြတ်ချင်ဖြတ်၊ လှီးချင်လှီး၊ ငါကတော့ မြတ်စွာဘုရားရဲ့ အဆုံးအမသာသနာမှ မရှောင်ကြဉ်နိုင်ဘူး" လို့ ဂါထာပေါင်း ငါးရာ ရွတ်ဆိုပြီး ကန့်ကွက်ပြောကြားပါသတဲ့။ ပုဏ္ဏားကြီးလည်း မတတ်နိုင်တော့တာနဲ့ "မင်းသဘောပဲ" ဆိုပြီး အလျှော့ပေးလိုက်ရပါတယ်။

နောက်နေ့မှာ ပုဏ္ဏားတွေကို ထမင်းကျွေးနေစဉ် ဓနဥ္စာနီဟာ ခလုတ်တိုက်မိပြီး လဲကျသွားတယ်၊ နာကျင်မှု ဖြစ်သွားတယ်။ သူဟာ ချက်ချင်းထပြီး မြတ်စွာဘုရား ကျောင်းတော်ဘက်ကို လက်အုပ်ချီကာ 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' လို့ သုံးကြိမ်ရွတ်ဆို ဥဒါန်းကျူးလိုက်ပါတယ်။

အဲဒီအခါ ဧည့်သည်ပုဏ္ဏားတွေဟာ ရေရွတ်စကားပြောကြားပြီး ချက်ချင်းထပြန်ကုန်ကြတယ်၊ ဘာရဒွါဇလည်း စိတ်ဆိုးပြီး မြတ်စွာဘုရားထံ သွားရောက်အပြစ်တင်ရင်းက နောက်ဆုံးမှာ တရားနာ ရှုမှတ်ပြီး ရဟန္တာဖြစ်သွားပါတယ်။ ဒီအကြောင်းကိုတော့ ဒုစရိုက်အပြစ်ဘေး ကင်းလွတ်ရေးတရားမှာ ဖော်ပြပြီးဖြစ်လို့ အကျဉ်းချုံးလိုက်ခြင်း ဖြစ်ပါတယ်။

ဒီ ဓနဥ္စာနီအကြောင်းကို ထောက်ဆလိုက်ရင် သောတာပန်အရိယာဟာ သူတစ်ပါးက ခြိမ်းခြောက်ပြောကြားပေးမယ့် ရတနာသုံးပါးအပေါ်မှာ ယုံကြည်မှု လုံးဝမပျက်ဘူးဆိုတာ အလွန် ပေါ်လွင်ထင်ရှားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## လှည့်ဖြားပါစေ မပျက်ပေ

ကဲ. . အခု သူတစ်ပါးက လိမ်ညာလှည့်ဖြား ပြောကြားလာပေမယ့် သောတာပန်အရိယာဟာ ရတနာသုံးပါးအပေါ်မှာ ယုံကြည်မှု မပျက်တာနဲ့ပတ်သက်တဲ့ ဝတ္ထုကြောင်းလေး ဆက်ကြဦးစို့။

မြတ်စွာဘုရား လက်ထက်တော်ကာလက သာဝတ္ထိပြည်မှာ သူရမ္ဗဋ္ဌအမည်ရှိတဲ့ သူဌေးသားတစ်ဦး ရှိခဲ့ဖူးပါတယ်။ တစ်နေ့မှာ ဒီသူဌေးသားဟာ မြတ်စွာဘုရားကို အိမ်ပင့်ပြီး ဆွမ်းကပ်တယ်။ ဆွမ်းဘုဉ်းပေးပြီးနောက် မြတ်စွာဘုရားက သူ့ကို တရားဟောတော်မူပါတယ်။ သူဟာ တရားအဆုံးမှာ သောတာပန် ဖြစ်သွားပါတယ်။

မြတ်စွာဘုရား ပြန်ကြွတော်မူပြီးနောက် မာရ်နတ်ဟာ သူရမ္ဗဋ္ဌကို စုံစမ်းဖို့ ချက်ချင်းရောက်လာပါတယ်။ သူက ရိုးရိုးလာတာ မဟုတ်ဘူး။ ဘုရားအယောင် ဖန်ဆင်းပြီး ရောက်လာတာဖြစ်တယ်။ မာရ်နတ်ဟာ အိမ်တံခါးဝမှာ ရပ်နေတယ်။

ဒီအခါ သူရမ္ဗဋ္ဌက အခုပဲ မြတ်စွာဘုရား ပြန်ကြွသွားတယ်၊ အခုပဲ ပြန်လာတယ်၊ အကြောင်းထူးရှိပေလိမ့်မယ်လို့ ထင်သွားတယ်။ ဒါနဲ့ လျှင်မြန်စွာသွားပြီး ဘုရားအမှတ်နဲ့ပဲ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အဘယ်အကြောင်းကြောင့် ပြန်ကြွလာပါသလဲဘုရား" လို့ မေးမြန်း လျှောက်ထားပါတယ်။

www.burmeseclassic.com



ဒီတော့ ဘုရားအယောင်ဖန်ဆင်းထားတဲ့ မာရ်နတ်က "သူရမ္ဗဋ္ဌ၊ သင့်ကို ငါတရားဟောတုန်းက မှားဟောမိတာ ပါသွားတယ်၊ ခန္ဓာငါးပါးတရားတွေဟာ မမြဲဘူး၊ ဆင်းရဲတယ်၊ အစိုးမရဘူးလို့ ငါမှားဟောခဲ့မိတယ်၊ အမှန်ကတော့ အကုန်လုံးမမြဲတာ ဆင်းရဲတာ အစိုးမရတာ မဟုတ်ဘူး၊ အချို့ ခန္ဓာတွေက မြဲတယ်၊ ခိုင်ခံ့တယ်၊ ဘယ်တော့မှ မပျက်ဘူး" လို့ ပြောပါတယ်။

ဒီအခါ သူရမ္ဗဋ္ဌက "ဒီစကားဟာ တယ်ဝန်လေးတဲ့စကားပဲ၊ မြတ်စွာဘုရားရဲ့ စကားတော်ဟာ နှစ်မျိုးနှစ်ခုမရှိဘူး၊ မာရ်နတ်ဟာ ဘုရားရဲ့ဆန့်ကျင်ဘက်လို့ ကြားဖူးတယ်၊ ဒါ မာရ်နတ်ဖြစ်ရမယ်" လို့ တွေးမိသွားတယ်။

ဒါနဲ့ "သင်ဟာ မာရ်နတ် မဟုတ်လား" လို့ မေးတယ်။ မာရ်နတ်လည်း မငြင်းသာတော့တာနဲ့ "ဟုတ်ပါတယ်" လို့ ဝန်ခံရတယ်။

ဒီတော့မှ သူရမ္ဗဋ္ဌက "သင်လို မာရ်နတ်မျိုး ရာနှင့်ထောင်နှင့်ချီပြီး လာရောက် လိမ်ညာလှည့်ဖြား ပြောကြားတာတောင် ငါ့ယုံကြည်မှုကို မဖျက်ဆီးနိုင်ဘူး၊ မြတ်စွာဘုရားက ငါ့ကို တရားဟောတော်မူစဉ်က သင်္ခါရတရားမှန်သမျှဟာ အနိစ္စချည်းပဲလို့ ဟောဖော်ညွှန်ပြသွားပြီးပြီ၊ ငါ့အိမ်တံခါးဝမှာ သင်မနေနဲ့၊ ထွက်သွားပါ" လို့ မာရ်နတ်ယုတ်ကို နှင်ထုတ်ပစ်လိုက်ပါတယ်။

---

၁၇။ မာရ်နတ်က သူရမ္ဗဋ္ဌအား စုံစမ်းရန် ဘုရားအသွင် ဖန်ဆင်း၍ အိမ်တံခါးဝ၌ ရပ်တန့်နေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ဒီဝတ္ထုမှာ လာရောက်လိမ်ညာလှည့်ဖြား ပြောကြားသူဟာ သာမန်ပုဂ္ဂိုလ် မဟုတ်ဘူး။ မာရ်နတ်ကိုယ်တိုင် ဘုရားအသွင်ဖန်ဆင်းပြီး လာပြောတာ ဖြစ်တယ်။ ဒါပေမယ့် မရပါဘူး။ ဒါကို ထောက်ဆလိုက်ရင် သောတာပန်အရိယာဟာ သူတစ်ပါးက လိမ်လည်လှည့်ဖြား ပြောကြားလာပေမယ့် ရတနာသုံးပါးအပေါ်မှာ ယုံကြည်မှု မပျက်ဘူးဆိုတာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားပါတယ်။

BURMESE CLASSIC .com

## ဖြားယောင်းပါစေ မပျက်ပေ

ဒီတစ်ခါ သောတာပန်ဟာ သူတစ်ပါးက ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာနှင့် ဖြားယောင်းပြောဆိုနေပေမယ့် ရတနာသုံးပါးအပေါ်မှာ ယုံကြည်မှု မပျက်ဘူးဆိုတာနဲ့ပတ်သက်တဲ့ ဝတ္ထုကြောင်းလေး ဖော်ပြပါဦးမယ်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ရာဇဂြိုဟ်ပြည်မှာ သုပ္ပဗုဒ္ဓဆိုတဲ့ နူနာသည်တစ်ဦး ထင်ရှားရှိခဲ့ဖူးပါတယ်။ သူဟာ နူနာရောဂါ နှိပ်စက်ခံနေရလို့ အမြဲလိုလို အော်ဟစ်ညည်းညူနေရပါတယ်။ မှီခိုအားကိုးစရာလည်း မရှိဘူး။ သူငယ်ဘဝကစပြီး ခွက်လက်စွဲကာ တောင်းရမ်း စားသောက်လာရသူ ဖြစ်ပါတယ်။

တစ်နေ့မှာ သူဟာ မြတ်စွာဘုရား တရားဟောကြားတော်မူနေစဉ် ပရိသတ်အစွန်ကနေ တရားနာယူနေရင်း သောတာပန် ဖြစ်သွားပါတယ်။ သူရတဲ့ တရားထူးကို မြတ်စွာဘုရားအား လျှောက်ထားချင်စိတ်

www.burmeseclassic.com



ပေါက်လာတယ်။ ဒါပေမယ့် အများပရိသတ်ရှေ့မှာ မလျှောက်ထားဝံ့တာနဲ့ ပရိသတ်တွေပြန်တော့ သူပါ ရောပြီး ပြန်လိုက်သွားတယ်။ တော်တော်ဝေးအောင်လိုက်ပြီးမှ အသာချန်နေကာ မြတ်စွာဘုရားကို သူ ရတဲ့ တရား လျှောက်ထားဖို့ ပြန်လှည့်လာပါတယ်။ ဒီအခါ သိကြားမင်းက သူ့ကို အလိုစမ်းတဲ့အနေနဲ့ ဒီလို ပြောပါတယ်။

"သုပ္ပဗုဒ္ဓ၊ သင်ဟာ အလွန်ဆင်းရဲနွမ်းပါးသူ ဖြစ်တယ်၊ ခိုကိုးရာမဲ့သူ ဖြစ်တယ်၊ အလွန် ယုတ်ညံ့သူ ဖြစ်တယ်၊ သင့်ကို မရေမတွက်နိုင်အောင်များတဲ့ စည်းစိမ်ဥစ္စာတွေ ငါပေးမယ်၊ သင်က ဘုရားဟာ ဘုရား အစစ်မဟုတ်ဘူး၊ တရားဟာ တရားအစစ် မဟုတ်ဘူး၊ သံဃာဟာ သံဃာအစစ် မဟုတ်ဘူး၊ ဘုရား တရား သံဃာကို အလိုမရှိဘူးလို့သာ ပြောပါ၊ သင့်ကို ငါမစမယ်" တဲ့။ ဒါသိကြားမင်းက ဖြားယောင်းပြောကြားတဲ့ စကားပါပဲ။

သုပ္ပဗုဒ္ဓက "သင် ဘယ်သူလဲ" လို့ ပြန်မေးတယ်။ သိကြားမင်းက "ငါ သိကြားမင်းပဲ" လို့ ဖြေပါတယ်။

ဒီတော့မှ သုပ္ပဗုဒ္ဓက "ဟယ် သိကြားမိုက်၊ အရှက်မရှိတဲ့ သိကြားမင်း၊ သင်မို့လို့ ဒီစကားမျိုး ပြော ထွက်ပလေတယ်၊ သင်လို သိကြားမိုက်မျိုးနဲ့ စကားပြောဖို့တောင် မထိုက်ပါ၊ နောက်ပြီး သင်က ငါ့ကို လူ ဆင်းရဲ လူမွဲလို့ ပြောတယ်၊ ဒါလဲ မပြောသင့်ဘူး၊ အမှန်တော့ ငါဟာ လူချမ်းသာတစ်ယောက် ဖြစ်တယ်၊ "သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ" ဆိုတဲ့ သူတော်ကောင်းဥစ္စာရှိသူတိုင်းဟာ လူချမ်းသာဖြစ်

www.burmeseclassic.com



ကြောင်း ဘုရားစတဲ့ သူတော်ကောင်းတွေက အသိအမှတ်ပြုကြတယ်။ ငါ့မှာ အဲဒီတရားတွေ အပြည့်အစုံရှိတယ်။ ဒါကြောင့် ငါဟာ လူချမ်းသာပဲ" လို့ သိကြားမင်းကို ပြောကြားပါတယ်။

ဒီနေရာမှာ သူတော်ကောင်းဥစ္စာ (၇) ပါးရဲ့ အဓိပ္ပါယ်အကျဉ်းကို ဖော်ပြပါဦးမယ်။ သဒ္ဓါဆိုတာ ဘုရား တရား သံဃာ-ရတနာသုံးပါးနှင့် ကံ-ကံရဲ့အကျိုးကို ယုံကြည်မှုပါပဲ။

သီလဆိုတာ ငါးပါးသီလ ရှစ်ပါးသီလ စသည်ဖြင့် အမျိုးအစား အတော်များပါတယ်။ ဒါပေမယ့် သဘောတရားအနေနဲ့ကတော့ အပြုမှား အပြောမှားတွေ မပြုမိ၊ မပြောမိအောင် ကိုယ်နှင့် နှုတ်ကို ထိန်းချုပ်ခြင်းသဘော ဖြစ်တယ်။ ဒီနေရာမှာ ဝတ္ထုကြောင်းအရ ငါးပါးသီလကို ရည်ရွယ်တာ ထင်ရှားပါတယ်။

သုတဆိုတာ လောကီရေးရာအကြားအမြင် တရားရေးဆိုင်ရာ အကြားအမြင်တွေပါပဲ။ ဒီဝတ္ထုမှာတော့ တရားရေးဆိုင်ရာ အကြားအမြင်သာ လိုရင်းဖြစ်ပါတယ်။

စာဂဆိုတာ ပေးကမ်းစွန့်ကြဲခြင်းပါပဲ။ ဒါပေမယ့် ဒီမှာတော့ ဝတ္ထုကြောင်းအရ ကိလေသာပယ်စွန့်ခြင်းကိုယူမှ သင့်မြတ်ပါလိမ့်မယ်။

ပညာဆိုတာ လောကရေးဆိုင်ရာပညာ၊ ဝိပဿနာဉာဏ်ပညာ၊ မဂ်ပညာ ဖိုလ်ပညာတွေပါပဲ။ ဒါပေမယ့် ဒီဝတ္ထုမှာတော့ မဂ်ပညာ ဖိုလ်ပညာသာ လိုရင်းဖြစ်ပါတယ်။

---

၁၈။ သုပ္ပဗုဒ္ဓမှာ နွားဝှေ့ခံရ၍ သေဆုံးပြီးနောက် တာဝတိံသာ၌ နတ်သားတစ်ပါးဖြစ်ရပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူတစ်ပါးသားမယား ပြစ်မှားခြင်းစတဲ့ ဒုစရိုက်မှုတွေပြုရမှာ ရှက်တဲ့သဘောဟာ "ဟိရီ" ဖြစ်တယ်။ ကြောက်တဲ့သဘောက "ဩတ္တပ္ပ" တဲ့။

ကဲ . . သူတော်ကောင်းဥစ္စာ (၇) ပါးရဲ့အဓိပ္ပါယ် ပြီးသွားပြီ။ ဝတ္ထုကြောင်း ပြန်ဆက်ကြဦးစို့။

အဲဒီနောက် သိကြားမင်းဟာ ဘုရားထံအရင်သွားနှင့်ပြီး၊ သူနှင့် သုပ္ပဗုဒ္ဓတို့ ပြောကြဆိုကြတဲ့စကားတွေကို ပြန်လည်လျှောက်ထားပါတယ်။

"သင်လို သိကြားမျိုး ရာနဲ့ထောင်နဲ့ချီပြီး ဖြားယောင်းပြောကြားပေမယ့် သုပ္ပဗုဒ္ဓရဲ့ ယုံကြည်မှုဟာ မပျက်နိုင်တော့ဘူး" လို့ သိကြားအား မြတ်စွာဘုရားက မိန့်ကြားတော်မူပါတယ်။

သုပ္ပဗုဒ္ဓဟာ မကြာမီ မြတ်စွာဘုရားထံမှောက် ရောက်လာပါတယ်။ သိကြားမင်းနဲ့ သူနဲ့ တွေ့ဆုံပြောကြားတဲ့ အကြောင်းကိုပဲ မြတ်စွာဘုရားအား ထပ်မံလျှောက်ထားပြီး ပြန်သွားတယ်။ အပြန်လမ်းမှာ နွားဝှေ့ခံရလို့ အနိစ္စရောက်ပြီး တာဝတိံသာနတ်ပြည်မှာ တန်ခိုးကြီး နတ်သားတစ်ပါး သွားဖြစ်ပါတယ်။

လူ့ဘဝတုန်းက လူဆင်းရဲ၊ အနူ၊ တောင်းရမ်းစားသောက်ရသူ၊ အထီးကျန် ခိုကိုးရာမဲ့ဖြစ်ခဲ့ပြီး အခုတော့ တန်ခိုးကြီးနတ်ဖြစ်လာလို့ အခြားနတ်တွေက သူ့ကို မနာလိုမရှုစိမ့် ဖြစ်ကြသေးတယ်။ သိကြားမင်းက သူ့ဘက်မှ ဝင်ရောက်ကာကွယ်ပြီး ပြောကြားမှ အခြားနတ်တွေက သုပ္ပဗုဒ္ဓ နတ်သားကို အရိယာမှန်းသိသွားကြပြီး ပြေလည်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီ သုပ္ပဗုဒ္ဓဝတ္ထုကို ထောက်ဆလိုက်ရင် သောတာပန်အရိယာဟာ သူတစ်ပါးက ရာထူး ဂုဏ်သိန် စည်းစိမ်ဥစ္စာနှင့် ဖြားယောင်းလာတာတောင် ရတနာသုံးပါးအပေါ်မှာ ယုံကြည်မှု မပျက်တော့ဘူးဆိုတာ အလွန် သိသာပါတယ်။

ကဲ . . ပြောခဲ့ပြီးတာလေးတွေ တစ်ခန်းရပ်တဲ့အနေနဲ့ သက်ဆိုင်ရာ တရားဆောင်ပုဒ်ကဗျာလေး ဆိုလိုက်ကြဦးစို့။

## သုံးပါးရတနာ မြဲယုံတာ

ဗုဒ္ဓစွမ်းရည် တွေ့မြင်သွားလို့၊ ယုံကြည်စိတ်ထား ခိုင်မြဲတယ်။
ဓမ္မစွမ်းရည် တွေ့မြင်သွားလို့၊ ယုံကြည်စိတ်ထား ခိုင်မြဲတယ်။
သံဃာ့စွမ်းရည် တွေ့မြင်သွားလို့၊ ယုံကြည်စိတ်ထား ခိုင်မြဲတယ်။
သုံးပါးရတနာ ယုံကြည်မြဲတော့၊ သောတာပန်ပဲ မှတ်တော့ကွယ်။
မှတ်ကွယ် . . . မှတ်ကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## "သီလမြဲမြံ သောတာပန်"

သောတာပန်ပုဂ္ဂိုလ်မှာ ပြည့်စုံရမည့်တရား လေးပါးထဲက သုံးပါးနှင့် ပတ်သက်လို့ကတော့ တော်တော်ပြည့်ပြည့်စုံစုံ ဟောပြီးသွားပြီ။ အခု နောက်ဆုံးတရားကို ဟောမယ်။ အဲဒါကတော့ "အရိယာတို့ မြတ်နိုးအပ်တဲ့ သီလနှင့် ပြည့်စုံခြင်း" တဲ့။

၁။ သူ့အသက်သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်မှု၊
၂။ သူ့ဥစ္စာ ခိုးယူလုယက်ခြင်းမှ ရှောင်ကြဉ်မှု၊
၃။ သူတစ်ပါးသားမယားကို ပြစ်မှားကျူးလွန်ခြင်းမှ ရှောင်ကြဉ်မှု၊
၄။ (သူတစ်ပါး အကျိုးစီးပွား ပျက်ပြားအောင်) လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊
၅။ အရက်သေစာ (မူးယစ်ဆေးဝါး) သောက်စားခြင်းမှ ရှောင်ကြဉ်မှု ဆိုတဲ့ ငါးပါးသီလဟာ "အရိယာတို့ မြတ်နိုးအပ်တဲ့ သီလ" ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သောတာပန် အရိယာပုဂ္ဂိုလ်ဟာ ဒီသီလနှင့် လုံးဝ ပြည့်စုံပါတယ်။ ဒီဘဝမှာလည်း ပြည့်စုံတယ်။ နောက်နောက်ဘဝတွေမှာလည်း ပြည့်စုံပါတယ်။ နောက်ဘဝမှာ သူ့ကိုယ်သူ သောတာပန် အရိယာပုဂ္ဂိုလ်မှန်း မသိဘဲဖြစ်ရင် ဖြစ်နိုင်တယ်။ ဒီလိုမသိပေမယ့် သူ့အသက်သတ်ခြင်းစတဲ့ အမှုကိုတော့ ဘယ်နည်းနဲ့မှ တမင်မပြုတော့ပါဘူး။ ငါးပါးသီလ လုံးဝမြဲသွားပြီ။ ကျူးလွန်ချင်လျက် တမင်သက်သက် ရှောင်ကြဉ်ရတာမျိုး မဟုတ်ဘူး။ ကျူးလွန်လိုစိတ် ရှိကိုမရှိလို့ အလိုအလျောက် မြဲသွားခြင်းမျိုးပါပဲ။

ဒီလို သီလမြဲလို့လည်း သောတာပန်ဟာ အပါယ်ဘေးက ထာဝစဉ်ကင်းဝေး လွတ်မြောက်သွားတာပေါ့။

## ကာဠုယက္ခိနီ သက်သေတည်

ကဲ. . သောတာပန်ပုဂ္ဂိုလ် သီလမြဲသွားပုံလေး ထင်ရှားသွားအောင် ဝတ္ထုကြောင်းလေး ဆက်ကြဦးစို့။

ရှေးအခါက သူကြွယ်သားတစ်ဦးဟာ ဖခင်သေဆုံးသွားတဲ့အခါ ကိုယ်တိုင် လယ်ထဲမှာ ဦးစီးလုပ်ကိုင်ရပါတယ်။ အိမ်မှုကိစ္စအဝဝကိုလည်း သူကိုယ်တိုင်ပဲလုပ်ကိုင်ပြီး မိခင်ကြီးကို ပြုစုလုပ်ကျွေးနေပါတယ်။

သားဖြစ်သူတစ်ယောက်တည်း အိမ်မှုကိစ္စတွေ လုပ်ကိုင်နေရတာကို မိခင်ကြီးက သဘောဝင်မကျဘူး၊ ဒါနဲ့ သားအတွက် ဇနီးတစ်ယောက်ရှာပေးမည့်အကြောင်း သားဖြစ်သူကို ပြောပါတယ်။ သားက အိမ်ထောင်

www.burmeseclassic.com



မပြုချင်ကြောင်း အကြိမ်ကြိမ်ငြင်းပယ်ပါတယ်။ မရဘူး။ အမေကြီးက အမျိုးသမီးတစ်ယောက် သွားရှာဖို့ လုပ်တယ်။ ဒီတော့မှ သားဖြစ်သူက သူသဘောကျတဲ့ အမျိုးသမီးကို ဖော်ပြတယ်၊ မိခင်ကြီးကလည်း သူ့သား သဘောကျတဲ့ အမျိုးသမီးကိုပဲ ချွေးမအဖြစ် ခေါ်ယူလာခဲ့ပါတယ်။

အဲဒီအမျိုးသမီးဟာ အိမ်ထောင်ကျပြီး နှစ်အတော်ကြာအောင် သားသမီးမရဘူး။ အမြုံမ ဖြစ်နေတယ်။ ဒီတော့ အမေကြီးက "သင် သဘောကျရွေးတဲ့ အမျိုးသမီးဟာ သားသမီးမရဘူး၊ အမျိုးပြတ်တော့မယ်၊ အမျိုး ပြတ်တာတော့ မခံနိုင်ဘူး၊ နောက်ထပ် ချွေးမသစ်တစ်ယောက် ရှာမယ်" လို့ သူ့သားကို ပြောပါတယ်။ သူ့ သားက ထပ်မရှာဖို့ ပြောတယ်။ အမေကြီးကလည်း ချွေးမအသစ်ရှာမည့်အကြောင်းကိုပဲ ထပ်ပြောတယ်။

ဒီလို အမေနဲ့သား ပြောကြားနေကြတာကို အမြုံမက ကြားသွားတယ်။ အမေကြီး စိတ်တိုင်းကျ ချွေးမတစ်ယောက် နောက်ထပ်ရောက်လာရင် သူ့အတွက် အဆင်မပြေဖြစ်နိုင်တယ်ဆိုတာ တွေးမိသွားတယ်။ ဒါနဲ့ သူကိုယ်တိုင်ပဲ အခြား အမျိုးသမီးပျိုတစ်ယောက်ကို တောင်းပန်ခေါ်ယူလာပြီး သူ့ခင်ပွန်းနှင့် ပေးစားလိုက်တယ်။

ဒုတိယအမျိုးသမီး ရောက်လာပြီးနောက် ပထမအမျိုးသမီးက အတွေးတစ်မျိုး ပေါက်သွားပြီး စိုးရိမ်သောက ရောက်လာတယ်။ ဒီအမျိုးသမီး သားသမီးရလာရင် သူတော့ အိမ်မှာ ဩဇာရှိတော့မှာ မဟုတ်ဘူး၊ ဒုတိယအမျိုးသမီးရဲ့ လက်အောက်ခံ ဖြစ်ရတော့မှာပဲလို့ အထင်ရောက်သွားတယ်။ ဒါကြောင့် ဒုတိယ အမျိုးသမီးအား ကိုယ်ဝန်ရရင် သူ့ကိုပြောဖို့ မှာထားတယ်။

www.burmeseclassic.com

 www.burmeseclassic.com 

ဒုတိယအမျိုးသမီးဟာ မကြာမီ ကိုယ်ဝန်ရလာတယ်။ ဒါကို ပထမအမျိုးသမီး သိတဲ့အခါ ကိုယ်ဝန်ဖျက်ဆေး မသိအောင် တိုက်ကျွေးတယ်။ ဒုတိယအကြိမ် အမျိုးသမီး ကိုယ်ဝန်ရတဲ့အခါမှာလည်း ပထမအမျိုးသမီးက ကိုယ်ဝန်ဖျက်ဆေး မသိအောင်တိုက်ကျွေးလို့ ကိုယ်ဝန်ပျက်သွားရပြန်တယ်။

ဒါကို အိမ်နီးပါးချင်းတွေက ရိပ်စားမိလာကြတယ်။ ဒါနဲ့ နောက်တစ်ခါ ကိုယ်ဝန်ရရင် ပထမအမျိုးသမီးကို အသိမပေးဖို့ ဒုတိယအမျိုးသမီးအား အကြံပေးစကား ပြောကြားကြတယ်။

ဒုတိယအမျိုးသမီးဟာ တတိယအကြိမ် ကိုယ်ဝန်ရလာတဲ့အခါ ပထမအမျိုးသမီးကို မပြောတော့ဘူး။ ကိုယ်ဝန်အတော်ရင့်လာမှ ပထမအမျိုးသမီး သိရတော့တယ်။ သူ့ကို ဘာ့ကြောင့် အသိမပေးသလဲလို့ မေးတယ်။ ဒုတိယအမျိုးသမီးက နှစ်ကြိမ်တိုင်တိုင် သူ့ကိုယ်ဝန် အဖျက်ခံခဲ့ရလို့ မပြောကြောင်း ဖြေကြားပါတယ်။

ပထမအမျိုးသမီး အတော်စိုးရိမ်သွားတယ်။ ဒါပေမယ့် အကြံမလျှော့ဘူး။ ဒုတိယအမျိုးသမီး အလစ်မှာ အစာထဲကို ကိုယ်ဝန်ဖျက်ဆေးခပ်ပြီး ကျွေးတယ်။ ကိုယ်ဝန်က ရင့်နေတော့ ပျက်မကျဘူး။ ဒါပေမယ့် မိခင်လောင်းဟာ ဝေဒနာအပြင်းအထန် ခံစားရပြီး အနိစ္စ ရောက်သွားရရှာပါတယ်။

မသေမီကလေးမှာ ပထမ အမျိုးသမီးကို ပြောတယ်။ "သင်ဟာ ငါ့ကို ဒီအိမ်ရောက်အောင် သင်ကိုယ်တိုင် မရမက ခေါ်ယူလာတယ်၊ နောက်ပြီး သုံးကြိမ်တိုင်တိုင် ငါ့ကို ကိုယ်ဝန်ဖျက်ဆေး တိုက်ကျွေးတယ်၊ အခု ငါ သေရတော့မယ်၊ သေရင် ဘီလူးမဖြစ်ပြီး သင့်ကို စားနိုင်ရသည့်ကိုယ် ဖြစ်ရလို၏" လို့ပြောဆိုပါတယ်။ သူ သေပြီးနောက် အဲဒီအိမ်မှာပဲ ကြောင်မ သွားဖြစ်တယ်။

www.burmeseclassic.com

ဒုတိယအမျိုးသမီး သေဆုံးရပုံ အဖြစ်မှန်ကိုသိရတော့ ခင်ပွန်းဖြစ်သူ အမျိုးသားဟာ ဒေါသမထိန်းနိုင်အောင် ဖြစ်သွားတယ်။ ပထမအမျိုးသမီးကို ရိုက်ပုတ်ထိုးကြိတ် နှိပ်စက်တယ်။ ဒါနဲ့ ပထမအမျိုးသမီးလည်း အရိုက်ခံနှက်ခံရတဲ့ ဒဏ်ချက်ကြောင့် မကြာမီသေဆုံးပြီး အဲဒီအိမ်မှာပဲ ကြက်မ သွားဖြစ်ပါတယ်။

ဒီကြက်မဟာ မကြာမီ ဥ,ဥလာတယ်။ သူ ဥ,ဥတိုင်း ကြောင်မက လာလာ စားပစ်တယ်။ နောက်ဆုံးမှာ ကြောင်မက ကြက်မကိုပါ စားဖို့လုပ်လာတယ်။ ကြက်မက မသေမီကလေးမှာ ဒီလို ဆုတောင်းသွားတယ်။

"ဒီကြောင်မဟာ ငါ ဥ,ဥတိုင်း လာလာစားရုံမကဘူး အခု ငါ့ကိုပါ စားတော့မယ်၊ ဖြစ်လေရာ ဘဝတိုင်းမှာ ဒီကြောင်မကို သူ့သားသမီးတွေနှင့်တကွ ပြန်စားနိုင်ရပါလို၏" တဲ့။ ဒီလို ဆုတောင်းပြီး သေသွားပါတယ်။


အဲဒီနောက်မှာ ကြောင်မက တောထဲမှာ သမင်မ သွားဖြစ်တယ်။ ကြက်မက ကျားမ ဖြစ်သွားပြန်ပါတယ်။ သမင်မ သားကျတိုင်း-သားကျတိုင်း ကျားမက လာလာစားပစ်တယ်။ နောက်ဆုံးမှာ သမင်မကိုပါ စားဖို့လုပ်လာတယ်။ သမင်မဟာ မသေမီကလေးမှာ ဆုတောင်းပြန်တယ်။ သူဟာ ဖြစ်လေရာဘဝတိုင်းမှာ ဒီကျားမကို ပြန်လည်စားနိုင်ရပါလို၏ - တဲ့။

---

၁၉။ ဒုတိယဇနီး သေအံ့ဆဲဆဲတွင် ပထမဇနီးအား စိမ်းစိမ်းကြီးကြည့်ကာ "နောင်ဘဝတွင် ဘီလူးမဖြစ်၍ သင့်ကို စားရပါစေသား" ဟု ဆုတောင်းနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

 www.burmeseclassic.com 

အဲဒီဘဝက သေကြတော့ ကျားမဟာ သာဝတ္ထိပြည်မှာ လူအမျိုးသမီး သွားဖြစ်တယ်။ သမင်မက ဘီလူးမ သွားဖြစ်တယ်။ နာမည်က ကာဠယက္ခိနီတဲ့။

အမျိုးသမီး အရွယ်ရောက်တော့ မြို့တံခါးအနီး ရွာငယ်တစ်ရွာက အမျိုးသားတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။ ပထမအကြိမ် ကလေးမျက်နှာမြင်တဲ့အခါ ဘီလူးမက မိတ်ဆွေ အမျိုးသမီးယောင်ဆောင်ပြီး မီးနေခန်းထဲ ဝင်လာတယ်။ သားလေးလား သမီးလေးလား ကြည့်ရအောင်ဆိုပြီး ကောက်ချီကာ ကလေးငယ်ကို ဗိုခင်ရှေ့မှာပင် စားပစ်တယ်တဲ့။ ဒုတိယအကြိမ် ကလေးမျက်နှာမြင်တဲ့အခါလည်း ဒီလိုပဲ ဘီလူးမက လာစားပစ်ပြန်တယ်။

အဲဒီအမျိုးသမီးဟာ တတိယအကြိမ် ကိုယ်ဝန် အရင့်အမာရှိလာတဲ့အခါ ယောက္ခမအိမ်မှာ မီးမဖွားရဲတော့ဘူး။ ခင်ပွန်းသည်ကိုခေါ်ပြီး မိဘအိမ်သွားကာ ကလေးမျက်နှာမြင်ပါတယ်။

အဲဒီအချိန်မှာ ဘီလူးမဟာ ဝေဿဝဏ်နတ်မင်းထံ သွားရောက်ခစားနေရပါသတဲ့။ တစ်ခါတစ်ခါ အခစားဝင်ရရင် လေးလလောက် ကြာပါတယ်တဲ့။

---

၂၀။ ကျားစားခံရ၍ သမင်မသေအံ့ဆဲဆဲတွင် "ဖြစ်လေရာဘဝတိုင်း ဒီကျားကို စားနိုင်ရပါစေ" ဟု ဆုတောင်းနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးမဟာ အခစားတာဝန်မှ လွတ်လွတ်ချင်း အမျိုးသမီးရဲ့ ယောက္ခမအိမ်ကို လူ့အသွင်နှင့် သွားမေးတယ်။ ဘီလူးမရန်ကြောက်လို့ သူ့မိဖအိမ်သွားပြီး ကလေးမျက်နှာမြင်တဲ့အကြောင်း သိရတယ်။ အဲဒီအခါ ဘီလူးမက ဘယ်ကိုပဲသွားသွား ငါ့လက်က ပြေးမလွတ်နိုင်ဘူးလို့ တစ်ယောက်တည်း ကြိမ်းဝါးပြီး အမျိုးသမီးရှိရာ သာဝတ္ထိမြို့ဘက်သို့ တစ်ဟုန်တည်း ပြေးလိုက်သွားတယ်။

အမျိုးသမီးနဲ့ ခင်ပွန်းသည်တို့ဟာ သားငယ်နှင့်အတူ ရွာသို့ ပြန်လာကြတယ်။ ပြန်လာတဲ့အခါ ဇေတဝန်ကျောင်းတော်လမ်းအတိုင်း ပြန်လာကြတယ်။ ကျောင်းတော်ရေကန်ကိုရောက်တော့ အမျိုးသမီးက အရင် ရေခ်ာင်းချိုးတယ်။ နောက် အမျိုးသားရေဆင်းချိုးနေစဉ် ဘီလူးမပြေးလာနေတာကို အမျိုးသမီးက မြင်ရ တယ်။ ဒါနဲ့ ယောကျ်ားကို မစောင့်နိုင်တော့ဘဲ သားငယ်ကိုချီပြီး မြတ်စွာဘုရားထံ အရောက်ပြေးတယ်။

အဲဒီအချိန်မှာ ပရိသတ်ကို မြတ်စွာဘုရား တရားဟောကြားတော်မူနေပါတယ်။ ကလေးအမေ အမျိုးသမီးဟာ သားငယ်ကို မြတ်စွာဘုရားရဲ့ ခြေဖမိုးပေါ်မှာ ကပျာကယာတင်ထားပြီး "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်မရဲ့ သားငယ်ကို အရှင်ဘုရားအား ပေးလှူပါတယ်၊ သားငယ် အသက်ချမ်းသာအောင် ပြုပေးတော်မူပါဘုရား" လို့ လျှောက်ထားပါတယ်။

---

၂၁။ ဘီလူးမပြေးလာသည်ကို မြင်သဖြင့် မိခင်အမျိုးသမီးခမျာ သားငယ်ကိုပိုက်ကာ ဘုရားရှင်ထံသို့ ပြေးသွားနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါမှာ ဇေတဝန်ကျောင်းတိုက် တံခါးမှုခ်စောင့် သုမနနတ်မင်းက ဘီလူးမကို ကျောင်းထဲဝင်ခွင့်မပေးဘူး။ ဒါနဲ့မြတ်စွာဘုရားက ညီတော်အာနန္ဒာအား ဘီလူးမကို သွားခေါ်ဖို့ ခိုင်းပါတယ်။ ညီတော်အာနန္ဒာသွားခေါ်မှ ဘီလူးမလည်း ကျောင်းထဲဝင်ခွင့်ရပြီး လိုက်လာပါတယ်။

ဘီလူးမလာတာကို ကလေးအမေ အမျိုးသမီးမြင်တော့ "အရှင်ဘုရား ဘီလူးမ လာနေပြီ" လို့ ကြောက်လန့် အော်ဟစ်ပါတယ်။ မြတ်စွာဘုရားက "လာပါစေ၊ အသံမပြုနဲ့ အသာနေ" လို့ မိန့်ကြားတော်မူပါတယ်။

မြတ်စွာဘုရား ရှေ့တော်မှောက်သို့ ဘီလူးမရောက်လာတဲ့အခါ မြတ်စွာဘုရားက တရားဟောတယ်။

"သင် ဘာဖြစ်လို့ ဒီလိုပြုရသလဲ၊ သင်တို့နှစ်ယောက်ဟာ ငါဘုရားရဲ့ ရှေ့တော်မှောက်သာ ရောက်မလာရင် ကျီးနှင့် ဇီးကွက်၊ ဝက်ဝံနှင့် ကြို့မင်၊ မြွေနှင့် မြွေပါတို့လို ကမ္ဘာ့ရန်တွေ ဖြစ်ကုန်ကြရော့မယ်။ ရန်ကိုရန်ချင်း မတုန့်ပြန်ရဘူး။ ရန်ကိုရန်ချင် တုန့်ပြန်ရင် ရန်မငြိမ်းဘူး" လို့ ဟောတော်မူတယ်။

ဒီလိုဟောပြီး ဒီအဓိပ္ပါယ်ကိုပဲ ဂါထာလေးတစ်ပုဒ်နှင့် ထပ်ဟောတယ်။ အဲဒီဂါထာကို မှတ်ရလွယ်အောင် ဆောင်ပုဒ်လေး စီထားပါတယ်။ ကဲ. . ဆိုကြည့်ကြရအောင်. . .

---

၂၂။ ဘုရားရှင်က မိခင်အမျိုးသမီးအား ကလေးငယ်ကို ဘီလူးမသို့ပေးရန် စေခိုင်းတော်မူပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ရန်ကိုရန်ချင်း တုန့်ပြန်နှင်းရင်၊ ရန်ကြွင်းရှန်စ မငြိမ်းရာ။
ရန်ကိုရန်ချင်း မတုန့်နှင်းမှ၊ ရန်ကြွင်းရန်စ ငြိမ်းနိုင်ရာ။

အဲ . . မြတ်စွာဘုရားရဲ့ တရားဂါထာအဆုံးမှာ ဘီလူးမ သောတာပန်ဖြစ်သွားပါတယ်။ အဲဒီအခါ မြတ်စွာဘုရားက "ဘီလူးမကို သင့်သားပေးလိုက်" လို့ မိန့်ကြားပါတယ်။

ပထမတော့ ကလေးအမေက မပေးရဲကြောင်း ပြန်လျှောက်ပါတယ်။ ဒါပေမယ့် မြတ်စွာဘုရားက အခုအခါ ဘီလူးမကြောင့် သင့်သားမှာ ဘေးရန်မရှိတော့ကြောင်း ထပ်မံမိန့်ကြားတဲ့အခါ ကလေးအမေက သူ့သားငယ်ကို ဘီလူးမအား ပေးလိုက်ပါတယ်။

ဘီလူးမဟာ ကလေးကို နမ်းရှုံ့ပွေ့ဖက်တယ်။ ခဏကြာမှ အမျိုးသမီးကို ကလေးပြန်ပေးပြီး ငိုယိုဖို့ အားထုတ်ပါတယ်။ ဒါကိုမြင်တော်မူတော့ မြတ်စွာဘုရားက ဘီလူးမကို "ဒါ ဘာဖြစ်ရပြန်တာလဲ" လို့ မေးတော်မူပါတယ်။

ဘီလူးမက "အရှင်ဘုရား၊ တပည့်တော်မဟာ အရင်က သူတစ်ပါးအသက် သတ်ဖြတ်ပြီး ဖြစ်သလို စားသောက် အသက်မွေးခဲ့တယ်၊ ဒါနဲ့တောင် ဝမ်းဝအောင် မစားခဲ့ရဖူးပါ၊ အခုဆိုရင် ဆက်လက်အသက် ရှင်ဖို့ မလွယ်တော့ပါဘုရား" လို့ သနားစဖွယ် လျှောက်ထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားက ဘီလူးမကို မစိုးရိမ်ဖို့ နှစ်သိမ့်စကား ပြောကြားတော်မူတယ်။ ဘီလူးမကို အိမ်ခေါ်သွားပြီး စားဦးစားဖျားလေးပေးဖို့ ကလေးအမေအမျိုးသမီးကို မိန့်ကြားတော်မူတယ်။

ကလေးအမေအမျိုးသမီးလည်း မြတ်စွာဘုရားအမိန့်တော်အတိုင်း ဘီလူးမကို အိမ်ခေါ်သွားတယ်။ ပထမ အိမ်နှင့် အိမ်အနီးအနားမှာ ထားတယ်။ စားဦးစားဖျား ကျွေးတယ်။

နောက်တော့ ဘီလူးမရဲ့ဆန္ဒအရ ရွာပြင်မှာနေရာပေးပြီး၊ စားဦးစားဖျား ကျွေးမွေးပါတယ်။ ဘီလူးမလည်း တတ်နိုင်သလောက် အကြံဉာဏ်ပေးပြီး ပြန်လည်စောင့်ရှောက်တယ်။ နောက် အတော်ကြာတော့ တစ်ရွာလုံးကပါ ဘီလူးမကို စားဦးစားဖျား ကျွေးမွေးကြတယ်။

ဒီ ကာဠယက္ခိနီဝတ္ထုမှာ အမျိုးသမီးနှင့် ဘီလူးမတို့ဟာ သုံးဘဝတိုင်တိုင် တစ်ဦးနှင့်တစ်ဦး အငြိုးကြီးစွာ သဲသဲမဲမဲ အပြန်အလှန် သတ်ဖြတ်စားလာကြသူတွေ ဖြစ်ကြတယ်ဆိုတာ ဝတ္ထုသွားအရ အလွန်ထင်ရှားပါတယ်။

ဒါပေမယ့် သောတာပန်ဖြစ်ပြီးနောက် ကလေးကိုမစားတော့ဘဲ နမ်းရှုံ့ပွေ့ဖက်ပြီး ပြန်ပေးတဲ့ ဘီလူးမရဲ့အဖြစ်ကိုကြည့်ရင် သောတာပန်ဟာ သူ့အသက်သတ်ဖြတ်ခြင်း ကင်းတယ်ဆိုတာ အလွန် သိသာပါတယ်။

✱

www.burmeseclassic.com

www.burmeseclassic.com

## “သာဓကအတိုအထွာ မှတ်စရာ”

ကောသမ္ဗီပြည့်ရှင် ဘုရင်ဥတေနရဲ့မိဖုရား သာမာဝတီရဲ့အစေအပါး ခုဇ္ဇုတ္တရာအမျိုးသမီးဟာ သောတာပန်မဖြစ်ခင်က သာမာဝတီအတွက် ပန်းဖိုး ရှစ်ကျပ်ထဲမှ လေးကျပ်ကို နေ့စဉ် ခိုးယူတယ်၊ ပန်းလေးကျပ်ဖိုးကို ရှစ်ကျပ်ဖိုးလို့ လိမ်ပြောခဲ့တယ်။ ဒါပေမယ့် သောတာပန်ဖြစ်ပြီးတဲ့အခါ ခိုးတာ လိမ်တာ လုံးဝ မလုပ်တော့ပါဘူး။ ဒါဟာ သောတာပန်က ခိုးမှု-လိမ်မှု ကင်းပုံ သာဓကပါပဲ။ သူ့အကြောင်းကို ဒုစရိုက်အပြစ်ဘေး ကင်းလွတ်ရေးတရားမှာ ဖော်ပြပြီးဖြစ်လို့ ဒီမှာ သိသာရုံ အနည်းငယ်သာ ဖော်ပြလိုက်ခြင်းပါပဲ။

ဘုရားကျောင်းဒကာ အနာထပိဏ်သူဌေးကြီးရဲ့တူ ခေမကဟာ သောတာပန် မဖြစ်ခင်က ကာမေသုမိစ္ဆာစာရကံကို ဒုန္ဒင့်ဒေး ကျူးလွန်နေတဲ့ ဒုစရိုက်သမား လူရမ်းကားတစ်ဦးပါပဲ။ ဒါပေမယ့် သောတာပန်ဖြစ်ပြီးနောက် သူ သားမယားကျူးလွန်မှု လုံးဝ မပြုတော့ပါဘူး။ ဒါဟာ ကာမေသုမိစ္ဆာစာရမှ သောတာပန်ကင်းပုံ ခိုင်မာတဲ့သာဓကပါပဲ၊ သူ့အကြောင်းကိုလည်း ဒုစရိုက်အပြစ်ဘေး ကင်းလွတ်ရေးတရားမှာပဲ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားပြီးဖြစ်လို့ ဒီမှာ အမြွက်မျှသာ ဖော်ပြလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီ တရားစာကို ရေးနေတဲ့အချိန်မှာ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ၌ ယောဂီအမျိုးသမီးကြီး တစ်ဦး ရှိနေပါတယ်။ သူဟာ အငြိမ်းစားကျောင်းဆရာမကြီး ဖြစ်တယ်။ သူ့ခင်ပွန်းကတော့ ဆုံးသွားပြီဖြစ်ကြောင်း သူပြောလို့ သိရပါတယ်။

ဒီစာ မရေးမီ ခြောက်လကျော်လောက်မှာ အဲဒီ အမျိုးသမီးကြီးက စာမူတစ်ခု ယူလာတယ်။ ရေးသူကတော့ ဝန်ကြီးချုပ်ဟောင်းတစ်ဦးပါပဲ။ သူ့စာမူအမှားပါရင် ပြင်ဆင်ပေးဖို့ စာရေးသူက ပြောလို့ သူတဦးပဉ္စင်းထံ ယူလာခြင်းပါပဲ။

အဲဒီ စာမူထဲမှာ သူ့ခင်ပွန်းအကြောင်းလည်း အနည်းငယ်ပါတယ်။ သူ့ခင်ပွန်းဟာ သခင်တစ်ဦး ဖြစ်တယ်။ စာမူရေးသူ ဝန်ကြီးချုပ်ဟောင်းနှင့် ငယ်စဉ်ကျောင်းနေကတည်းက ရန်ဖြစ်ဘက်တစ်ဦးလည်း ဖြစ်တယ်။ ကြီးတော့လည်း နိုင်ငံရေးအတိုက်အခံလည်း ဖြစ်တယ်။

အဲဒီ သူ့ခင်ပွန်းဟာ ဒုစရိုက်သမား လူရမ်းကားတစ်ဦး ဖြစ်ခဲ့ဖူးတယ်တဲ့။ အရက်ဆိုရင် ပုလင်းသာလဲပြီး လူမလဲတဲ့အထိ အရက်ချိုးကပ်နေသူ ဖြစ်တယ်တဲ့။ သူနဲ့ အတူသာနေကြတယ်။ နေ့တိုင်းလိုလို ရန်ဖြစ်သတ်ပုတ်ကြရပါသတဲ့။

ဒီ ရန်ကုန်မဟာစည်ရိပ်သာ ဖွင့်စမှာ ဝန်ကြီးချုပ်ဖြစ်နေတဲ့ သူနှင့်နိုင်ငံရေးရန်ဘက် ငယ်သူငယ်ချင်းက အတင်းခေါ်တာနဲ့ တရား ဝင်အားထုတ်ပါတယ်။ ဒါပေမယ့် မကြာခင် ရိပ်သာမှ ပြန်ပြေးတယ်။ သောက်မြဲတိုင်း ပြန်သောက်တယ်။ နောက်အတော်ကြာတော့ ရိပ်သာထဲ ပြန်ရောက်လာပြန်တယ်။ ဒီတစ်ခါတော့

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြာအောင် အားထုတ်သွားတယ်။ အိမ်ပြန်ရောက်တော့လည်း သူ့ဇနီးနှင့် ရန်မဖြစ်တော့ဘူး၊ အရက်လည်း မသောက်တော့ဘူးတဲ့။

အဲဒီ လူရမ်းကားဟောင်းယောဂီမှာ သူ့ကို နေရာတကာနိုင်ရတဲ့ ငယ်နိုင်တစ်ဦး ရှိပါသတဲ့။ အဲဒီလူက ရဲစခန်းမှူးတစ်ဦးတဲ့။ အဲဒီစခန်းမှူးကသာ ခိုင်းရင် ဒီ ဒကာဟာ အရင်က ဘာမဆို အကုန်လုပ်ပါသတဲ့။ ဘာမှ ပြန်မပြောရဲဘူးတဲ့။

တစ်နေ့ကျတော့ ညှော်ခံပွဲတစ်ခုမှာ အဲဒီ ရဲစခန်းမှူးက လူရမ်းကားဟောင်း ယောဂီကြီးကို အရင်ကလိုထင်ပြီး အရက်သောက်ခိုင်းပါရောတဲ့။ အဲဒီအခါ တစ်ခါမှမငြင်းခဲ့တဲ့ ယောဂီကြီးက သူ မသောက်တော့ကြောင်း ပြန်ပြောပါတယ်။ သူ့ငယ်နိုင် ရဲစခန်းမှူးက မူးနေပုံပေါ်တယ်။ လူကြားထဲမှာ သူခိုင်းတာ မသောက်ရလားဆိုပြီး အတင်းမာန်မဲ သောက်ခိုင်းတယ်၊ မရဘူး။ ဒါနဲ့ ခြောက်လုံးပြူးနဲ့ချိန်ပြီး သောက်ခိုင်းပါသတဲ့။

အဲဒီအခါ အရက်သမားဟောင်း ယောဂီက "မင်း ငါ့ကို သတ်ချင်ရင် သတ်၊ ငါ အရက်မသောက်တော့ဘူး" လို့ ပြန်ပြောတယ်တဲ့။ ဒီတော့မှ ရဲစခန်းမှူးလည်း လက်လျှော့သွားရပါတယ်။


အဲဒီယောဂီဟာ သေတဲ့အထိ အရက်ကို လုံး၀ ပြန်မသောက်တော့ဘူးတဲ့။ ဒီအကြောင်းဟာ သူ့ဇနီးကိုယ်တိုင်က ပြောပြတာကို အကျဉ်းချုပ် ဖော်ပြလိုက်ခြင်းပါပဲ။

---

၂၃။ သူငယ်ချင်းစခန်းမှူးက ခြောက်လုံးပြူးပြ၍ အရက်သောက်ခိုင်းသည်ကိုပင် ယောဂီကြီးခမျာ မသောက်တော့ဘဲ ငြင်းဆန်နေပုံ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဒီခေတ် တရားအားထုတ်သူ ယောဂီများတောင် တရားအတော်အသင့် တွေ့သွားရုံနဲ့ အရက် ပြတ်လောက်အောင် ဖြစ်သွားတယ်ဆိုရင် အရိယာသံဃာထဲ အဝင်အပါဖြစ်တဲ့ သောတာပန် အရက်မသောက် ဘူးဆိုတာ ဘာမျှ ယုံမှားဖြစ်စရာ မလိုတော့ပါဘူး။

ဒီလောက်ဆိုရင် သောတာပန်အရိယာဟာ. . .

(၁) သူ့အသက် သတ်ဖြတ်ခြင်း၊

(၂) သူ့ဥစ္စာကို ခိုးယူလုယက်ခြင်း၊

(၃) သူတစ်ပါးသားမယား ပြစ်မှားကျူးလွန်ခြင်း၊

(၄) သူတစ်ပါးနစ်နာအောင် လိမ်ပြောခြင်း၊

(၅) အရက်သေစာ သောက်စားခြင်း - တို့မှ ကင်းတယ်။

အရိယာတို့ မြတ်နိုးအပ်တဲ့ ငါးပါးသီလ အလိုအလျောက် လုံးဝမြဲသွားတယ်ဆိုတာ သိသာလောက် ပါပြီ။ ဒီ သီလမြဲတာဟာ သောတာပန် အရိယာမှာ ပြည့်စုံရမည့်တရား လေးပါးထဲက နောက်ဆုံးတရားပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကဲ. . ဟောခဲ့ပြီးတာလေး နိဂုံးချုပ်တဲ့အနေနဲ့ တရားဆောင်ပုဒ်ကဗျာလေး ဆိုလိုက်ကြဦးစို့။

## သီလမြဲမြံ သောတာပန် ဆောင်ပုဒ်ကဗျာ

သောတာပန်ဟာ ငါးသီလကို၊ မစောင့်ရဘဲ လုံခြုံတယ်။

၁။ ရှောင်ကြဉ်စရာ မလိုတော့ဘဲနဲ့၊ သတ်မှုအမြဲ ကင်းပါတယ်။

၂။ ရှောင်ကြဉ်စရာ မလိုတော့ဘဲနဲ့၊ ခိုးမှုအမြဲ ကင်းပါတယ်။

၃။ ရှောင်ကြဉ်စရာ မလိုတော့ဘဲနဲ့၊ ကာမဂုဏ်အကျင့်လွဲ ကင်းပါတယ်။

၄။ ရှောင်ကြဉ်စရာ မလိုတော့ဘဲနဲ့၊ လိမ်မှုအမြဲ ကင်းပါတယ်။

၅။ ရှောင်ကြဉ်စရာ မလိုတော့ဘဲနဲ့၊ သောက်စားမှုအမြဲ ကင်းပါတယ်။

ထို့ကြောင့်ပဲကွယ် အပါယ်ဘေးက၊ အစဉ်ကင်းဝေး လွတ်မြောက်တယ်။

မှတ်ကွယ်. . . မှတ်ကွယ်. . .။

www.burmeseclassic.com

www.burmeseclassic.com

## "သောတာပန်ပယ်ရာ ကိလေသာ"

သောတာပန်မှာ ပြည့်စုံရမည့်တရား လေးပါးအကြောင်းတော့ ဟောပြီးသွားပြီ။ အခု သောတာပန် ပုဂ္ဂိုလ် ပယ်တဲ့ ကိလေသာအကြောင်း ဟောမယ်။

စိတ်ကို ပူပန်စေတတ် ညစ်နွမ်းစေတတ်တဲ့ သဘောဟာ ကိလေသာဖြစ်တယ်။ အဲဒီ ကိလေသာက ၁။ လောဘ = လိုချင်နှစ်သက်မှု၊ ၂။ ဒေါသ = စိတ်ဆိုးပြစ်မှားမှု၊ ၃။ မောဟ = အမှန်မသိ အမှားသိမှု၊ ၄။ မာန = ထောင်လွှားမှု၊ ၅။ ဒိဋ္ဌိ = အယူအဆလွဲမှု၊ ၆။ ဝိစိကိစ္ဆာ = ယုံမှားမှု၊ ၇။ ထိန = ထိုင်းမှိုင်းပျင်းရိမှု၊ ၈။ ဥဒ္ဓစ္စ = စိတ်ပျံ့လွင့်မှု၊ ၉။ အဟိရိက = မကောင်းမှုမှ မရှက်မှု၊ ၁၀။ အနောတ္တပ္ပ = မကောင်းမှုမှ မကြောက်မှုရယ်လို့ ဆယ်ပါးရှိတယ်။

သောတာပန်အရိယာဟာ အဲဒီ ၁၀-ပါးထဲက ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကိလေသာနှစ်ပါးကို အမြစ်ပါမကျန် အကြွင်းမဲ့ပယ်ပြီး ဖြစ်တယ်။ ကျန်ကိလေသာတွေကိုတော့ အကြွင်းမဲ့ မပယ်နိုင်သေးဘူး။ ဒါပေမယ့် အဲဒီ ကျန်ကိလေသာတွေရဲ့ အပါယ်ကျစေနိုင်တဲ့ သတ္တိကိုတော့ ပယ်ပြီးဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဒီနေရာမှာ ဒိဋ္ဌိကိလေသာဆိုတာ မြင်ခိုက်ကြားခိုက်၊ နမ်းရှူခိုက်၊ စားခိုက်၊ ထိခိုက်၊ တွေးခိုက်၊ ဒီလို အာရုံနဲ့ဒွါရ ဆုံတွေ့ခိုက်မှာ ထင်ရှားရှိတဲ့ ရုပ်နာမ်ကို ငါကောင်သူကောင်အဖြစ် အထင်အမြင် အယူအဆ လွဲမှားမှုပင် ဖြစ်တယ်။

ဘယ်လိုလဲဆိုရင် မြင်ခိုက်မှာ ၁။ အဆင်းရယ်၊ ၂။ မျက်စိအကြည်ရယ်၊ ၃။ မြင်သိစိတ်နဲ့ ယှဉ်ဘက်စေတသိက်တွေရယ် ဒီသုံးမျိုး ထင်ရှားရှိပါတယ်။ အဲဒီသုံးမျိုးထဲမှာ အဆင်းနဲ့ မျက်စိအကြည်က ရုပ်တရားပဲ။ မြင်သိစိတ်နဲ့ အပေါင်းပါ စေတသိက်တွေက နာမ်တရား ဖြစ်တယ်။

ဒါကြောင့် မြင်ခိုက်မှာ ရုပ်နဲ့နာမ် နှစ်မျိုးသာ ထင်ရှားရှိတယ်။ အဲဒီ ထင်ရှားရှိတဲ့ ရုပ်နာမ်ကိုပဲ သက္ကာယလို့ ခေါ်ပါတယ်။ ဒီ သက္ကာယရုပ်နာမ်ကို ငါကောင် သူကောင် အသက်ကောင် လိပ်ပြာကောင်အနေ အယူအဆလွဲမှားတာဟာ သက္ကာယဒိဋ္ဌိပဲ။ ဒီနေရာမှာ အဲဒီ သက္ကာယဒိဋ္ဌိကိုပင် ဒိဋ္ဌိကိလေသာလို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်။

ကြားခိုက်မှာ အသံနဲ့နားအကြည်က ရုပ်တရား၊ ကြားသိစိတ်နှင့် အပေါင်းပါစေတသိက်တွေက နာမ်တရားပဲ။ ဒီကြားဆဲရုပ်နာမ်ကို ငါကောင်သူကောင်အနေ အထင်မှားရင်လည်း ဒိဋ္ဌိကိလေသာပဲ ဖြစ်တယ်။ နံခိုက်မှာလည်း အနံ့နဲ့ နှာခေါင်းအကြည်က ရုပ်တရား၊ နံသိစိတ်နှင့် အပေါင်းပါ စေတသိက်တွေက နာမ် တရားဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



စားခိုက်မှာလည်း အရသာနှင့် လျှာအကြည်က ရုပ်တရား၊ စားသိစိတ်နှင့် အပေါင်းပါစေတသိက်တွေက နာမ်တရား၊ ဒီရုပ်နာမ်နှစ်ပါးမျှသာ ရှိတယ်။ ထိခိုက်မှာလည်း အတွေ့အထိအာရုံနဲ့ ကိုယ်အကြည်က ရုပ်တရား၊ ထိသိစိတ်နှင့် အပေါင်းပါစေတသိက်တွေက နာမ်တရား၊ ဒီ ရုပ်နာမ်နှစ်ပါးပဲ ရှိတယ်။

တွေးခိုက်မှာလည်း (ဝိပဿနာရှုကောင်းတဲ့) တွေးစရာအာရုံက ရုပ်နာမ်နှစ်ပါး၊ မနောအကြည်နဲ့ တွေးသိစိတ်က နာမ်တရား၊ သူတို့ရဲ့ တည်ရာဝတ္ထုက ရုပ်တရားပဲ၊ ဒါကြောင့် တွေးခိုက်မှာလည်း ရုပ်-နာမ် နှစ်ပါးမျှသာ ရှိတယ်။ ဒီလို ရုပ်နာမ်နှစ်ပါးမျှသာ ရှိတာကို ငါကောင် သူကောင် အတ္တကောင်အနေနဲ့ အထင်လွဲမှားတာဟာ ဒိဋ္ဌိကိလေသာချည်းပဲ (အသေးစိတ်သိလိုရင် ဒိဋ္ဌိ-တဏှာပယ်ခွာရေးတရားမှာ ကြည့်ပါ။)

ယုံသင့်ယုံထိုက်တဲ့ ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ အရိယာသံဃာစစ် သံဃာမှန်၊ အကျင့်သိက္ခာ၊ သံသရာရှေ့အစွန်း နောက်အစွန်း၊ ပဋိစ္စသမုပ္ပါဒ်တရား စသည်တို့၌ ယုံမှားတဲ့သဘော မယုံကြည်နိုင်တဲ့သဘောဟာ ဝိစိကိစ္ဆာဖြစ်တယ်။ သူလည်း စိတ်ကို ပူပန်စေတတ် ညစ်နွမ်းစေတတ်တဲ့ ကိလေသာတရားဆိုး တစ်ပါးပါပဲ။

သောတာပန်အရိယာပုဂ္ဂိုလ်ရဲ့ သောတာပတ္တိမဂ်ဉာဏ်ဟာ ဒီ ကိလေသာတရားဆိုး နှစ်ပါးကို အကြွင်းမဲ့ အမြစ်ပါမကျန်အောင် ပယ်သတ်ပါတယ်။

မဂ်ဉာဏ်က ကိလေသာကို ပယ်တယ်ဆိုရာမှာ ၁။ ဖြစ်ပြီးကိလေသာ၊ ၂။ ဖြစ်ဆဲကိလေသာ၊ ၃။ ဖြစ်လတ္တံ့ကိလေသာတွေကို ပယ်တာတော့ မဟုတ်ဘူး။ ဖြစ်ပြီး ကိလေသာဆိုတာ ချုပ်ပျောက်ပြီးဖြစ်လို့

www.burmeseclassic.com

www.burmeseclassic.com



ပယ်စရာမလိုတော့ဘူး။ ကိလေသာဖြစ်ဆဲမှာ မဂ်စိတ်မဖြစ်နိုင်လို့ ဖြစ်ဆဲကိလေသာကို ပယ်တယ်လို့လည်း ပြောမဖြစ်ဘူး။ ဖြစ်လတ္တံ့ကိလေသာကလည်း ဖြစ်ကိုမဖြစ်သေးလို့ ပယ်ဖို့ လိုကိုမလိုသေးဘူး။

စင်စစ် ဒီမဂ်ဉာဏ်က ကိလေသာကို ပယ်တယ်ဆိုတာဟာ ရုပ်နာမ်အစဉ်မှာကိန်းပြီး အကြောင်းတိုက်ဆိုင်ရင် ဖြစ်ပေါ်နိုင်တဲ့ အနုသယသတ္တိကိုသာ ပယ်ခြင်းဖြစ်ပါတယ်။ အနုသယကိလေသာဟာ "ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့" ကာလသုံးပါးမှ အလွတ်ဖြစ်တယ်တဲ့။

သောတာပန် အရိယာပုဂ္ဂိုလ်ဟာ မိမိပယ်ပြီး ကိလေသာ၊ မပယ်ရသေးတဲ့ ကိလေသာနှင့် မိမိရဲ့ လားရာဂတိတွေကိုတော့ သောတာပန်တိုင်း အကုန်မသိနိုင်ပါဘူး။ စာပေကျမ်းဂန် ဗဟုသုတရှိတဲ့ သောတာပန်တွေလောက်သာ သိနိုင်စရာရှိပါတယ်။ စာပေကျမ်းဂန် အကြားအမြင်မရှိတဲ့ သောတာပန် အရိယာတွေ အနေနဲ့ကတော့ အဲဒါတွေကိုသိဖို့ မလွယ်ပါဘူး။ ဒါနဲ့ပတ်သက်လို့ မဟာနာမ်မင်းရဲ့ လျှောက်ထားတာလေး အနည်းငယ် ဖော်ပြပါဦးမယ်။

မြတ်စွာဘုရားဟာ အခါတစ်ပါးမှာ မိမိရဲ့ဇာတိဖြစ်တဲ့ ကပိလဝတ်နေပြည်တော်ရှိ နိဂြောဓာရုံကျောင်းတော်မှာ ကိန်းအောင်းမွေ့လျော် သီတင်းသုံးနေတော်မူပါတယ်။

တစ်နေ့မှာ မဟာနာမ်အမည်ရှိတဲ့ သာကီဝင်မင်းဟာ မြတ်စွာဘုရားရှိရာ ကျောင်းတော်သို့ ရောက်လာပါတယ်။ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပြီးနောက် "ဝေး၊ နီး၊ လေညာ၊ မြင့်ရာ၊ ရှေ့၊ နောက်" ကိုအပြစ်ခြောက်ပါး လွတ်လောက်ရာအရပ်မှာ ထိုင်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီမဟာနာမ်မင်းဆိုတာ တခြားလူမဟုတ်ဘူး။ မြတ်စွာဘုရားရဲ့ ဘထွေးတော်ရဲ့သားပဲ။ မြတ်စွာဘုရားနှင့် ညီအစ်ကိုဝမ်းကွဲ တော်ပါတယ်။ ဒီ မဟာနာမ်သာကီဝင်မင်းက မြတ်စွာဘုရားကို ဒီလိုလျှောက်ထားပါတယ်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်မှာ တစ်ခါတရံ ဖြစ်ပေါ်လာတဲ့လောဘ၊ ဒေါသ၊ မောဟတရားတွေကြောင့် စိတ်ကြည်လင်မှုတွေ ပျောက်ကုန်ပါတယ်၊ အဲဒီအခါ တပည့်တော်မှာ ဘယ်ကိလေသာတရားတွေများ မပယ်ရသေးဘဲ ကျန်နေသေးသလဲလို့ သံသယစိတ် ဖြစ်မိပါတယ်ဘုရား"-တဲ့။ ဒါဟာ မဟာနာမ်လျှောက်ထားတဲ့ စကားကို အကျဉ်းချုပ်မျှ ဖော်ပြလိုက်ခြင်းပါပဲ။

ဒီ မဟာနာမ်သာကီဝင်မင်းပဲ အခြားတစ်ချိန်မှာ မြတ်စွာဘုရားကို ဒီလို လျှောက်ထားပါသေးတယ်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်ဟာ မြတ်စွာဘုရားကိုဖြစ်စေ၊ ရဟန်းတော်များကို ဖြစ်စေ ဆည်းကပ် ဖူးမြော်ပြီးနောက် ညနေချမ်းအချိန်လောက်မှာ ကပိလဝတ်နေပြည်တော်ထဲ ပြန်ဝင်သွားတဲ့အခါ ချာချာလည်နေတဲ့ ဆင်ကြမ်း၊ မြင်းကြမ်း၊ ရထားကြမ်း၊ လှည်းကြမ်း၊ လူဆိုး လူကြမ်းတို့နှင့် တွေ့ရတတ်ပါတယ်၊ အဲဒီအခါမျိုးမှာ မြတ်စွာဘုရားကို သတိရတဲ့စိတ်၊ တရားတော်ကို သတိရတဲ့စိတ်၊ သံဃာတော်ကို သတိရတဲ့စိတ်တွေ မေ့ပျောက်ကုန်ပါတယ်၊ ဒါကြောင့် အဲဒီလိုအခါမျိုးမှာ တပည့်တော် သေရင်

---

၂၄။ မဟာနာမ်မင်းက ဘုရားရှင်အား "တပည့်တော် သေရင် ဘယ်လိုဘဝမျိုး ရောက်ရမှာပါလဲဘုရား" ဟု လျှောက်ထား မေးမြန်းနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဘဝမျိုးများ ရောက်သွားလေမလဲလို့ သံသယဖြစ်မိပါတယ်ဘုရား”-တဲ့။ ဒါဟာ မဟာနာမ်မင်းရဲ့ လျှောက်ထားချက်တစ်မျိုးကို သိသာရုံ အကျဉ်းချုပ် ဖော်ပြလိုက်ခြင်းပါပဲ။

ဒီ မဟာနာမ်မင်းဟာ သာမန်ပုဂ္ဂိုလ် မဟုတ်ဘူး။ သကဒါဂါမ်အရိယာ ပုဂ္ဂိုလ်ပါ။ ဒါပေမယ့် သူ လျှောက်ထားတဲ့ စကားတွေရဲ့ ဆိုလိုချက်ကို လေ့လာကြည့်လိုက်ရင် သူဟာ ပယ်ပြီးကိလေသာ မပယ်ရသေးတဲ့ ကိလေသာနှင့် လားရမည့် ဂတိတွေကို အသေးစိတ်များ မသိဘူးဆိုတာ ထင်ရှားပါတယ်။

သကဒါဂါမ်ဆိုတာ သောတာပန်အရိယာထက် တစ်ဆင့်မြင့်တဲ့အရိယာပဲ။ သကဒါဂါမ်တောင် သကဒါဂါမ်တိုင်း ပယ်ပြီးကိလေသာ စသည်ကို မသိနိုင်ရင် သောတာပန်ဖြစ်ပေမယ့် သောတာပန် အရိယာတိုင်း မိမိရဲ့ပယ်ပြီးကိလေသာ မပယ်ရသေးတဲ့ ကိလေသာနှင့် လားရမည့် ဂတိတွေကို မသိနိုင်ဘူးဆိုတာ အလွန် ထင်ရှားပါတယ်။

ဒါပေမယ့် သောတာပန်ပုဂ္ဂိုလ်ဟာ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ သူရဲ့ သောတာပတ္တိမဂ်ဉာဏ်က ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိလေသာနှစ်ပါးကို အကြွင်းမဲ့ပယ်သတ်ပြီးပြီ။ ကျန်ကိလေသာများရဲ့ အပါယ်ကျစေနိုင်တဲ့ သတ္တိကိုလည်း ပယ်သတ်ပြီးပြီ။ ဒါကြောင့် သောတာပန်ဟာ အပါယ်လေးပါးဘေးက ထာဝစဉ် ကင်းဝေး လွတ်မြောက်သွားပြီ။ လူပြန်ဖြစ်ရင်လည်း ယုတ်ညံ့တဲ့အမျိုးမှာ မဖြစ်တော့ဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကဲ. . သောတာပန်ပယ်ရာ ကိလေသာနှင့် ပတ်သက်လို့တော့ ဒီမျှနဲ့ပဲ တော်လောက်ပါပြီ။ နိဂုံးချုပ်ဆောင်ပုဒ်ကဗျာလေး ရွတ်ဆိုပြီး ခဏနားကြဦးစို့။

### သောတာပန်ပယ်ရာ ကိလေသာကဗျာ

သောတာပန်ဟာ ကိလေနှစ်ပါးကို၊ အကုန်ပယ်ရှား သတ်နိုင်တယ်။
ရုပ်နာမ်နှစ်ဖြာ အကောင်ထင်စွဲတဲ့၊ အယူအဆလွဲ ပယ်သတ်တယ်။
ဘုရားစသား ယုံဖွယ်များကို၊ ယုံမှားမှုလည်း ပယ်သတ်တယ်။
ကျန်ကိလေသာ အကြမ်းစားကို၊ အပါယ်မလားအောင် ပယ်နိုင်တယ်။
ထို့ကြောင့်ပဲကွယ် အပါယ်ဘေးက၊ အစဉ်ကင်းဝေး လွတ်မြောက်တယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

## "သောတာပန် နှင့် လူ့တာဝန်"

သောတာပန်ပုဂ္ဂိုလ်ဟာ အပါယ်ကျစေနိုင်တဲ့ ကိလေသာအကြမ်းစားတွေ ပယ်သတ်နိုင်ပေမယ့် လောကီအာရုံ ကာမဂုဏ်တွေကို နှစ်သက်လိုချင် ခုံမင်တွယ်တာမှု လောဘတဏှာကိုတော့ မပယ်နိုင်သေးဘူးတဲ့။

ဒါကြောင့် လူဝတ်ကြောင် သောတာပန်ပုဂ္ဂိုလ်များလည်း သာမန်ရိုးရိုး ပုထုဇဉ်များလိုပင် အိမ်ထောင်မှု သားမွေးမှုတွေ ပြုကြပါသေးတယ်။ လူဘဝနှင့်နေရင် ဆိုင်ရာ လူ့တာဝန်ဝတ္တရားတွေကိုလည်း ဆောင်ရွက်ကြရပါသေးတယ်။

မြတ်စွာဘုရားလက်ထက်တော်က နာမည်ကျော် လိစ္ဆဝီဗိုလ်ချုပ်ကြီး သီဟဆိုရင် အစက ဗုဒ္ဓဘာသာဝင် မဟုတ်ပါဘူး။ နောင် မြတ်စွာဘုရားရဲ့ တရားကို နာယူနှလုံးသွင်းခွင့်ရမှ သောတာပန်ဖြစ်သွားပါတယ်။

ဒါပေမယ့် သောတာပန်ဖြစ်ပြီးနောက် စစ်ဗိုလ်ချုပ်ရာထူးက ထွက်လိုက်တယ်ဆိုတာကို စာထဲပေထဲမှာ မတွေ့မိပါဘူး။ သောတာပန်ဖြစ်ပြီးမှ စစ်ဗိုလ်ချုပ်ကြီးဘဝနဲ့ပဲ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းကပ်တဲ့အကြောင်းသာ တွေ့ရပါတယ်။

---

၂၅။ သောတာပန် စစ်ဗိုလ်ချုပ်ကြီးသီဟက ဘုရားအမှူးရှိသည့် သံဃာတော်မြတ်များအား ဆွမ်းဆက်ကပ် လှူဒါန်းနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သောတာပန်ပေမယ့် စစ်ဗိုလ်ချုပ်ရာထူး ထမ်းဆောင်ဆဲဆိုရင် တာဝန်တွေကိုတာဝန်တစ်ရပ်အနေနဲ့ မလွဲမသွေ ဆောင်ရွက်ရမှာပါပဲ။

တဖန် ဘုရားကျောင်းဒါယကာ ဗိမ္ဗိသာရမင်းကို ကြည့်ပါ။ သူဟာ ရာဇဂြိုဟ်ပြည်သို့ မြတ်စွာဘုရား ပထမဆုံးရောက်တဲ့နေ့မှာပဲ သောတာပန်အရိယာ ဖြစ်ခဲ့ပါတယ်။ သောတာပန် ဖြစ်သွားပေမယ့် သားတော် အဇာတသတ်ကို ထီးနန်းလွှဲအပ်ရတဲ့အချိန်အထိ နှစ်အတန်ကြာအောင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သွားခဲ့တာပါပဲ။

ဟိုခေတ်က မင်းဆိုတာ အုပ်ချုပ်ရေး၊ စစ်ရေး၊ တရားစီရင်ရေးမှစပြီး တိုင်းရေးပြည်ရာကိစ္စအဝဝ တိုင်းမှာလိုလို ဦးဆောင်ပါဝင် လုပ်ကိုင်ကြပါတယ်။

ဒါကြောင့် သောတာပန်ပေမယ့် ဆိုင်ရာ လူ့တာဝန်ဝတ္တရားတွေကို တာဝန်ဝတ္တရားအနေနဲ့ ဆောင်ရွက်ကြရသေးကြောင်း ထင်ရှားပါတယ်။

ဒီနေရာမှာ ဒီအချက်ကို ဖော်ပြနေတာ အကြောင်းရှိပါတယ်။ အချို့ အကြောင်းမသိသူများက တရားသမားများအပေါ်မှာ အထင်အမြင် လွဲတတ်ကြပါတယ်။ တရားရိပ်သာတစ်ခုခုက ပြန်လာရင် တရားသမားဟာ အပြုအမူ၊ အပြောအဆိုတွေ လုံးဝ ပြောင်းသွားလိမ့်မယ်၊ ကျောက်ခဲ အုတ်ခဲလို ဖြစ်လာလိမ့်မယ်လို့ ထင်တတ်ကြတာရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ထင်သလို တရားသမားက ဖြစ်မလာရင် “တရားအားထုတ်တယ်လဲ ဆိုသေး၊ အရင်ကနဲ့ ဘာမျှမထူးပါဘူး” စသည်ဖြင့် ကဲ့ရဲ့စကား ပြောကြားတတ်ကြတယ်။

ပုဂ္ဂိုလ်ကို အထင်သေးရာမှ တရားတော်အပေါ်မှာပါ အထင်အမြင်လွဲသွားတတ်တယ်။ အထင်သေးသွားတတ်ပါတယ်။

ဤစာရေးသူကိုယ်တိုင်ပင် တရားအားမထုတ်မီက တရားသမားများအပေါ်မှာ ဒီလိုပဲ အထင်မှားခဲ့ဖူးပါတယ်။ ဒါကြောင့် အခြားသူများ စာရေးသူလိုမဖြစ်ရအောင် သောတာပန်နှင့် လူ့တာဝန်ဆိုတဲ့အကြောင်းကို တမင်ဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်။

အမှန်ကတော့ တရားရိပ်သာကပြန်လာသူတိုင်း တရားရ-ရမယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ မိမိတို့ရဲ့ ပါရမီ အားလျော်စွာ ရသူရှိသလို မရသူလည်း ရှိပါတယ်။

တကယ်လို့ သောတာပန်ဖြစ်တဲ့အထိ တရားပြည့်စုံသွားတယ်ပဲထားပါဦး။ တရားရှုမှတ်မှုမရှိတဲ့အခါမျိုးမှာ သူ့အမူအရာ အပြောအဆိုဟာ တရားအားမထုတ်မီကအတိုင်း ဘာမျှမထူးဘဲ ဖြစ်ရင်ဖြစ်နေတတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ရဟန္တာဖြစ်တာတောင် ကိလေသာကိုသာ အကြွင်းမဲ့ ပယ်သတ်နိုင်ပါတယ်၊ ဝါသနာကို မပယ်သတ်နိုင်ပါဘူး။

ဒါကြောင့် ဝါသနာအလျောက် အရင်ကအတိုင်း ပြုမူပြောဆိုတာကို ကြည့်ပြီး ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တရားရ-မရ ခန့်မှန်းလို့ မဖြစ်နိုင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား လက်ထက်တော်ကာလက ပိလိန္ဒဝစ္ဆဆိုတဲ့ မထေရ်မြတ်ကြီးဟာ ဧရာဟန္တာဖြစ်ပေမယ့် ဘဝငါးရာတိုင်တိုင် သူများကိုမြင်ရင် "ဟေ့ လူယုတ်မာ၊ ဟေ့ လူယုတ်မာ" လို့ ခေါ်တတ်တဲ့ ဝါသနာကို မပယ်နိုင်လို့ အကဲ့ရဲ့ ခံခဲ့ရဖူးပါတယ်။

ဒီသာဓကတွေကိုကြည့်ရင် တရားသမားတိုင်း အမူအရာ အပြောအဆို လုံးဝပြောင်းသွားမယ် ဆိုတာ မမျှော်လင့်သင့်ပါဘူး။


ကဲ. . သောတာပန်နှင့် လူ့တာဝန်အကြောင်း ပြန်ဆက်ကြဦးစို့။ သောတာပန် ပုဂ္ဂိုလ်ဟာ အိမ်ထောင်ရှင် အမျိုးသားဆိုရင် သူ့အိမ်ထောင်ရဲ့ စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေးအတွက် ဆောင်ရွက်စရာ တာဝန်ဝတ္တရားတွေကို ဆောင်ရွက်ရမှာပဲ။ အိမ်ထောင်ရှင် အမျိုးသမီးဆိုရင်လည်း အိမ်ထောင်ထိန်းသိမ်းမှု တာဝန်နှင့် သား၊ သမီး၊ ခင်ပွန်းတို့အပေါ် ပြုရမည့် ဆိုင်ရာဝတ္တရားတွေကို တာဝန်ဝတ္တရားအနေနဲ့ ဆောင်ရွက်ရမှာပါပဲ။

ဒီလိုဆောင်ရွက်ရာမှာ မိမိရဲ့ဘဝပေး အခြေအနေအရ ပတ်ဝန်းကျင်ရဲ့ အထင်အမြင်သေးစရာ၊ အထင်လွဲစရာမျိုးတွေကို စိတ်စေတနာမပါဘဲ ဆောင်ရွက်ရတာမျိုးလည်း ရှိနိုင်ပါတယ်။ ဒီအခါမျိုးမှာ လောက သဘောအရ အကဲ့ရဲ့ အပြောအဆိုများလည်း ခံရတတ်ပါတယ်။ ဒီလို အဖြစ်မျိုးဟာ မြတ်စွာဘုရား လက်

၂၆။ ပိလိန္ဒဝစ္ဆရဟန္တာကြီးမှာ ဘဝငါးရာက ဝါသနာပါခဲ့သည့်အတိုင်း သူတစ်ပါးကိုမြင်လျှင် "ဟေ့-လူယုတ်မာ" ဟု ခေါ်ဝေါ်တတ်ပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


တော်ထင်ရှား ရှိစဉ်ကပင် ပေါ်ပေါက်ခဲ့ဖူးပါတယ်။ ဒီအချက်ကလေး ပေါ်လွင်သွားအောင် သက်ဆိုင်ရာ သာဓကဝတ္ထုကလေး ဆက်ကြဦးစို့။

## လင် မုဆိုး - မယား သောတာပန်

မြတ်စွာဘုရားလက်ထက်တော်ကာလက ရာဇဂြိုဟ်ပြည်မှာ သူဌေးသမီးတစ်ဦး ရှိခဲ့ဖူးပါတယ်။ သူ အပျိုအရွယ်ရောက်လာတဲ့အခါ မိဘများက ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ရဲ့ အထက်ဆုံးအထပ် ကျက်သရေခန်းမှာ သူ့ကိုထားပြီး စောင့်ရှောက်ကြတယ်။ သူ့အတွက် အလုပ်အကျွေး အမျိုးသမီးတစ်ဦးလည်း ပေးထားကြတယ်။

တစ်နေ့ ညနေချမ်းအချိန်မှာ မုဆိုးလုလင်ပျိုတစ်ဦးဟာ ရောင်းစရာ အမဲသားတွေကို လှည်းကြီး အပြည့်တင်ပြီး လှည်းဦးမှာထိုင်ကာ မြို့ထဲကို ကိုယ်တိုင်မောင်းဝင်လာပါတယ်။ သူ့နာမည်က ကုက္ကုဋမိတ္တတဲ့။ အဲဒီအခိုက်မှာ သူဌေးသမီးပျိုဟာ လေသာပြတင်းပေါက်ကနေပြီး မြို့ထဲ လှမ်းကြည့်နေပါတယ်။ ဒီလိုနဲ့ သူဌေးသမီးဟာ အဲဒီမုဆိုးလုလင်ကို လှမ်းမြင်သွားတယ်။ မြင်ရင်မြင်ချင်းပဲ နှစ်သက် စွဲလမ်းသွားတယ်။

ဒါနဲ့ မုဆိုးပြန်မည့်အချိန်၊ ပြန်မည့်လမ်းတွေကို စုံစမ်းမေးမြန်းခဲ့ဖို့ အခိုင်းအစေ အမျိုးသမီးကို မုဆိုးထံ လက်ဆောင်ပစ္စည်းနဲ့အတူ လွှတ်လိုက်ပါတယ်။

www.burmeseclassic.com

 www.burmeseclassic.com 

အခိုင်းအစေ အမျိုးသမီးလည်း သူဌေးသမီးခိုင်းတဲ့အတိုင်း သွားရောက် မေးမြန်းစုံစမ်းတယ်။ မုဆိုးလုလင်က ဒီနေ့ သူအမဲသားရောင်းမယ်၊ နက်ဖြန်မှ စောစောပြန်မယ်ဆိုတာကို ပြန်ထွက်မည့် တံခါးပေါက်အမည်ပါ ပြောလိုက်ပါတယ်။

သူဌေးသမီးဟာ ယူသင့်ရာရာ အဝတ်အထည် လက်ဝတ်လက်စားများကို အသင့်ပြင်ဆင် ထုပ်ပိုးထားပါတယ်။ နံနက်လင်းရင်လင်းချင်း အဝတ်နွမ်းကိုခြုံ၊ ရေခပ်အိုးကိုယူကာ ကျွန်မတွေနဲ့အတူ ရေဆိပ်သွားဟန်ဆောင်ပြီး အိမ်မှ လစ်ထွက်ခဲ့ပါတယ်။ မုဆိုးပြန်ထွက်မည့် တံခါးပေါက်ရောက်တော့ မုဆိုးအလာကို မျှော်ရင်း ရပ်စောင့်နေပါတယ်။

မုဆိုးလည်း မကြာမီ လှည်းမောင်းပြီး မြို့မှ ထွက်လာပါတယ်။ သူဌေးသမီးဟာ မုဆိုးရဲ့လှည်းနောက်သို့ တကောက်ကောက် လိုက်နေပါတယ်။ ဒါကို မုဆိုးလုလင်ကမြင်တော့ "နှမငယ်၊ သင် ဘယ်သူ့သမီးဆိုတာ ငါမသိဘူး၊ ငါ့နောက်ကို မလိုက်ပါနဲ့" လို့ တားမြစ်စကား ပြောကြားပါတယ်။

သူဌေးသမီးက "မောင်ကြီး၊ သင်က ကျမကို ခေါ်လာတာမဟုတ်ပါဘူး။ ကျမသဘောအတိုင်း လာတာပါ၊ အသာနေ ဘာမျှမပြောနဲ့၊ လှည်းမောင်းမှာသာ ဆက်မောင်းပါ" လို့ ပြန်ပြောတယ်။

မုဆိုးလုလင်က သူ့နောက်မလိုက်ဖို့ အမျိုးသမီးကို အကြိမ်ကြိမ် တားမြစ်စကား ထပ်၍ ပြောကြားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ပြောဖန်များတော့ သူဌေးသမီးက "မောင်ကြီး၊ မိမိထံ အလိုအလျောက် ရောက်လာတဲ့ အသရေရှိ မိန်းကလေးကို တားမြစ်ဖို့မသင့်ပါဘူး" လို့ ဖွင့်ပြောတယ်။

တောသားလူရိုး မုဆိုးဘသားချောလည်း ဖွင့်ပြောမှပဲ သဘောပေါက်သွားတော့တယ်။ အမျိုးသမီးကိုယ်တိုင်က အထုပ်အပိုးနဲ့ သူ့နောက် ခိုးရာလိုက်လာတယ်ဆိုတာ သိသွားတယ်။ ဒီတော့မှ ဇနီးလောင်းကို လှည်းပေါ်တင်ပြီး အိမ်အရောက် ခေါ်ငင်သွားပါတယ်။

သူဌေးသမီးရဲ့ မိဘတွေကတော့ သမီးပျောက်လို့ ဒေါင်းတောက်အောင် ရှာကြတယ်။ သမီးကတော့ မုဆိုးနဲ့ပျော်နေပြီ။ မိဘတွေက ဘယ်မှာမှ ရှာမတွေ့လို့ သေပြီထင်တာနဲ့ သူ့အတွက် သက်ပျောက်ဆွမ်း သွတ်လိုက်ကြပါသတဲ့။

သူဌေးသမီးဟာ မုဆိုးနှင့် ပေါင်းသင်းလာလိုက်တာ သား ၇-ယောက် ရရှိပြီး သားတွေတောင် အရွယ်ရောက်လို့ အိမ်ထောင်ကျသည်အထိ ဖြစ်လာတယ်။ မုဆိုးကြီးကတော့ ခုအထိ သူ့ဇနီးဟာ သူဌေးသမီးဖြစ်တယ်ဆိုတာ သိပုံမပေါ်သေးဘူး။

တစ်နေ့နံနက် လင်းအားကြီးအချိန်မှာ မြတ်စွာဘုရားဟာ လောကကို ဆင်ခြ[illegible]ရှုတဲ့အခါ မုဆိုးကြီးနှင့် သား ၇-ယောက်၊ ချွေးမ ၇-ယောက်တို့ သောတာပန်ဖြစ်ကြမှာကို ဉာဏ်ဖြင့် [illegible]ဘ်မူပါတယ်။

---

၂၇။ သူဌေးသမီးခမျာ အဝတ်နွမ်းကိုခြုံကာ မြို့တံခါးဝတွင် မုဆိုးလုလင်အား စောင့်မျှော်နေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ဒါနဲ့နံနက် ခပ်စောစောကပင် သပိတ်သကန်းယူပြီး မြတ်စွာဘုရားဟာ မုဆိုးကြီး ကျော့ကွင်းထောင်တဲ့နေရာကို တစ်ပါးတည်း ကြွတော်မူပါတယ်။ အဲဒီနေ့ တစ်နေ့လုံး မုဆိုးကြီးရဲ့ ကျော့ကွင်းတွေမှာ သားကောင်တစ်ကောင်မျှ မမိဘူး။ မြတ်စွာဘုရားဟာ ကျော့ကွင်းနားမှာ ခြေတော်ရာချထားခဲ့ပြီး ရှေ့နားက ချုံရိပ်တစ်ခုမှာ သွားထိုင်နေတော်မူပါတယ်။

မုဆိုးကြီးလည်း မနက်စောစောကပင် လေးမြားကိုယူပြီး ကျော့ကွင်းထောင်ထားရာသို့ သွားတယ်။ သားကောင်တစ်ကောင်မျှမိတာ မမြင်ရဘဲ ကျော့ကွင်းနားမှာ မြတ်စွာဘုရားရဲ့ ခြေတော်ရာကိုသာ တွေ့သွားတယ်။ ဒါနဲ့ မုဆိုးကြီးဟာ ကျော့ကွင်းမိတဲ့သမင်တွေကို ဘယ်သူများ လွှတ်ပစ်သလဲလို့ တွေးမိပြီး ဟိုကြည့်ဒီကြည့် ရှာကြည့်တယ်၊ ချုံရိပ်မှာ မြတ်စွာဘုရား ထိုင်နေတော်မူတာကို မြင်သွားတယ်။ သူ့သားကောင်တွေကို လွှတ်ပစ်တာ ဒီရဟန်းပဲ ဖြစ်ရမယ်၊ ဒီ ရဟန်းကို အသေသတ်မှပဲဆိုပြီး လေးကို ဒေါသတကြီးတင်တယ်။

မြတ်စွာဘုရားက မုဆိုးကြီးလေးတင်လို့သာရပြီး ပစ်လို့မရအောင် ပြုထားတယ်။ မုဆိုးကြီးခမျာ လေးပစ်လို့လည်းမရ၊ ချလို့လည်းမရနဲ့ အကြီးအကျယ် ပင်ပန်းနေတယ်။ နံရိုးတွေကျိုးမတတ်ဖြစ်ပြီး ပါးစပ်မှ တံတွေးတွေ စီးကျကာ တစ်ကိုယ်လုံးလည်း ချွေးဒီးဒီး ထွက်နေတယ်။

မုဆိုးကြီး **ပြန်ရောက်ချိန်မှာ** ပြန်မရောက်တော့ မုဆိုးကတော်ကြီးက သားတွေကို လိုက်သွားဖို့ လွှတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သား ၇-ယောက်ဟာ မြတ်စွာဘုရားရှေ့မှာ သူတို့ဖခင် လေးတင်ရင်း ရပ်နေတာကို လှမ်းမြင်လိုက်တယ်ဆိုရင်ပဲ ဘုရားကို ရန်သူထင်သွားတယ်။ ၇-ယောက်လုံး ပြိုင်တူ လေးကိုယ်စီတင်ပြီး မြတ်စွာဘုရားကို ပစ်ဖို့ ကြိုးစားကြတယ်။

ဒါပေမယ့် မြတ်စွာဘုရားရဲ့ အစွမ်းအာနုဘော်ကြောင့် သူတို့ လေးသာတင်နိုင်ကြတယ်၊ ပစ်ဖို့ ပြန်ချဖို့တော့ မလုပ်နိုင်ကြတော့ဘူး။ သူတို့လည်း သူတို့ဖခင်လိုပင် လေးကိုယ်စီနှင့် အကြီးအကျယ် ပင်ပန်းကာ မြတ်စွာဘုရားရှေ့မှာ ဒုက္ခရောက်နေကြတယ်။

ခင်ပွန်းရော သား ၇-ယောက်တို့ပါ ရောက်ချိန်တန်လျက် ပြန်မရောက်ကြတဲ့အခါ မုဆိုးကတော်ကြီးဟာ ချွေးမ ၇-ယောက်နှင့်အတူ လိုက်လာပါတယ်။ သားအဖရှစ်ယောက် လေးကြီးတွေ ကိုယ်စီချိန်ကာ ရပ်နေတာကို မြင်သွားတယ်။ သူတို့ ဘာများပစ်ဖို့ ချိန်နေကြသလဲလို့ တွေးမိတော့ ဟိုကြည့်ဒီကြည့် ရှာကြည့်တဲ့အခါ မြတ်စွာဘုရားရှင်ကို မြင်သွားပါတယ်။

အဲဒီအခါ "ငါ့အဖကို မသတ်ကြနဲ့၊ ငါ့အဖေကို မသတ်ကြနဲ့" လို့ သူဌေးသမီး မုဆိုးကတော်ကြီးက လှမ်းအော်ပြောတယ်။

သူ့အော်သံကို ကြားရတဲ့ မုဆိုးကြီးက "ဟာ. . ဒါ ငါ့ယောက္ခမဆိုပါလား။ ငါတော့ မှားပြီ၊ အပြစ်ကြီးလေးတဲ့အလုပ်ကို လုပ်မိပြီ" လို့ တွေးမိသွားတယ်။ ယောက္ခမအမှတ်ဖြင့် မြတ်စွာဘုရားအပေါ် မေတ္တာစိတ်ရောက်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သား ခုနစ်ယောက်တို့လည်း "ဟာ. . ဒါ တို့အဘိုးဆိုပါလား၊ တို့တော့ မှားကြပြီ၊ သိပ်ဝန်လေးတဲ့ အလုပ်ကို လုပ်မိကြပြီ" လို့ တွေးမိသွားကြတယ်။ အဘိုးအမှတ်ဖြင့် မြတ်စွာဘုရားအပေါ် မေတ္တာစိတ် ရောက်သွားကြတယ်။

သူဌေးသမီး မုဆိုးကတော်ကြီးက သူတို့အားလုံးကို လေးတွေ ချခိုင်းပါတယ်။ မြတ်စွာဘုရားလည်း မုဆိုးသားအဖအားလုံး စိတ်နူးညံ့သွားမှ လေးချလို့ရအောင် ပြုတော်မူပါတယ်။

မုဆိုးသားအဖတို့ဟာ လေးတွေချပြီး မြတ်စွာဘုရားအား ရှိခိုးတောင်းပန်ကာ သင့်တင့်ရာမှာ ထိုင်နေကြပါတယ်။ ဒီတော့မှ မြတ်စွာဘုရားက သူတို့ကို ဒေသနာစဉ်အတိုင်း တရားဟောတော်မူတယ်။ တရားပွဲအပြီးမှာ မုဆိုးကြီးဟာ သားခုနစ်ယောက် ချွေးမခုနစ်ယောက်တို့နှင့်အတူ သောတာပန် ဖြစ်သွားပါတယ်။

မြတ်စွာဘုရားလည်း ဆွမ်းခံလှည့်လည်တော်မူပြီးနောက်၊ ဝေဠုဝန်ကျောင်းတော်အရောက် ပြန်ကြွတော်မူပါတယ်။

ညီတော်အာနန္ဒာက "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဒီနေ့ နံနက်စောစော ဘယ်ကို ကြွတော်မူသလဲဘုရား" လို့ မေးလျှောက်ပါတယ်။ မြတ်စွာဘုရားက ကုက္ကုဋမိတ္တမုဆိုးထံ ကြွကြောင်း ဖြေကြားတော်မူပါတယ်။

---

၂၈။ ဘုရားရှင်အား လေးတင်၍ ချိန်ထားကြသည်ကို သူဌေးသမီးတွေ့မြင်သွားရာ "ငါ့အဖေကို မသတ်ကြပါနဲ့" ဟု အော်ပြောနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မုဆိုးကြီး သူ့အသက်မသတ်ဖြတ်တော့အောင် ပြုနိုင်ခဲ့ပါသလားဘုရား" လို့ ညီတော်အာနန္ဒာက ထပ်မံမေးလျှောက်ပြန်ပါတယ်။

မုဆိုးကြီးနဲ့ သားခုနစ်ယောက်၊ ချွေးမခုနစ်ယောက်တို့ သူ့အသက် မသတ်ဖြတ်တော့ကြောင်း၊ ဘုရား-တရား-သံဃာ ရတနာသုံးပါးအပေါ်၌ သက်ဝင်ယုံကြည်မှု မင့ုန်မလှုပ် ခိုင်မြဲသွားပြီဖြစ်ကြောင်း မြတ်စွာဘုရားက မိန့်ကြားတော်မူပါတယ်။

တဖန် အခြားရဟန်းတော်များက "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မုဆိုးကြီးမှာ ဇနီးလည်းရှိတယ်မဟုတ်ပါလား" လို့ မေးလျှောက်ကြတယ်။

မြတ်စွာဘုရားက "မုဆိုးကတော်ကြီးဟာ မိဘအိမ်မှာနေစဉ် အပျိုဘော်ဝင်စ ဆယ့်နှစ်နှစ်သမီးအရွယ်ခန့်ကပင် သောတာပန်တည်ခဲ့သူ ဖြစ်တယ်" လို့ ရှင်းလင်း မိန့်ကြားတော်မူပါတယ်။

အဲဒီနေ့ တရားသဘင်မှာ ရဟန်းတော်အချင်းချင်း ဒီလိုပြောဆိုကြပါတယ်။

"ငါ့ရှင်တို့၊ ကုက္ကုဋမိတ္တမုဆိုးကြီးရဲ့ ဇနီးဟာ အပျိုဘော်ဝင်စ မိဘအိမ်မှာ နေစဉ်ကပင် သောတာပန်ဖြစ်ခဲ့ဆိုပဲ၊ သားခုနစ်ယောက်ရပြီး သားတွေ အိမ်ထောင်ကျတဲ့အထိ မုဆိုးကြီးနဲ့ အကြာကြီး ပေါင်းသင်းနေထိုင်ခဲ့တယ်၊ ဒီလောက်ကြာတဲ့ အချိန်အတွင်းမှာ မုဆိုးကြီးက လေးယူခဲ့ဆိုရင် လေးယူပေးတယ်၊ မြားယူခဲ့

---

၂၉။ ဘုရားရှင်က ရဟန်းများအား "သောတာပန်ဟာ သူ့အသက်မသတ်တော့ကြောင်း" ဟောကြားတော်မူနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


ဆိုရင် မြားယူပေးတယ်၊ လှံယူခဲ့ဆိုရင် လှံယူပေးတယ်၊ တံစို့ယူခဲ့ဆိုရင် တံစို့ယူပေးတယ်၊ ပိုက်ကွန်ယူခဲ့ဆိုရင် ပိုက်ကွန်ယူပေးတယ်၊ သူ ယူပေးတဲ့ လက်နက်ကိရိယာတွေနဲ့ မုဆိုးကြီးဟာ သားကောင်တွေ ဖမ်းဆီးသတ်ဖြတ်တယ်၊ သောတာပန်ဟာ သူ့အသက် သတ်သေးလို့လား" တဲ့။ ဒါဟာ ရဟန်းတော်တွေ ပြောကြဆိုကြပုံပါပဲ။

အဲဒီအခိုက်မှာ တရားသဘင်သို့ မြတ်စွာဘုရား ဆိုက်ရောက်တော်မူလာပါတယ်။ မြတ်စွာဘုရားက ရဟန်းတော်များအား "ချစ်သားတို့. . ယခု ဘာစကားနဲ့ သင်တို့ စည်းဝေးနေကြသလဲ" လို့ မေးတော်မူပါတယ်။ မြတ်စွာဘုရားက သိပေမယ့် တရားဟောဖို့ စကားစရအောင် မသိဟန်ဆောင်ပြီး မေးတော်မူခြင်း ဖြစ်ပါတယ်။

ရဟန်းတော်များက "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ကုက္ကုဋမိတ္တ မုဆိုးကြီးရဲ့ဇနီး သူဌေးသမီး အကြောင်းကို တပည့်တော်တို့ ပြောကြားရင်း စည်းဝေးနေကြပါတယ်ဘုရား" လို့ ဖြေကြားလျှောက်ထားကြပါတယ်။

ဒီတော့မှ မြတ်စွာဘုရားက "ချစ်သားတို့. . သောတာပန်ဟာ သူ့အသက် မသတ်ဘူး။ ဒီ သူဌေးသမီး မုဆိုးကတော်ကြီးဟာ လင်ယောကျ်ားခိုင်းတဲ့စကားကို လိုက်နာတဲ့အနေနဲ့ ဝတ္တရားအရသာ လက်နက်ကိရိယာတွေ ယူပေးခြင်းဖြစ်တယ်၊ ကိုယ်တိုင် သတ်ဖြတ်လိုတဲ့စိတ်၊ သတ်စေလိုတဲ့စေတနာ မရှိဘူး၊ ကိုယ်တိုင်လည်း သတ်တာမဟုတ်ဘူး၊ အသတ်လည်း မခိုင်းဘူး၊ မုဆိုးရဲ့ဇနီးတစ်ယောက်အနေနဲ့ ဝတ္တရားအရသာ ခိုင်းတာလုပ်ပေးခြင်း ဖြစ်တယ်၊ သူ့မှာ အပြစ်မရှိဘူး၊ အနာမရှိတဲ့လက်ဖြင့် အဆိပ်ရေကိုကိုင်ရှင် အန္တရာယ်

www.burmeseclassic.com

www.burmeseclassic.com



မရှိသလိုပဲ၊ အကုသိုလ်စေတနာလည်း မရှိ၊ မကောင်းမှုလည်း ကိုယ်တိုင်မပြုရင် လေးမြားလက်နက် ယူပေးရုံနဲ့ အပြစ်မဖြစ်ဘူး" လို့ အသေအချာ ရှင်းလင်း ဟောကြားတော်မူပါတယ်။

ဒီ လင်မုဆိုး မယားသောတာပန်ဝတ္ထုကို ထောက်ဆလိုက်ရင် သောတာပန်ဟာ လူအထင်လွဲစရာ ကိစ္စတွေကို ဘဝပေးအခြေအနေအရ အကုသိုလ်စေတနာမပါဘဲ တာဝန်ဝတ္တရားအနေနဲ့ မလွှဲမကင်းသာ ဆောင်ရွက်ရတတ်သေးတယ်ဆိုတာ အလွန်ထင်ရှားပါတယ်။

ဒါ့အပြင် "သောတာပန် အရိယာဟာ အပြုမှား၊ အပြောမှား၊ အကြံမှားတွေကို မတော်တဆ ပြုမိချင် ပြုမိနိုင်ပေမယ့် ဒီလို ပြုမိတာကို ဖုံးကွယ်ထားလေ့ မရှိဘူး" လို့ ရတနသုတ်မှာ မြတ်စွာဘုရား ဟောတော်မူထားတာကိုလည်း အထူး မှတ်သားသင့်ပါတယ်။

ကဲ. . သောတာပန်နှင့် လူ့ဝတ္တရားအကြောင်းတော့ ဒီမျှနဲ့ပဲ တော်လောက်ပါပြီ၊ နိဂုံးချုပ် ဆောင်ပုဒ် ကဗျာလေးရွတ်ပြီး တစ်ခန်းရပ်ကြဦးစို့။

ပြုမှား ပြောမှား အကြံမှားကို၊ မတော်လို့များ ပြုမိသော်။
သောတာပန်ဟာ ဖုံးကွယ်မထားလို့၊ မြတ်ဘုရားက မိန့်မြွက်ဖော်။
မှတ်နော်. . မှတ်နော်။

www.burmeseclassic.com

www.burmeseclassic.com

## "သောတာပန်အမျိုးအစား သိဖွယ်များ"

ကဲ. . တရားနောက်ဆုံးပိတ်အနေနဲ့ "သောတာပန်အမျိုးအစား" ကို ဟောမယ်။

လူ့ပြည်နှင့် နတ်ပြည်ခြောက်ထပ်ကို ကာမသုဂတိ ခုနစ်ဘုံလို့ ခေါ်ပါတယ်။ ဒီ ကာမသုဂတိဘုံတွေမှာ ဖြစ်ကြတဲ့ သောတာပန်များကို ကျမ်းဂန်များမှာ အမျိုးအစားအားဖြင့်. . .

၁။ ဧကဗီဇီသောတာပန်

၂။ ကောလံကောလသောတာပန်

၃။ သတ္တက္ခတ္တုပရမသောတာပန် ရယ်လို့ သုံးမျိုးသုံးစား ခွဲခြားပြကြပါတယ်။

ဧကဗီဇီသောတာပန်ဆိုတာ သောတာပန်ဖြစ်ပြီး နောက်တစ်ဘဝသာ ပဋိသန္ဓေနေတော့မည့် သောတာပန်တဲ့။

ကောလံကောလသောတာပန်ဆိုတာက နှစ်ဘဝမှ ခြောက်ဘဝအတွင်းသာ ပဋိသန္ဓေနေတော့မည့် သောတာပန်မျိုး ဖြစ်တယ်။

သတ္တက္ခတ္တုပရမသောတာပန် ဆိုတာကတော့ သောတာပန်ဖြစ်ပြီးနောက် ခုနစ်ဘဝသာ ပဋိသန္ဓေနေတော့မည် သောတာပန်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို သောတာပန်အမျိုးအစား ကွဲပြားရတာကတော့ သောတာပန်ဖြစ်ပြီးနောက် အထက်မဂ်ဖိုလ်တွေအတွက် တရားဆက်လက် အားထုတ်တဲ့အခါ ဝိပဿနာဉာဏ်ရဲ့ ထက်မြက်မှု၊ အလယ်အလတ်ဖြစ်မှုနှင့် နုံ့နှေးညံ့ဖျင်းမှုတို့ကြောင့် ဖြစ်တယ်တဲ့။

ဝိပဿနာဉာဏ် ထက်မြက်ရင် တစ်ဘဝသာ ပဋိသန္ဓေနေရတာဖြစ်လို့ ဧကဗီဇီသောတာပန် အမည်ရသွားတယ်။ ဝိပဿနာဉာဏ်က အလယ်အလတ်လောက်ပဲဆိုရင် နှစ်ဘဝမှ ခြောက်ဘဝအတွင်း ပဋိသန္ဓေနေရမှာဖြစ်လို့ ကောလံကောလသောတာပန်အမည် ရသွားတယ်။ ဝိပဿနာဉာဏ် နုံ့နှေးညံ့ဖျင်းရင် ခုနစ်ဘဝ ပဋိသန္ဓေနေရမှာဖြစ်လို့ သတ္တက္ခတ္တုပရမသောတာပန် အမည် ရသွားတယ်တဲ့။

ဣန္ဒြေအရင့်အနုလိုက်ပြီး သောတာပန်အမျိုးအစား ကွဲပြားတယ်လို့လည်း ပြောကြပါတယ်။ ဘုံစဉ်စံသော သောတာပန်မျိုးကတော့ ဖော်ပြပြီး သောတာပန်သုံးမျိုးမှ အလွတ်ဖြစ်ပါတယ်တဲ့။

အခု ဖော်ပြခဲ့တဲ့ သောတာပန်တွေဟာ အားလုံး အပါယ်ဘေးက ထာဝစဉ်ကင်းဝေးလွတ်မြောက်ကြတဲ့ မဟာသောတာပန်ခေါ် သောတာပန်အစစ်တွေ၊ မဂ်ရောက် ဖိုလ်ဝင် နိဗ္ဗာန်မြင်သူတွေ၊ အရိယာသံဃာ စာရင်းဝင်တွေချည်း ဖြစ်ကြပါတယ်။

သောတာပန်အစစ်လို မဂ်ရောက်ဖိုလ်ဝင် နိဗ္ဗာန်မမြင်သေးပေမယ့် ဒုတိယဘဝမှာ သုဂတိမြဲလို့ သောတာပန်အစစ်နှင့် သုဂတိမြဲတာချင်း တစ်စိတ်တစ်ဒေသတူတဲ့ ယောဂီကိုတော့ စူဠသောတာပန်လို့ ခေါ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မဟာသောတာပန်ကို သောတာပန်အကြီး သောတာပန်အစစ်လို့ ခေါ်တော့ စူဠသောတာပန်ကို သောတာပန်အငယ် သောတာပန်အတုလို့ ခေါ်နိုင်တာပေါ့။

အခုလို မြတ်စွာဘုရားရဲ့ သာသနာတော်နဲ့ ကြုံတောင့်ကြုံခဲ လာတွေ့ရတဲ့အခါမျိုးမှာ မဂ်ရောက် ဖိုလ်ဝင် နိဗ္ဗာန်မြင်တဲ့ မဟာသောတာပန် မဖြစ်နိုင်တာတောင် စူဠသောတာပန်လောက်တော့ ဖြစ်အောင် ဝိပဿနာတရား ကြိုးစားအားထုတ်သင့်ကြပါတယ်။ တကယ်တမ်း အားထုတ်ရင် စူဠသောတာပန်ဖြစ်ဖို့ မခဲယဉ်းပါဘူး၊ အားထုတ်ရင် လူတိုင်းဖြစ်နိုင်လောက်ပါတယ်။

ယောဂီပုဂ္ဂိုလ် ဝိပဿနာတရား ပွားများအားထုတ်လို့ . .

၁။ ငါကောင် သူကောင်မရှိဘူး၊ ရုပ်နာမ်နှစ်မျိုးသာ ရှိတယ်ဆိုတာ ပိုင်းခြားသိသွားတဲ့ဉာဏ်၊

၂။ ဒီ ရုပ်နာမ်တွေဟာလည်း တစ်စုံတစ်ယောက်က ဖန်ဆင်းလို့ဖြစ်တာ မဟုတ်ဘူး၊ အလို အလျောက် အကြောင်းမဲ့သက်သက် ပေါ်လာတာလည်း မဟုတ်ဘူး၊ အကြောင်းအကျိုး ဆက်စပ်ပြီး ဖြစ်ပေါ် နေကြတာသာ ဖြစ်တယ်ဆိုတာ သိသွားတဲ့ဉာဏ်။

ဒီဉာဏ်နှစ်ပါးလောက် လက်တွေ့အားထုတ်ရင်း ရသွားရင် စူဠသောတာပန် ဖြစ်သွားတာပါပဲ။ ဒါ ဘာမှခဲယဉ်းတာ မဟုတ်ပါဘူး။ အဲ . . ခဲယဉ်းတာကတော့ အားမထုတ်တာပဲ ဖြစ်တယ်။

စူဠသောတာပန်ခေါ် သောတာပန်အတုဟာ မိမိရရှိထားပြီးဖြစ်တဲ့ ရုပ်နာမ်ပိုင်းခြားသိတဲ့ ဉာဏ်နှင့် ကြောင်းကျိုးသိတဲ့ ဉာဏ်တွေ သေတဲ့အထိ မပျက်စီးဘဲ ငါးပါးသီလလည်း မြဲအောင် ထိန်းသွားရင် ဒုတိယ

www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ ကိန်းသေ သုဂတိမြဲတယ်။ ဒုတိယဘဝမှာ ဘယ်နည်းနဲ့မှ အပါယ်မကျနိုင်ဘူးတဲ့။ သောတာပန်အစစ် မဟုတ်ပေမယ့် တစ်ဘဝအတွက်တော့ သောတာပန်အစစ်လိုပဲ စိတ်ချသွားရပါတယ်။

ဒါကြောင့် မဟာသောတာပန် ခေါ် သောတာပန်အစစ်ဖြစ်တဲ့အထိ ဝိပဿနာတရား အားမထုတ်နိုင်တာတောင် စူဠသောတာပန်ခေါ် သောတာပန်အတုလောက်တော့ဖြစ်အောင် တရားအားထုတ်ကြပါလို့ "အလျှော့ပေါ့ဆုံး" တိုက်တွန်းလိုက်ပါတယ်။ ဈေးသည်စကားနဲ့ ပြောရရင်တော့ နောက်ဆုံးမှာ "လျှော့ဈေးနဲ့ ပေးလိုက်ခြင်း" ပါပဲ။

ကဲ. . သောတာပန်အမျိုးအစားအကြောင်း နိဂုံးချုပ်တဲ့အနေနဲ့ ဆောင်ပုဒ်ကဗျာလေး ဆိုလိုက်ကြဦးစို့။

**"နောက်ဆုံး လျှော့ဈေး ကဗျာ"**

မဟာသောတာပန်မဖြစ်ငြားတောင်၊ အငယ်စားတော့ ဖြစ်သင့်တယ်။
ရုပ်နာမ်သိကာ ကြောင်းကျိုးကွဲရင်၊ အငယ်စားပဲ မှတ်တော့ကွယ်။
စူဠသောတာပန် သီလမြဲရင်၊ သူလဲနောက်ဘဝ အပါယ်လွတ်တယ်။
မှတ်ကွယ်. . မှတ်ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



## "တာဝန်ကျေပြီ"

ကဲ..."မြတ်သောတာပန်" ဆိုတဲ့ တရားခေါင်းစဉ်နဲ့ ဗုဒ္ဓဘာသာဝင် လူငယ်လူရွယ်တွေအတွက် သောတာပန်နှင့်ပတ်သက်ပြီး သိမှတ်လိုက်နာစရာများကို လက်လှမ်းမီသလောက် ရှာဖွေတင်ပြ ဟောပြောလာလိုက်တာ အတော်စုံသလောက် ရှိသွားပါပြီ။ ဒီ တရားစာမှာပါတဲ့ လိုက်နာမှတ်သား ကျင့်ကြံစရာများကို နာယူမှတ်သား ကျင့်ကြံပွားများ အားထုတ်ကြမယ်ဆိုရင် အပါယ်ဘေးက ကင်းဝေးလွတ်မြောက်တဲ့အထိ အကျိုးကျေးဇူး ရရှိနိုင်ပါတယ်။

လိုက်နာကျင့်ကြံဖို့ကတော့ စာရှုသူတို့ရဲ့တာဝန်သာဖြစ်ပါတယ်။ ဟောပြောဖို့ကတော့ ဟောရပြောရမည့် ပုဂ္ဂိုလ်တို့ရဲ့ တာဝန်ပါပဲ။ စာရေးသူအနေနဲ့ကတော့ ဒီလောက်ဆိုရင် ဟောပြောရေးတာဝန် ကျေသွားပါပြီ။ ဒါကြောင့် မြတ်သောတာပန်တရားတော်ကို ဒီတွင်ပဲ နိဂုံးကမ္ပတ် အပြီးသတ်လိုက်ပါသတည်း။

## "တရားနိဂုံးကဗျာ"

သောတာပန်ဆိုင်ရာ သိဖွယ်များကို၊ သေချာခွဲခြား ဟောခဲ့တယ်။
မှတ်သား နာယူ ကျင့်ကြံဖို့က၊ သင်တို့တာဝန် ဖြစ်ပါတယ်။
ဟောသူ့တာဝန် ကျေပွန်သွားလို့၊ တရားနိဂုံး သတ်ပါတယ်။
ဆုံးပြီကွယ်၊ နားစို့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## "သိမ်းကျုံးကဗျာ မှတ်ဖွယ်ရာ"

သောတာပန်ဆိုင်ရာ သိဖွယ်များကို၊ မြတ်ဘုရားက မေးတဲ့ခါ။
လက်ယာတော်ရံ ရှင်သာရိပုတ်က၊ သေချာနှုတ်ဟ ဖြေကြားတာ။
ထိုတရားကို ထပ်ဆင့်ပွားလို့၊ လူငယ်များတို့ သိဖို့ရာ။

✳

## မြတ်သောတာပန် သိမှတ်ရန်

နိဗ္ဗာန်ဆိုက်အောင် စီးဝင်တတ်လို့၊ မဂ္ဂင်ရှစ်ရပ် သောတကွယ်။
မဂ္ဂင်ရေလျဉ် စရောက်ရလို့၊ သောတာပန္န ခေါ်ပါတယ်။

✳

## မြတ်သောတာပန် ဖြစ်နိုင်ရန်

သောတာပန်ဖြစ်ရန် အကြောင်းတရားမှာ၊ လေးမျိုးလေးစား ရှိပါတယ်။

၁။ သူတော်ကောင်းပေါင်းတာ အကြောင်းတစ်ပါးကွယ့်၊
အပေါင်းအသင်း မမှားအောင် ပြုကြကွယ်။

www.burmeseclassic.com

www.burmeseclassic.com


၂။ တရားနာတာ အကြောင်းတစ်ပါးကွယ့်၊
ရိုသေလေးစား နာယူကွယ်။
၃။ နှလုံးသွင်းမှန်တာ အကြောင်းတစ်ပါးကွယ့်၊
နှလုံးသွင်းမမှားအောင် ကြိုးစားကွယ်။
၄။ တရားကျင့်တာ အကြောင်းတစ်ပါးကွယ့်၊
ဝိပဿနာတရား ပွားများကွယ်။
အကြောင်းလေးဖြာ သူတို့ပဲကွယ့်၊ အသည်းစွဲအောင် မှတ်ကြကွယ်။

*

## ယုံကြည်မြဲမြံ သောတာပန်

ဗုဒ္ဓစွမ်းရည် တွေ့မြင်သွားလို့၊ ယုံကြည်စိတ်ထား ခိုင်မြဲတယ်။
ဓမ္မစွမ်းရည် တွေ့မြင်သွားလို့၊ ယုံကြည်စိတ်ထား ခိုင်မြဲတယ်။
သံဃာ့စွမ်းရည် တွေ့မြင်သွားလို့၊ ယုံကြည်စိတ်ထား ခိုင်မြဲတယ်။
သုံးပါးရတနာ ယုံကြည်မြဲတော့၊ သောတာပန်ပဲ မှတ်တော့ကွယ်။

*

www.burmeseclassic.com

www.burmeseclassic.com



## သီလမြဲမြံ သောတာပန်

သောတာပန်ဟာ ငါးသီလကို၊ မစောင့်ရဘဲ လုံခြုံတယ်။

၁။　ရှောင်ကြဉ်စရာ မလိုတော့ဘဲနဲ့၊ သတ်မှုအမြဲ ကင်းပါတယ်။

၂။　ရှောင်ကြဉ်စရာ မလိုတော့ဘဲနဲ့၊ ခိုးမှုအမြဲ ကင်းပါတယ်။

၃။　ရှောင်ကြဉ်စရာ မလိုတော့ဘဲနဲ့၊ ကာမဂုဏ်အကျင့်လွဲ ကင်းပါတယ်။

၄။　ရှောင်ကြဉ်စရာ မလိုတော့ဘဲနဲ့၊ လိမ်မှုအမြဲ ကင်းပါတယ်။

၅။　ရှောင်ကြဉ်စရာ မလိုတော့ဘဲနဲ့၊ သောက်စားမှုအမြဲ ကင်းပါတယ်။

ထို့ကြောင့်ပဲကွယ် အပါယ်ဘေးက၊ အစဉ်ကင်းဝေး လွတ်မြောက်တယ်။

*

## သောတာပန်ပယ်ရာ ကိလေသာ

သောတာပန်ဟာ ကိလေနှစ်ပါးကို၊ အကုန်ပယ်ရှား သတ်နိုင်တယ်။

ရုပ် နာမ် နှစ်ဖြာ အကောင်ထင်စွဲတဲ့၊ အယူအဆလွဲ ပယ်သတ်တယ်။

ဘုရားစသား ယုံဖွယ်များကို၊ ယုံမှားမှုလည်း ပယ်သတ်တယ်။

ကျန်ကိလေသာ အကြမ်းစားကို၊ အပါယ်မလားအောင် ပယ်နိုင်တယ်။

ထို့ကြောင့်ပဲကွယ် အပါယ်ဘေးက၊ အစဉ်ကင်းဝေး လွတ်မြောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



### ဖုံးကွယ်မထား သိဖွယ်များ

ပြုမှား, ပြောမှား, ဒ. ကြံမှားကို၊ မတော်လို့များ ပြုမိသော်။
သောတာပန်ဟာ ဖုံးကွယ်မထားလို့၊ မြတ်ဘုရားက မိန့်မြွက်ဖော်။

✳

### နောက်ဆုံး လျှော့စျေးကဗျာ

မဟာသောတာပန် မဖြစ်ငြားတောင်၊ အငယ်စားတော့ ဖြစ်သင့်တယ်။
ရုပ် နာမ် သိကာ ကြောင်းကျိုးကွဲရင်၊ အငယ်စားပဲ မှတ်တော့ကွယ်။
စူဠသောတာပန် သီလမြဲရင်၊ သူ့လဲ နောက်ဘဝ အပါယ်လွတ်တယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

ပြွန်တန်ဆာ အရှင်သုန္ဒရ
ကမ္မဋ္ဌာနာစရိယ၊ နာယကဆရာတော်
အောင်ရတနာ (ဆိပ်ခွန်) ကျောင်း
မဟာစည်သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

ဤစာမူကို ၁၃၄၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၂) ရက် [၁၇. ၁၁. ၈၂] ဗုဒ္ဓဟူးနေ့ နံနက် (၇)နာရီမှာ ဆိပ်ခွန်ကျောင်း၌ စရေးပြီး၊ ယင်းတန်ဆောင်မုန်းလပြည့် (၃၁. ၁၁. ၈၂) အင်္ဂါနေ့ နံနက် (၈)နာရီမှာ ဆိပ်ခွန်ကျောင်းမှာပင် အပြီးသတ် ရေးပြီးပါသည်။

www.burmeseclassic.com

www.burmeseclassic.com

[ နောက်ဆက်တွဲ ]

# ကလေးပညာပေး ဓမ္မကဗျာများ

စီစဉ်ရေးသားသူ

ပြွန်တန်ဆာအရှင်သုန္ဒရ (ဘီ-အေ)

အမျိုးသား ပထမကျော်-အစိုးရ ဓမ္မာစရိယ

www.burmeseclassic.com

www.burmeseclassic.com


## တိုက်တွန်းကဗျာ မှတ်စရာ

"တိုက်တွန်းကဗျာ ရေးကာစပ်လို့၊ မောင်မယ်ဖတ်ဖို့ ဖော်ပြမယ်"

၁။ ဘုရားဂုဏ်တော် နှုတ်ဆိုမရမို့၊ ယုံကြည်စိတ်ချ ရှိခိုးကွယ်။

၂။ တရားဂုဏ်တော် နှုတ်ဆိုမရမို့၊ ယုံကြည်စိတ်ချ ပူဇော်ကွယ်။

၃။ သံဃာ့ဂုဏ်တော် နှုတ်ဆိုမရမို့၊ ယုံကြည်စိတ်ချ ကိုးကွယ်ကွယ်။

၄။ မိဖတို့ဂုဏ် နှုတ်ဆိုမရမို့၊ ကြည်ဖြူရွှင်ပျ လုပ်ကျွေးကွယ်။

၅။ ဆရာမြတ်ဂုဏ် နှုတ်ဆိုမရမို့၊ ရိုသေပျပ်ဝပ် ဆည်းကပ်ကွယ်။

၆။ သီလငါးဖြာ အကျင့်မြတ်ကို၊ နေ့စဉ်မပြတ် မြဲပါကွယ်။

၇။ ခေတ်မီပညာ အရပ်ရပ်ကို၊ သိအောင်တတ်အောင် သင်ယူကွယ်။

၈။ ဘုရားဟောဖော် မြတ်တရားကို၊ အချိန်အားတော့ နာယူကွယ်။

၉။ ကိုယ့်ထက်အရွယ် ကြီးသူများကို၊ ရိုသေလေးစား ဆက်ဆံကွယ်။

၁၀။ ကိုယ်နဲ့သက်ရွယ် တူသူများကို၊ ခင်မင်လေးစား ဆက်ဆံကွယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၁။ ကိုယ့်အောက်အရွယ် ငယ်သူများကို၊ ကြင်နာသနား ဆက်ဆံကွယ်။

၁၂။ မိဖဆရာ ဆုံးမစကားကို၊ အစဉ်လေးစား လိုက်နာကွယ်။

"တိုက်တွန်းကဗျာ ဆယ့်နှစ်ခုကို၊ အလေးအနက်ပြု စ,မှတ်ကွယ်။

မှတ်ကွယ်. . . မှတ်ကွယ်။

*

## ယုတ်မြတ်နှစ်ဖြာ ကွဲရတာ

## (စူဠကမ္မဝိဘင်္ဂသုတ် မှီငြမ်းပြုကဗျာ)

"ယုတ်မြတ်နှစ်ဖြာ ကွဲတာများဟာ၊ ကံတရားကြောင့် ဖြစ်ပါတယ်"

ကွဲပြားပုံကို သေချာမှတ်ဖို့၊ ကဗျာစပ်လို့ ဖော်ပြမယ် (ဆိုစို့ကွယ်)

၁-က။ အသက်သတ်သူ သေရင်မလွဲပ၊ အပါယ်ငရဲ ကျလိမ့်မယ်။

လူဖြစ်ပြန်သော် ကံဟုန်နဲ့လို့၊ အသက်တမ်းလဲ တိုတာတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁-ခ။ မသတ်ဖြတ်သူ သေရင်မှတ်တော့၊ နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ကုသိုလ်စွမ်းကြောင့်၊ အသက်တမ်းလဲ ရှည်နိုင်တယ်။

၂-က။ ညှဉ်းဆဲတတ်သူ သေရင်မလွဲပ၊ အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ရောဂါစွဲလို့၊ ဆေးကုသော်လဲ ပျောက်ခဲတယ်။

၂-ခ။ မညှဉ်းဆဲသူ သေရင်မှတ်တော့၊ နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ရောဂါနဲလို့၊ ယာယီနာပဲ ဖြစ်တတ်တယ်။

၃-က။ ဒေါသကြီးသူ သေရင်မလွဲပ၊ အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် စိတ်ဆင်းရဲလို့၊ ရုပ်အဆင်းလဲ ဆိုးတတ်တယ်။

၃-ခ။ ဒေါသနဲသူ သေရင်မှတ်တော့၊ နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ရုပ်ရည်သန့်လို့၊ လူချောလူခန့် ဖြစ်နိုင်တယ်။

www.burmeseclassic.com

၄-က။ မနာလိုသူ သေရင်မလွဲပ၊ အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ဩဇာနဲ့လို့၊ ဘုန်းရှိန်ဝါလဲ မဲ့တတ်တယ်။

၄-ခ။ နာလိုတတ်သူ သေရင်မှတ်တော့၊ နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ဩဇာကြီးလို့၊ တန်ခိုးဘုန်းမီး တောက်နိုင်တယ်။

၅-က။ မလှူတန်းသူ သေရင်မလွဲပ၊ အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ဥစ္စာနဲ့လို့၊ ဆင်းရဲတွင်းလဲ နက်တတ်တယ်။

၅-ခ။ လှူတန်းတဲ့သူ သေရင်မှတ်တော့၊ နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ဥစ္စာများလို့၊ ခြွေရံမှုရှား ဖြစ်နိုင်တယ်။

၆-က။ ကြီးမြတ်သူကို မရိုမသေပြုတော့၊ အပါယ်ရောက်မှု ဖြစ်ကြောင်းကွယ်။
လူဖြစ်ပြန်သော် အမျိုးညံ့လို့၊ လူ သူမခံ့ ဖြစ်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



၆-ခ။ ကြီးမြတ်သူကို ရိုသေတတ်တော့၊ နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ရှေးကံမြတ်ကြောင့်၊ အမျိုးဇာတ်လဲ မြတ်နိုင်တယ်။

၇-က။ ပညာရှိကို မဆည်းကပ်တော့၊ အပါယ်လေးရပ် ရောက်လိမ့်မယ်။
လူဖြစ်ပြန်သော် ပညာမရလို့၊ လူနုံ လူအ ဖြစ်တတ်တယ်။

၇-ခ။ ပညာရှိကို မှီဝဲကပ်တော့၊ နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ပညာတတ်လို့၊ ရှင်, လူဆည်းကပ် ခံရတယ်။

သုဘမည်တွင် ပုဏ္ဏားမေးလို့၊ ဘုရားပေးတဲ့ အဖြေကွယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

*

www.burmeseclassic.com

www.burmeseclassic.com



## "ဒုစရိုက် ၈-ပါး အပြစ်များ"

"ဒုစရိုက်ပြစ်တို သေချာမှတ်ဖို့၊ ကဗျာစပ်လို့ ဆိုစို့ကွယ်"

၁။ (ပါဏာတိပါတ)
ညှဉ်းပန်းသတ်သူ သေရင်မလွဲပ၊ အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ရောဂါစွဲလို့၊ အသက်တမ်းလဲ တိုတတ်တယ်။

၂။ (အဒိန္နာဒါန)
ခိုးပြခိုးသူ သေရင်မလွဲပ၊ အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ကြာလေမွဲမို့၊ ရှိပစ္စည်းလဲ ပျက်တတ်တယ်။

၃။ (ကာမေသုမိစ္ဆာစာရ)
သူ့သားမယားကို ကျူးလွန်တွဲတော့၊ အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ရန်သူပွားလို့၊ နပုန်းများလဲ ဖြစ်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com


၄။ (မုသာဝါဒ)

လိမ်ညာပြောသူ သေရင်မလွဲပ၊ အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် အထင်လွဲလို့၊ အစွပ်စွဲလဲ ခံရတယ်။

၅။ (ပိသုဏဝါစာ)

ဂုံးတိုက်တတ်သူ သေရင်မလွဲပ၊ အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် မိတ်တွေရှားလို့၊ ချစ်သူများနဲ့ ကွဲတတ်တယ်။

၆။ (ဖရုသဝါစာ)

ဆဲဆိုတတ်သူ သေရင်မလွဲပ၊ အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ရှင်လူများက၊ အသံကြားနဲ့ မုန်းတတ်တယ်။

၇။ (သမ္ဖပ္ပလာပ)

အဖျင်းပြောသူ သေရင်မလွဲပ၊ အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ယုံသူနဲလို့၊ ပြစ်တင်မောင်းမဲ ခံရတယ်။

www.burmeseclassic.com

ဇ။ (သုရာမေရယ)

အရက်သောက်သူ သေရင်မလွဲပ၊ အပါယ်ငရဲ ကျလိမ့်မယ်။

လူဖြစ်ပြန်သော် စိတ်ပေါ့သွမ်းလို့၊ အရူးအနှမ်း ဖြစ်တတ်တယ်။

(အင်္ဂုတ္တိုရ်လာ မြတ်ဟာရားကို၊ တို့လူငယ်များ မှတ်ကြကွယ်။

မှတ်ကွယ်. . . မှတ်ကွယ်။)

ရှင်းလင်းချက်

သုရာမေရယကို ကာမေသုမိစ္ဆာစာရ၌ သွင်းယူပြီး၊ ကွင်းတွင်းရှိ နိဂုံးစာကြောင်းကိုဖြုတ်၍ မနော ဒုစရိုက် ၃-ပါးကို ထည့်လိုက်လျှင် ဒုစရိုက် ၁၀-ပါး ဖြစ်ပါသည်။

"မနော ဒုစရိုက်အပြစ်"

၈။ (အဘိဇ္ဈာ)

သူ့ဥစ္စာလိုချင် အဘိဇ္ဈာပွားတော့၊ ပြိတ္တာဘုံသား ဖြစ်တတ်တယ်။

၉။ (ဗျာပါဒ)

ပျက်စီးစေချင် ဗျာပါဒထားတော့၊ ငရဲဘုံသား ဖြစ်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၀။ (မိစ္ဆာဒိဋ္ဌိ)

မှားယွင်းအယူ မိစ္ဆာစွဲလဲ၊ အပါယ်ဘုံပဲ ရောက်တတ်တယ်။
"ဒုစရိုက်ကို ရှောင်ကြဉ်ပြုမှ၊ အပါယ်ရောက်မှု ကင်းနိုင်မယ်"
မှတ်ကွယ်. . မှတ်ကွယ်။

✳

## "ချစ်ခြင်းသုံးမျိုး"

"ချစ်ခြင်းသုံးဖြာ သေချာမှတ်ဖို့၊ ကဗျာစပ်လို့ ဆိုစို့ကွယ်"

၁။ ဖို-မနှစ်ဖြာ ပြန်လှန်ချစ်က၊ တဏှာအစစ် ဖြစ်ပါတယ် (တဏှာပေမ)။

၂။ မိ၊ ဖ၊ ညီ၊ မောင် ဆွေညာချစ်က၊ လောဘအစစ် ဖြစ်ပါတယ်။ (ဂေဟသိတပေမ)

၃။ သတ္တဝါအကျိုးကို လိုလားချစ်မှ၊ မေတ္တာအစစ် ဖြစ်ပါတယ် (မေတ္တာပေမ)။
"ငါးရာ့နှစ်ဆယ် ရှစ်သွယ်စကား၊ မေတ္တာပွားနည်း ဖြစ်ပါတယ်။
မှတ်ကွယ်. . . မှတ်ကွယ်။"

✳

www.burmeseclassic.com

www.burmeseclassic.com



## "သိမ်းကျုံးမေတ္တာပွားနည်း"

"သိမ်းကျုံးမေတ္တာ ပွားပုံနည်းကို၊ အကျဉ်းချုပ်ပြီး ဆိုစို့လေ"

၁။ ခပ်သိမ်းသတ္တဝါ မပင်ပန်းဖို့၊ ကိုယ်ချမ်းသာခြင်း ရှိပါစေ။

၂။ ခပ်သိမ်းသတ္တဝါ ကြည်ရွှင်ပြုံးဖို့၊ ဘေးရန်အားလုံး ငြိမ်းပါစေ။

၃။ ခပ်သိမ်းသတ္တဝါ ကြည်ရွှင်လန်းလို့၊ စိတ်ချမ်းသာခြင်း ရှိပါစေ။

"သက်ရှိအကုန် အာရုံပြုလို့၊ မေတ္တာပွားမှု ပြုကြလေ။

ပြုလေ. . . ပြုလေ"

✳

www.burmeseclassic.com

www.burmeseclassic.com



## "မေတ္တာအကျိုး ၁၁-မျိုး"

"မေတ္တာစိတ်ကို မပြတ်ပွားတော့၊ အကျိုး ၁၁-ပါး ရနိုင်တယ်"

၁၊ ၂။ အိပ်နိုးချမ်းသာ၊ ၃၊ အကောင်းမြင်မက်လို့၊ ၄၊ ၅။ နတ်၊လူနှစ်သက် ချစ်ခင်ဘာယ်။

၆၊ အဆိပ်၊ မီးနော် ဓားလက်နက်ကြောင့်၊ ခန္ဓာမပျက်၊ ၇၊ နတ်စောင့်တယ်။

၈၊ စိတ်ဓာတ်တည်ကြည်၊ ၉-မျက်နှာလန်းလို့၊ ၁၀၊ မတွေဝေတမ်း သေရတာယ်။

၁၁၊ ထို့ထက်အလွန်၊ ဗြဟ္မာပြည်လားရဲ့၊ မေတ္တာပွားတဲ့အကျိုးကွယ်။

ပွားကွယ်. . ပွားကွယ်။

(သီဆိုရာ၌ ဂဏန်းများ ဖြုတ်ထားပါ)။

*

www.burmeseclassic.com

www.burmeseclassic.com



## "မီးသုံးပါး"

"မီးမျိုးသုံးဖြာ သေချာမှတ်ဖို့၊ ကဗျာစပ်လို့ ဆိုစို့ကွယ်"

၁။ မိဖနှစ်ဖြာ ဆရာသမားကို၊ မီးတစ်ပါးလို့ ခေါ်ရတယ်။

၂။ ဇနီးဖြစ်ရင် လင်ယောကျ်ားကို၊ မီးတစ်ပါးလို့ ခေါ်ရတယ်။

၃။ ရဟန်းသံဃာ အလှူခံများကို၊ မီးတစ်ပါးလို့ ခေါ်ရတယ်။

"မရိုသေသူ ငရဲရောက်လို့၊ မီးလျှံမီးတောက် လောင်လိမ့်မယ်။

ထို့ကြောင့်ပဲကွယ် မီးသုံးပါးကို၊ ရိုသေလေးစား ပြုကြကွယ်။

ပြုကွယ်. . . ပြုကွယ်။"

*

www.burmeseclassic.com

www.burmeseclassic.com



## "သားသမီး သုံးမျိုး"

"ကြတိဝုတ်မှာ ဟောကာထားတဲ့၊ သားသမီးသုံးစား ဖော်ပြမယ်"

၁။ သီလသမာဓိ ပညာအားဖြင့်၊ မိဖများထက် မြတ်သူကွယ်။ (အတိဇာတ)

၂။ သီလသမာဓိ ပညာအားဖြင့်၊ မိဖများနဲ့ တူသူကွယ်။ (အနုဇာတ)

၃။ သီလသမာဓိ ပညာအားဖြင့်၊ မိဖများအောက် ယုတ်သူကွယ်။ (အဝဇာတ)

"မြတ်သူ, တူသူ သားနှစ်စားကို၊ ပညာရှိများ လိုလားတယ်။

သားယုတ်ဆိုရင် မျိုးဂုဏ်ပျက်လို့၊ ဘယ်သူနှစ်သက် နိုင်ပါ့မယ်။

သားယုတ်အနေ အမှန်လွတ်အောင်၊ ဆိုင်ရာကျင့်ဝတ် ကျင့်ကြကွယ်။

ကျင့်ကွယ်. . . ကျင့်ကွယ်။"

*

www.burmeseclassic.com

www.burmeseclassic.com


## "သားသမီးကျင့်ရာ ဝတ်ငါးဖြာ"

"သားသမီးကျင့်ရာ ငါးဖြာဝတ်ကို၊ အကုန်မလွတ် ကျင့်ရမယ်"

၁။ ကျေးဇူးကြီးသူ မိဖများကို၊ ပြန်လည်လေးစား လုပ်ကျွေးကွယ်။

၂။ မိဖပြုဘွယ် ကိစ္စများကို၊ မိဖကိုယ်စား ဆောင်ရွက်ကွယ်။

၃။ မိဖအမွေ ကျန်သမျှကို၊ ညီညီမျှမျှ ခံယူကွယ်။

၄။ မိဖသေသော် အလှူပြုလို့၊ မျှဝေသာဓု ခေါ်စေကွယ်။

၅။ မိဖမျိုးနွယ် စဉ်လာမပျက်အောင်၊ လိုလားနှစ်သက် စောင့်ရှောက်ကွယ်။

"ကျင့်ဝတ်ငါးဖြာ အဲဒါပဲကွဲ့၊ အသဲစွဲအောင် မှတ်ကြကွယ်။

မှတ်ကွယ် . . . မှတ်ကွယ်။"

*

www.burmeseclassic.com

www.burmeseclassic.com



## "ခိုနားစရာ အေးရိပ်သာ"

"ခိုနားစရာ ရိပ်သာများကို၊ သေချာခွဲခြား ဖော်ပြမယ်"

၁။ ပူအိုက်ချိန်မှာ သစ်ပင်ရိပ်က၊ ခိုနားအိပ်ဖို့ ကောင်းပါတယ်။

၂။ အုပ်ထိန်းခံချိန် မိဖရိပ်နဲ့၊ ဆွေညာရိပ်လဲ အေးလှတယ်။

၃။ ပညာရှာချိန် ဆရာ့ရိပ်က၊ သာလွန်ငြိမ်ဆိတ် အေးမြတယ်။

၄။ ဉစ္စာရှာချိန် မင်းစိုးရိပ်က၊ သာလွန်ငြိမ်ဆိတ် ပိုအေးတယ်။

၅။ တရားရှာချိန် ဘုရားရိပ်က၊ အားလုံးရိပ်ထက် အေးဆုံးကွယ်။

"ဘယ်ချိန်ဘယ်ခါ ဘယ်အရိပ်မှာ၊ ခိုနားအိပ်သင့် ရွေးရမယ်။

ရွေးကွယ်. . . ရွေးကွယ်။"

*

www.burmeseclassic.com

www.burmeseclassic.com



## "ဆရာရိုက်တာ ခွင့်လွှတ်ပါ"

၁။ အိုးလုပ်သူဟာ အိုးကိုရိုက်လဲ၊ ခွဲဖို့ရိုက်ခြင်း မဟုတ်ပါ။

၂။ တပည့်မိုက်ကို ဆရာရိုက်လဲ၊ မုန်းလို့ရိုက်ခြင်း မဟုတ်ပါ။

၃။ လိမ္မာစေလို ရိုက်တာများကို၊ ခွင့်လွှတ်စိတ်ထား မွေးကြပါ။

✳

## "စည်းစိမ်ပျက်ရာ ကြောင်းခြောက်ဖြာ"

"စည်းစိမ်ပျက်ရာ ခြောက်ဖြာအကြောင်းကို၊ မောင်မယ်အပေါင်း မှတ်သင့်တယ်"

၁။ သောက်စားကြူးရင် စည်းစိမ်ပျက်ဖို့၊ အကြောင်းတစ်ချက် ဖြစ်ပါတယ်။

၂။ အခါမဲ့လည်ရင် စည်းစိမ်ပျက်ဖို့၊ အကြောင်းတစ်ချက် ဖြစ်ပါတယ်။

၃။ ပျော်ပွဲကြူးရင် စည်းစိမ်ပျက်ဖို့၊ အကြောင်းတစ်ချက် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၄။ လောင်းကစားကြူးရင် စည်းစိမ်ပျက်ဖို့၊ အကြောင်းတစ်ချက် ဖြစ်ပါတယ်။

၅။ အပေါင်းအသင်းမှားရင် စည်းစိမ်ပျက်ဖို့၊ အကြောင်းတစ်ချက် ဖြစ်ပါတယ်။

၆။ ပျင်းရိလွန်းရင် စည်းစိမ်ပျက်ဖို့၊ အကြောင်းတစ်ချက် ဖြစ်ပါတယ်။

"သိင်္ဂါလခေါ် သတို့သားကို၊ မြတ်ဘုရားက ဟောခဲ့တယ်။

မှတ်ကွယ်. ... မှတ်ကွယ်။"

✳

"သွားလာတဲ့အခါ ကျင့်ဆောင်ရာ"

ဒုက္ခရောက်သူ လမ်းမှာတွေ့ရင်၊ တတ်အားသရွေ့ ကူညီကွယ်။

အသက်ကြီးသူ ရင်ဆိုင်တွေ့တော့၊ ငုံ့ရှောင်ကွေ့လို့ လမ်းဖယ်ကွယ်။

ရဟန်းသံဃာ လမ်းမှာတွေ့လဲ၊ အရိပ်ရှောင်ကွေ့ ရိုသေကွယ်။

မိဖဆရာနား ဖြတ်သန်းသွားတော့၊ ခေါင်းငုံ့ခါးညွတ် သွားပါကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျောင်းကန် ဝင်ရောက်သွားရင်၊ စီးထားဖိနပ် ချွတ်ကြကွယ်။

ထီးပါပိတ်ရင် ပိုလို့ကောင်းပေ့၊ ရိုသေပြုကြောင်း တစ်မျိုးကွယ်။

မိဖရိုးရာ စဉ်လာကောင်းကို၊ မောင်မယ်အပေါင်း ဆက်ထိန်းကွယ်။

ထိန်းကွယ်. . . ထိန်းကွယ်။

*

## "ပဉ္စာနန္တရိယ ကံကြီးငါးပါး"

"ကံကြီးငါးဖြာ သေချာမှတ်ဖို့၊ ကဗျာစပ်လို့ ဆိုစို့လေ"

၁၊ ၂၊ ၃-မိဖ၊ ရဟန္တာ မညှာသတ်လို့၊ ၄-ရှင်မြတ်ကိုတဲ့ သွေးယိုစေ။

၅-ခွဲလေသံဃာ ငါးဖြာမှတ်ကွဲ့၊ ငရဲရပ်တဲ့ ပို့တတ်ပေ။

မှတ်လေ. . . မှတ်လေ။

*

www.burmeseclassic.com

www.burmeseclassic.com


## "မြတ်ဘုရား"

"မြတ်ဘုရားဆိုတာ သေချာမှတ်ဖို့၊ ကဗျာစပ်လို့ ဆိုကြမယ်"

၁။ ကိလေသာတွေ အကုန်သတ်လို့၊ အရဟတ္တမဂ် ခေါ်ပါတယ်။

၂။ သိစရာတွေ အကုန်သိက၊ သဗ္ဗညုတ ဉာဏ်ဖြစ်တယ်။

နှစ်ပါးဉာဏ်တော် ပိုင်ဆိုင်ထားတော့၊ "မြတ်ဘုရား" ပေါ့ ခေါ်ကြတယ်။

မှတ်ကွယ်. . . မှတ်ကွယ်။

*

## "ဘုရားဂုဏ်တော် ၉-ပါး"

"ဘုရားဂုဏ်တော် သေချာမှတ်ဖို့၊ ကဗျာစပ်လို့ ဆိုကြမယ်"

၁။ ပြဟ္မာနတ်လူ ပူဇော်အပ်တဲ့၊ ဂုဏ်တော်မြတ်နဲ့ ပြည့်စုံတယ်။ (အရဟံ)

၂။ တရားအလုံးစုံ ကိုယ်တိုင်သိလို့၊ ဆရာမရှိသူ ဖြစ်ပါတယ်။ (သမ္မာသမ္ဗုဒ္ဓေါ)

www.burmeseclassic.com

www.burmeseclassic.com



၃။ သုံး, ရှစ်, ဝိဇ္ဇာ စရဏာများ၊ ဆဲ့ငါးပါးနဲ့ ပြည့်စုံတယ်။ (ဝိဇ္ဇာစရဏသမ္ပန္နော)

၄။ ကောင်းတဲ့စကားကို မိန့်ဆိုတတ်လို့၊ နိဗ္ဗာန်မြတ်သို့ ကြွသွားတယ်။ (သုဂတော)

၅။ သတ္တ, သင်္ခါ, ဩကာသတဲ့၊ လောကသုံးပါး ခွဲသိတယ်။ (လောကဝိဒူ)

၆။ မယဉ်ကျေးသူ ယဉ်အောင်ပြုတဲ့၊ ဆုံးမမှုဌ် သာလွန်တယ်။ (အနုတ္တရောပုရိသဒမ္မသာရထိ)

၇။ လူနတ်ပြဟ္မာ သတ္တဝါများရဲ့၊ ဆရာတစ်ပါး ဖြစ်ပါတယ်။ (သတ္ထာဒေဝမနုဿာနံ)

၈။ လေးပါးသစ္စာ ခွဲခြားသိတဲ့၊ ဉာဏ်မြင်ရှိသူ ဖြစ်ပါတယ်။ (ဗုဒ္ဓေါ)

၉။ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်မြတ်နဲ့၊ အကုန်မလပ် ပြည့်စုံတယ်။ (ဘဂဝါ)

"ကိုးပါးဂုဏ်တော် အဲဒါပဲကွဲ့၊ အသဲစွဲအောင် မှတ်ကြကွယ်"

မှတ်ကွယ် . . . မှတ်ကွယ်။

*

www.burmeseclassic.com

www.burmeseclassic.com



# "ဘုရားဝါဒ ဝိဘဇ္ဇ"

"ဘုရားအယူ သေချာမှတ်ဖို့၊ ကဗျာစပ်လို့ ဆိုစို့ကွယ်"

၁။ ဖြစ်ပျက်ရုပ်နာမ် သခ်ါရဟာ၊ ဒုက္ခသစ္စာ ဖြစ်ပါတယ်။

၂။ ရုပ်နာမ်ကိုပင် ခင်မင်မှုက၊ သမုဒယသစ္စာ ဖြစ်ပါတယ်။

၃။ နှစ်ဖြာရုပ်နာမ် ဖြစ်ပျက်သုဉ်းလို့၊ ချုပ်ဆုံးရာက နိရောဓကွယ်။

၄။ ချုပ်ဆုံးရာကို ဝင်ရောက်သွားတဲ့၊ ဉာဏ်မြင်တရားက မဂ်ဖြစ်တယ်။

"လေးပါးသစ္စာ ခွဲကာပြလို့၊ 'ဝိဘဇ္ဇ' ဝါဒ ခေါ်ပါတယ်။

ဘုရားအယူ အဲဒါပဲကွဲ့၊ အသဲစွဲအောင် မှတ်ကြကွယ်။

မှတ်ကွယ်. . . မှတ်ကွယ်။

*

www.burmeseclassic.com

www.burmeseclassic.com



## "တရားဂုဏ်တော် ၆-ပါး"

"တရားဂုဏ်တော် သေချာမှတ်ဖို့၊ ကဗျာစပ်လို့ ဆိုစို့ကွယ်"

၁။ ဘုရားကောင်းစွာ ဟောညွှန်အပ်လို့၊ အမှန်မြတ်တဲ့ ဂုဏ်ရှိတယ်။ (သွာက္ခာတော)

၂။ ကိုယ်တိုင်ကျင့်ရင် ကိုယ်သိရလို့၊ သန္ဒိဋ္ဌိက ဂုဏ်ရှိတယ်။ (သန္ဒိဋ္ဌိကော)

၃။ ချက်ချင်းအမြန် အကျိုးရလို့၊ အကာလိက ဂုဏ်ရှိတယ်။ (အကာလိကော)

၄။ လာပါကျင့်ပါ ဖိတ်ခေါ်အပ်လို့၊ အမှန်မြတ်တဲ့ ဂုဏ်ရှိတယ်။ (ဧဟိပဿိကော)

၅။ ကိုယ်နဲ့စိတ်မှာ မြဲဆောင်အပ်လို့၊ အမှန်မြတ်တဲ့ ဂုဏ်ရှိတယ်။ (ဩပနေယျိကော)

၆။ အရိယာဆို ကိုယ်စီသိလို့၊ ခံစားအပ်သည့် ဂုဏ်ရှိတယ်။ (ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ)

"၆-ပါးဂုဏ်တော် အဲဒါပဲကွဲ့၊ အသဲစွဲအောင် မှတ်ကြကွယ်။

မှတ်ကွယ်. . . မှတ်ကွယ်။

*

www.burmeseclassic.com

www.burmeseclassic.com


## "သံယာ့ဂုဏ်တော် ၉-ပါး"

"သံယာ့ဂုဏ်တော် သေချာမှတ်ဖို့၊ ကဗျာစပ်လို့ ဖော်ပြမယ်"

၁။ ကောင်းမွန်မှန်စွာ အကျင့်မြတ်ကို၊ ကျင့်ကြံတတ်တဲ့ ဂုဏ်ရှိတယ်။ (သုပ္ပဋိပန္နော)

၂။ ဖြောင့်မတ်မှန်စွာ အကျင့်မြတ်ကို၊ ကျင့်ကြံတတ်တဲ့ ဂုဏ်ရှိတယ်။ (ဥဇုပ္ပဋိပန္နော)

၃။ နိဗ္ဗာန်ရောက်ရန် အကျင့်မြတ်ကို၊ ကျင့်ကြံတတ်တဲ့ ဂုဏ်ရှိတယ်။ (ဉာယပ္ပဋိပန္နော

၄။ ရိုသေထိုက်အောင် အကျင့်မြတ်ကို၊ ကျင့်ကြံတတ်တဲ့ ဂုဏ်ရှိတယ်။ (သာမီစိပ္ပဋိပန္နော)

၅။ အဝေးကယူလာ ပစ္စည်းများကို၊ ခံယူစားအပ် ဂုဏ်ရှိတယ်။ (အာဟုနေယျော)

၆။ ဧည့်သည်ဖို့နော် ထားတာများကို၊ ခံယူစားအပ် ဂုဏ်ရှိတယ်။ (ပါဟုနေယျော)

၇။ နောင်အကျိုးကို မျှော်ကာပြုတဲ့၊ ကောင်းမှုခံထိုက် ဂုဏ်ရှိတယ်။ (ဒက္ခိဏေယျော)

www.burmeseclassic.com

www.burmeseclassic.com



၈။ လက်အုပ်ချီကာ ရှိခိုးအပ်ဖို့၊ ကျင့်ကြံတတ်တဲ့ ဂုဏ်ရှိတယ်။ (အဉ္ဇလိကရဏီယော)

၉။ ကောင်းမှုစိုက်ရာ မြေယာကောင်းလို့၊ နှိုင်းရင်တူကြောင်း ဂုဏ်ရှိတယ်။
(အနုတ္တရံ ပုညက္ခေတ္တံ လောကဿ)

"၉-ပါးဂုဏ်တော် အဲဒါပဲကွဲ့၊ အသဲစွဲအောင် မှတ်ကြကွယ်၊
မှတ်ကွယ်. . . မှတ်ကွယ်။"

✳

**"ဒါန"**

"ကိုယ့်ပစ္စည်းကို ပေးစွန့်ကြတော့၊ ဒါနလို့ပဲ ခေါ်ရတယ်"
ကံအကျိုးကို ယုံကြည်ပြုမှု၊ အကျိုးပေးမှု ဖြစ်နိုင်တယ်။
လူနတ်ချမ်းသာ တိုက်ရိုက်ရလို့၊ နိဗ္ဗာန်ကျအောင် ထောက်ပံ့တယ်။

✳

www.burmeseclassic.com

www.burmeseclassic.com



## "သုံးပါးသရဏဂုံ"

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၃။ သံဃံ သရဏံ ဂစ္ဆာမိ။

"ဆည်းကပ်စရာ ရတနာများမှာ၊ သုံးမျိုးသုံးစား ဖြစ်ပါတယ်"

၁။ ဘုရားဂုဏ်တော် စိတ်မှာစွဲလို့၊ အစဉ်အမြဲ ဆည်းကပ်မယ်။

၂။ တရားဂုဏ်တော် စိတ်မှာစွဲလို့၊ အစဉ်အမြဲ ဆည်းကပ်မယ်။

၃။ သံဃာ့ဂုဏ်တော် စိတ်မှာစွဲလို့၊ အစဉ်အမြဲ ဆည်းကပ်မယ်။

"ဤသုံးပါးကို ဆည်းကပ်မြဲတော့၊ နတ်ပြည်မလွဲ ရောက်နိုင်တယ်"

*

www.burmeseclassic.com

www.burmeseclassic.com



## "ငါးပါးသီလ မြဲသင့်လှ"

"ကိုယ်နဲ့နှုတ်ကို ထိန်းချုပ်ပြုတော့၊ သီလစောင့်မှု ခေါ်နိုင်တယ်"

"သီလငါးဖြာ အကျင့်မြတ်ကို၊ မောင်မယ်မှတ်ဖို့ ဖော်ပြမယ်"

၁။ သူ့အသက်ကို သတ်ဖြတ်ခြင်းမှ၊ အမြဲကင်းအောင် ရှောင်ကြဉ်မယ်။

၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ၊ အမြဲကင်းအောင် ရှောင်ကြဉ်မယ်။

၃။ သူ့သားမယားကို ကျူးလွန်ခြင်းမှ၊ အမြဲကင်းအောင် ရှောင်ကြဉ်မယ်။

၄။ လိမ်ညာစကားကို ပြောဆိုခြင်းမှ၊ အမြဲကင်းအောင် ရှောင်ကြဉ်မယ်။

၅။ အရက်သေစာ သောက်စားခြင်းမှ၊ အမြဲကင်းအောင် ရှောင်ကြဉ်မယ်။

"သီလငါးဖြာ အစဉ်မြဲတော့၊ အပါယ်ငရဲ ရောက်ဘူး-ရောက်ဘူးကွယ်"

*

www.burmeseclassic.com

www.burmeseclassic.com



## "ဇနီးမောင်နှံ ပြန်ဆုံရန်"

"ဇနီးမောင်နှံ တူစုံနွဲလို့၊ ဘဝတိုင်ပဲ တွဲဖို့ကွယ်"

"သမဇီဝိ သုတ်တရားကို၊ မြတ်ဘုရားက ဟောခဲ့တယ်"

၁။ သဒ္ဓါတူကာ

၂။ သီလမျှလို့

၃။ စွန့်ကြဲစာဂ ညီရတယ်၊

၄။ ဉာဏ်ပညာပါ တူညီကြမှ၊ ဖြစ်ရာဘဝ တွဲရမယ်။

"မိဖဟောင်းတော် နကုလများက၊ လျှောက်ထားကြလို့ ဟောပြတယ်၊

မှတ်ကွယ် . . . မှတ်ကွယ်"

*

www.burmeseclassic.com

www.burmeseclassic.com



"ကမ္မဋ္ဌာန်းနှစ်ဖြာ ကျင့်ဖွယ်ရာ"

၁။ သမထ

စိတ်တည်ငြိမ်အောင် အားထုတ်မှုကို၊ သမထဟု ခေါ်ပါတယ်။

ဈာန်ရအောင်ပင် သမထပွားတော့၊ ပြဟ္မာများလဲ ဖြစ်ရမယ်။

အယုတ်ဆုံးနေ့ လူနတ်ဖြစ်လို့၊ အမှန်အစစ် ပွားသင့်တယ်။

၂။ ဝိပဿနာ

အာရုံသိဟာ နာမ်ပါပဲကွဲ့၊ မသိတဲ့သဘော ရုပ်ခေါ်တယ်။

ဖြစ်ပျက်ရုပ်နာမ် သိအောင်မှတ်တော့၊ ဝိပဿနာ ဖြစ်ပါတယ်။

မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊ နိဗ္ဗာန်မမှား ရောက်ရမယ်။

အယုတ်ဆုံးနေ့ လူနတ်ဖြစ်လို့၊ အမှန်အစစ် ပွားသင့်တယ်။

"ကမ္မဋ္ဌာန်းဆိုင်ရာ ဤနှစ်ပါးကို၊ ကွဲကွဲပြားပြား မှတ်ကြကွယ်။

မှတ်ကွယ်. . . မှတ်ကွယ်။

www.burmeseclassic.com

www.burmeseclassic.com

မဟာစည်နိုင်ငံခြားသာသနာပြုစမ္မကထိက

**မြွန်တန်ဆာ အရှင်သုန္ဒရ (ဓမ္မာစရိယ - ဘီအေ)**

ရေးသားသော စာအုပ်များ

၁။ ဒုစရိုက်အပြစ်ဘေး ကင်းလွတ်ရေးတရားတော်

၂။ ကံနှင့်လူသား ပုံပြတရားတော်

၃။ လူ့ကျင့်ဝတ် ပုံပြတရားတော်

၄။ ဒိဋ္ဌိ-တဏှာ ပယ်ခွာရေးတရားတော်

၅။ အမြတ်ဆုံးစစ်သည်နှင့် **စကားစစ်ပွဲ တရားတော်**

၆။ ကုသိုလ်ပန်း ပုံပြတရားတော်

ပင်ရင်းဖြန့်ချိရေး

**သိရီရတနာစာပေတိုက်**

၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



## "ခိုနားစရာ အေးရိပ်သာ"

"ခိုနားစရာ ရိပ်သာများကို၊ သေချာခွဲခြား ဖော်ပြမယ်"

၁။ ပူအိုက်ချိန်မှာ သစ်ပင်ရိပ်က၊ ခိုနားအိပ်ဖို့ ကောင်းပါတယ်။

၂။ အုပ်ထိန်းခံချိန် မိဖရိပ်နဲ့၊ ဆွေညာရိပ်လဲ အေးလှတယ်။

၃။ ပညာရှာချိန် ဆရာ့ရိပ်က၊ သာလွန်ငြိမ်ဆိတ် အေးမြတယ်။

၄။ ဥစ္စာရှာချိန် မင်းစိုးရိပ်က၊ သာလွန်ငြိမ်ဆိတ် ပိုအေးတယ်။

၅။ တရားရှာချိန် ဘုရားရိပ်က၊ အားလုံးရိပ်ထက် အေးဆုံးကွယ်။

"ဘယ်ချိန်ဘယ်ခါ ဘယ်အရိပ်မှာ၊ ခိုနားအိပ်သင့် ရွေးရမယ်။

ရွေးကွယ်. . . ရွေးကွယ်။"

*

www.burmeseclassic.com

www.burmeseclassic.com



## "ဆရာရိုက်တာ ခွင့်လွှတ်ပါ"

၁။ အိုးလုပ်သူဟာ အိုးကိုရိုက်လဲ၊ ခွဲဖို့ရိုက်ခြင်း မဟုတ်ပါ။

၂။ တပည့်မိုက်ကို ဆရာရိုက်လဲ၊ မုန်းလို့ရိုက်ခြင်း မဟုတ်ပါ။

၃။ လိမ္မာစေလို ရိုက်တာများကို၊ ခွင့်လွှတ်စိတ်ထား မွေးကြပါ။

✳

## "စည်းစိမ်ပျက်ရာ ကြောင်းခြောက်ဖြာ"

"စည်းစိမ်ပျက်ရာ ခြောက်ဖြာအကြောင်းကို၊ မောင်မယ်အပေါင်း မှတ်သင့်တယ်"

၁။ သောက်စားကြူးရင် စည်းစိမ်ပျက်ဖို့၊ အကြောင်းတစ်ချက် ဖြစ်ပါတယ်။

၂။ အခါမဲ့လည်ရင် စည်းစိမ်ပျက်ဖို့၊ အကြောင်းတစ်ချက် ဖြစ်ပါတယ်။

၃။ ပျော်ပွဲကြူးရင် စည်းစိမ်ပျက်ဖို့၊ အကြောင်းတစ်ချက် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၄။ လောင်းကစားကြူးရင် စည်းစိမ်ပျက်ဖို့၊ အကြောင်းတစ်ချက် ဖြစ်ပါတယ်။

၅။ အပေါင်းအသင်းမှားရင် စည်းစိမ်ပျက်ဖို့၊ အကြောင်းတစ်ချက် ဖြစ်ပါတယ်။

၆။ ပျင်းရိလွန်းရင် စည်းစိမ်ပျက်ဖို့၊ အကြောင်းတစ်ချက် ဖြစ်ပါတယ်။

"သိင်္ဂါလခေါ် သတို့သားကို၊ မြတ်ဘုရားက ဟောခဲ့တယ်။

မှတ်ကွယ်. . . မှတ်ကွယ်။"

✳

## "သွားလာတဲ့အခါ ကျင့်ဆောင်ရာ"

ဒုက္ခရောက်သူ လမ်းမှာတွေ့ရင်၊ တတ်အားသရွေ့ ကူညီကွယ်။

အသက်ကြီးသူ ရင်ဆိုင်တွေ့တော့၊ ငုံ့ရှောင်ကွေ့လို့ လမ်းဖယ်ကွယ်။

ရဟန်းသံဃာ လမ်းမှာတွေ့လဲ၊ အရိပ်ရှောင်ကွေ့ ရိုသေကွယ်။

မိဖဆရာနား ဖြတ်သန်းသွားတော့၊ ခေါင်းငုံ့ခါးညွတ် သွားပါကွယ်။

www.burmeseclassic.com

ဘုရားကျောင်းကန် ဝင်ရောက်သွားရင်၊ စီးထားဖိနပ် ချွတ်ကြကွယ်။

ထီးပါပိတ်ရင် ပိုလို့ကောင်းပေ့၊ ရိုသေပြုကြောင်း တစ်မျိုးကွယ်။

မိဖရိုးရာ စဉ်လာကောင်းကို၊ မောင်မယ်အပေါင်း ဆက်ထိန်းကွယ်။

ထိန်းကွယ်. . . ထိန်းကွယ်။

✳

## "ပဉ္စာနန္တရိယ ကံကြီးငါးပါး"

"ကံကြီးငါးဖြာ သေချာမှတ်ဖို့၊ ကဗျာစပ်လို့ ဆိုစို့လေ"

၁၊ ၂၊ ၃-မိဖ၊ ရဟန္တာ မညှာသတ်လို့၊ ၄-ရှင်မြတ်ကိုတဲ့ သွေးယိုစေ။

၅-ခွဲလေသံဃာ ငါးဖြာမှတ်ကွဲ့၊ ငရဲရပ်တဲ့ ပို့တတ်ပေ။

မှတ်လေ. . . မှတ်လေ။

✳

www.burmeseclassic.com

www.burmeseclassic.com


## "မြတ်ဘုရား"

"မြတ်ဘုရားဆိုတာ သေချာမှတ်ဖို့၊ ကဗျာစပ်လို့ ဆိုကြမယ်"

၁။ ကိလေသာတွေ အကုန်သတ်လို့၊ အရဟတ္တမဂ် ခေါ်ပါတယ်။

၂။ သိစရာတွေ အကုန်သိက၊ သဗ္ဗညုတ ဉာဏ်ဖြစ်တယ်။

နှစ်ပါးဉာဏ်တော် ပိုင်ဆိုင်ထားတော့၊ "မြတ်ဘုရား" ပေါ့ ခေါ်ကြတယ်။

မှတ်ကွယ်. . . မှတ်ကွယ်။

✳

## "ဘုရားဂုဏ်တော် ၉-ပါး"

"ဘုရားဂုဏ်တော် သေချာမှတ်ဖို့၊ ကဗျာစပ်လို့ ဆိုကြမယ်"

၁။ ပြဟ္မာနတ်လူ ပူဇော်အပ်တဲ့၊ ဂုဏ်တော်မြတ်နဲ့ ပြည့်စုံတယ်။ (အရဟံ)

၂။ တရားအလုံးစုံ ကိုယ်တိုင်သိလို့၊ ဆရာမရှိသူ ဖြစ်ပါတယ်။ (သမ္မာသမ္ဗုဒ္ဓေါ)

www.burmeseclassic.com

www.burmeseclassic.com



၃။ သုံး, ရှစ်, ဝိဇ္ဇာ စရဏာများ၊ ဆဲ့ငါးပါးနဲ့ ပြည့်စုံတယ်။ (ဝိဇ္ဇာစရဏသမ္ပန္နော)

၄။ ကောင်းတဲ့စကားကို မိန့်ဆိုတတ်လို့၊ နိဗ္ဗာန်မြတ်သို့ ကြွသွားတယ်။ (သုဂတော)

၅။ သတ္တ, သင်္ခါ, ဩကာသတဲ့၊ လောကသုံးပါး ခွဲသိတယ်။ (လောကဝိဒူ)

၆။ မယဉ်ကျေးသူ ယဉ်အောင်ပြုတဲ့၊ ဆုံးမမှု၌ သာလွန်တယ်။ (အနုတ္တရောပုရိသဒမ္မသာရထိ)

၇။ လူနတ်ပြဟ္မာ သတ္တဝါများရဲ့၊ ဆရာတစ်ပါး ဖြစ်ပါတယ်။ (သတ္ထာဒေဝမနုဿာနံ)

၈။ လေးပါးသစ္စာ ခွဲခြားသိတဲ့၊ ဉာဏ်မြင်ရှိသူ ဖြစ်ပါတယ်။ (ဗုဒ္ဓေါ)

၉။ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်မြတ်နဲ့၊ အကုန်မလပ် ပြည့်စုံတယ်။ (ဘဂဝါ)

"ကိုးပါးဂုဏ်တော် အဲဒါပဲကွဲ့၊ အသဲစွဲအောင် မှတ်ကြကွယ်"

မှတ်ကွယ်. . . မှတ်ကွယ်။

*

www.burmeseclassic.com

www.burmeseclassic.com



## "ဘုရားဝါဒ ဝိဘဇ္ဇ"

"ဘုရားအယူ သေချာမှတ်ဖို့၊ ကဗျာစပ်လို့ ဆိုစို့ကွယ်"

၁။ ဖြစ်ပျက်ရုပ်နာမ် သင်္ခါရဟာ၊ ဒုက္ခသစ္စာ ဖြစ်ပါတယ်။

၂။ ရုပ်နာမ်ကိုပင် ခင်မင်မှုက၊ သမုဒယသစ္စာ ဖြစ်ပါတယ်။

၃။ နှစ်ဖြာရုပ်နာမ် ဖြစ်ပျက်သုဉ်းလို့၊ ချုပ်ဆုံးရာက နိရောဓကွယ်။

၄။ ချုပ်ဆုံးရာကို ဝင်ရောက်သွားတဲ့၊ ဉာဏ်မြင်တရားက မဂ်ဖြစ်တယ်။

"လေးပါးသစ္စာ ခွဲကာပြလို့၊ 'ဝိဘဇ္ဇ' ဝါဒ ခေါ်ပါတယ်။

ဘုရားအယူ အဲဒါပဲကွဲ့၊ အသဲစွဲအောင် မှတ်ကြကွယ်။

မှတ်ကွယ်. . . မှတ်ကွယ်။

*

www.burmeseclassic.com

www.burmeseclassic.com



## "တရားဂုဏ်တော် ၆-ပါး"

"တရားဂုဏ်တော် သေချာမှတ်ဖို့၊ ကဗျာစပ်လို့ ဆိုစို့ကွယ်"

၁။ ဘုရားကောင်းစွာ ဟောညွှန်အပ်လို့၊ အမှန်မြတ်တဲ့ ဂုဏ်ရှိတယ်။ (သွာက္ခာတော)

၂။ ကိုယ်တိုင်ကျင့်ရင် ကိုယ်သိရလို့၊ သန္ဒိဋ္ဌိက ဂုဏ်ရှိတယ်။ (သန္ဒိဋ္ဌိကော)

၃။ ချက်ချင်းအမြန် အကျိုးရလို့၊ အကာလိက ဂုဏ်ရှိတယ်။ (အကာလိကော)

၄။ လာပါကျင့်ပါ ဖိတ်ခေါ်အပ်လို့၊ အမှန်မြတ်တဲ့ ဂုဏ်ရှိတယ်။ (ဧဟိပဿိကော)

၅။ ကိုယ်နဲ့စိတ်မှာ မြဲဆောင်အပ်လို့၊ အမှန်မြတ်တဲ့ ဂုဏ်ရှိတယ်။ (ဩပနေယျိကော)

၆။ အရိယာဆို ကိုယ်စီသိလို့၊ ခံစားအပ်သည့် ဂုဏ်ရှိတယ်။ (ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ)

"၆-ပါးဂုဏ်တော် အဲဒါပဲကွဲ့၊ အသဲစွဲအောင် မှတ်ကြကွယ်။

မှတ်ကွယ်. . . မှတ်ကွယ်။

*

www.burmeseclassic.com

www.burmeseclassic.com


## "သံဃာ့ဂုဏ်တော် ၉-ပါး"

"သံဃာ့ဂုဏ်တော် သေချာမှတ်ဖို့၊ ကဗျာစပ်လို့ ဖော်ပြမယ်"

၁။ ကောင်းမွန်မှန်စွာ အကျင့်မြတ်ကို၊ ကျင့်ကြံတတ်တဲ့ ဂုဏ်ရှိတယ်။ (သုပ္ပဋိပန္နော)

၂။ ဖြောင့်မတ်မှန်စွာ အကျင့်မြတ်ကို၊ ကျင့်ကြံတတ်တဲ့ ဂုဏ်ရှိတယ်။ (ဥဇုပ္ပဋိပန္နော)

၃။ နိဗ္ဗာန်ရောက်ရန် အကျင့်မြတ်ကို၊ ကျင့်ကြံတတ်တဲ့ ဂုဏ်ရှိတယ်။ (ဉာယပ္ပဋိပန္နော

၄။ ရိုသေထိုက်အောင် အကျင့်မြတ်ကို၊ ကျင့်ကြံတတ်တဲ့ ဂုဏ်ရှိတယ်။ (သာမီစိပ္ပဋိပန္နော)

၅။ အဝေးကယူလာ ပစ္စည်းများကို၊ ခံယူစားအပ် ဂုဏ်ရှိတယ်။ (အာဟုနေယျော)

၆။ ညှေ့သည်ဖို့နော် ထားတာများကို၊ ခံယူစားအပ် ဂုဏ်ရှိတယ်။ (ပါဟုနေယျော)

၇။ နောင်အကျိုးကို မျှော်ကာပြုတဲ့၊ ကောင်းမှုခံထိုက် ဂုဏ်ရှိတယ်။ (ဒက္ခိဏေယျော)

www.burmeseclassic.com

www.burmeseclassic.com



၈။ လက်အုပ်ချီကာ ရှိခိုးအပ်ဖို့၊ ကျင့်ကြံတတ်တဲ့ ဂုဏ်ရှိတယ်။ (အဥ္စလိကရဏီယော)

၉။ ကောင်းမှုစိုက်ရာ မြေယာကောင်းလို့၊ နှိုင်းရင်တူကြောင်း ဂုဏ်ရှိတယ်။
(အနုတ္တရံ ပုညက္ခေတ္တံ လောကဿ)

"၉-ပါးဂုဏ်တော် အဲဒါပဲကွဲ့၊ အသဲစွဲအောင် မှတ်ကြကွယ်၊
မှတ်ကွယ်. . . မှတ်ကွယ်။"

*

**"ဒါန"**

"ကိုယ့်ပစ္စည်းကို ပေးစွန့်ကြဲတော့၊ ဒါနလို့ပဲ ခေါ်ရတယ်"
ကံအကျိုးကို ယုံကြည်ပြုမူ၊ အကျိုးပေးမှု ဖြစ်နိုင်တယ်။
လှူနတ်ချမ်းသာ တိုက်ရိုက်ရလို့၊ နိဗ္ဗာန်ကျအောင် ထောက်ပံ့တယ်။

*

www.burmeseclassic.com

www.burmeseclassic.com



## "သုံးပါးသရဏဂုံ"

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၃။ သံဃံ သရဏံ ဂစ္ဆာမိ။

"ဆည်းကပ်စရာ ရတနာများမှာ၊ သုံးမျိုးသုံးစား ဖြစ်ပါတယ်"

၁။ ဘုရားဂုဏ်တော် စိတ်မှာစွဲလို့၊ အစဉ်အမြဲ ဆည်းကပ်မယ်။

၂။ တရားဂုဏ်တော် စိတ်မှာစွဲလို့၊ အစဉ်အမြဲ ဆည်းကပ်မယ်။

၃။ သံဃာ့ဂုဏ်တော် စိတ်မှာစွဲလို့၊ အစဉ်အမြဲ ဆည်းကပ်မယ်။

"ဤသုံးပါးကို ဆည်းကပ်မြဲတော့၊ နတ်ပြည်မလွဲ ရောက်နိုင်တယ်"

✳

www.burmeseclassic.com

www.burmeseclassic.com



## "ငါးပါးသီလ မြဲသင့်လှ"

"ကိုယ်နဲ့နှုတ်ကို ထိန်းချုပ်ပြုတော့၊ သီလစောင့်မှု ခေါ်နိုင်တယ်"

"သီလငါးဖြာ အကျင့်မြတ်ကို၊ မောင်မယ်မှတ်ဖို့ ဖော်ပြမယ်"

၁။ သူ့အသက်ကို သတ်ဖြတ်ခြင်းမှ၊ အမြဲကင်းအောင် ရှောင်ကြဉ်မယ်။

၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ၊ အမြဲကင်းအောင် ရှောင်ကြဉ်မယ်။

၃။ သူ့သားမယားကို ကျူးလွန်ခြင်းမှ၊ အမြဲကင်းအောင် ရှောင်ကြဉ်မယ်။

၄။ လိမ်ညာစကားကို ပြောဆိုခြင်းမှ၊ အမြဲကင်းအောင် ရှောင်ကြဉ်မယ်။

၅။ အရက်သေစာ သောက်စားခြင်းမှ၊ အမြဲကင်းအောင် ရှောင်ကြဉ်မယ်။

"သီလငါးဖြာ အစဉ်မြဲတော့၊ အပါယ်ငရဲ ရောက်ဘူး-ရောက်ဘူးကွယ်"

*

www.burmeseclassic.com

www.burmeseclassic.com



## "ဇနီးမောင်နှံ ပြန်ဆုံရန်"

"ဇနီးမောင်နှံ တူစုံနွဲလို့၊ ဘ၀တိုင်ပဲ တွဲဖို့ကွယ်"

"သမဇီဝီ သုတ်တရားကို၊ မြတ်ဘုရားက ဟောခဲ့တယ်"

၁။ သဒ္ဓါတူကာ

၂။ သီလမျှလို့

၃။ စွန့်ကြဲစာဂ ညီရတယ်၊

၄။ ဉာဏ်ပညာပါ တူညီကြမှ၊ ဖြစ်ရာဘ၀ တွဲရမယ်။

"မိဖဟောင်းတော် နကုလများက၊ လျှောက်ထားကြလို့ ဟောပြတယ်၊

မှတ်ကွယ် . . . မှတ်ကွယ်"

*

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## "ကမ္မဋ္ဌာန်းနှစ်ဖြာ ကျင့်ဖွယ်ရာ"

၁။ **သမထ**

စိတ်တည်ငြိမ်အောင် အားထုတ်မှုကို၊ သမထဟု ခေါ်ပါတယ်။

ဈာန်ရအောင်ပင် သမထပွားတော့၊ ပြဟ္မာများလဲ ဖြစ်ရမယ်။

အယုတ်ဆုံးနော် လူနတ်ဖြစ်လို့၊ အမှန်အစစ် ပွားသင့်တယ်။

၂။ **ဝိပဿနာ**

အာရုံသိဟာ နာမ်ပါပဲကွဲ့၊ မသိတဲ့သဘော ရုပ်ခေါ်တယ်။

ဖြစ်ပျက်ရုပ်နာမ် သိအောင်မှတ်တော့၊ ဝိပဿနာ ဖြစ်ပါတယ်။

မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊ နိဗ္ဗာန်မမှား ရောက်ရမယ်။

အယုတ်ဆုံးနော် လူနတ်ဖြစ်လို့၊ အမှန်အစစ် ပွားသင့်တယ်။

"ကမ္မဋ္ဌာန်းဆိုင်ရာ ဤနှစ်ပါးကို၊ ကွဲကွဲပြားပြား မှတ်ကြကွယ်။

မှတ်ကွယ်. . . မှတ်ကွယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မဟာစည်နိုင်ငံခြားသာသနာပြုစမွကထိက

**မြွန်တန်ဆာ အရှင်သုန္ဒရ (ဓမ္မာစရိယ - ဘီအေ)**

ရေးသားသော စာအုပ်များ

၁။ ဒုစရိုက်အပြစ်ဘေး ကင်းလွတ်ရေးတရားတော်

၂။ ကံနှင့်လူသား ပုံပြတရားတော်

၃။ လူ့ကျင့်ဝတ် ပုံပြတရားတော်

၄။ ဒိဋ္ဌိ-တဏှာ ပယ်ခွာရေးတရားတော်

၅။ အမြတ်ဆုံးစစ်သည်နှင့် စကားစစ်ပွဲ တရားတော်

၆။ ကုသိုလ်ပန်း ပုံပြတရားတော်

ပင်ရင်းဖြန့်ချိရေး

**သီရိရတနာစာပေတိုက်**

၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com